မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၂၆၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် ၂၀၁၄ ခုနှစ်၊ ဇွန် ၂၃ ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လူဇင်ဘတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၂၃

၂၀၁၄ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သော လူဇင်ဘတ်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လူဇင်ဘတ်မြို့စား မင်းသားအွန်နရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၇ ကော်လံ ၅ ✳

ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းတို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်

ပျူမြို့ဟောင်းသုံးမြို့သည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော်က စတင်ဖွံ့ဖြိုးခဲ့သည့် မြန်မာနိုင်ငံ၏အစောဆုံးမြို့ပြများဖြစ်

နေပြည်တော် ဇွန် ၂၂

မြန်မာနိုင်ငံ ပျူရှေးဟောင်းသုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယနေ့တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေး 38 th Session of the World Heritage Committee (Doha 2014) က အတည်ပြုသတ်မှတ်လိုက်ကြောင်း သိရသည်။

၎င်းကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရမှုသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ်ကမ္ဘာ့အဆင့် သတ်မှတ်ခံရမှုဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားစွာတည်ရှိမှုကို ကမ္ဘာ ကလက်ခံပြီး ထိန်းသိမ်းစောင့်ရှောက်မှုကို ကမ္ဘာ့အဆင့်သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ် အောက်တိုဘာ ၄ ရက်က ပျူမြို့ဟောင်းသုံးမြို့၊ မြောက်ဦး၊ ပြဒါးလင်းဂူ၊ အင်းလေးကန်၊ မင်းကွန်းဒေသ၊ မန္တလေး၊ အင်းဝ၊ ဟံသာဝတီဟူသည့် ရှေးဟောင်းနေရာဒေသ ရှစ်ခုအား အဆိုပြုအမွေအနှစ်အဖြစ် တင်သွင်းခဲ့သည်။

အဆိုပါ အဆိုပြုအမွေအနှစ် ရှစ်ခုအနက် မြို့ပြယဉ်ကျေးမှု အစောဆုံးထွန်းကားခဲ့ခြင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာ အစောဆုံးထွန်းကားခဲ့သည့် ရှေးမြို့ဟောင်းအဖြစ် ထင်ရှားစွာ စာမျက်နှာ ၉ ကော်လံ ၅ ✳

ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပလျက်ရှိသည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံ။ (သတင်းစဉ်)

ဟန်လင်းမြို့ဟောင်းတူးဖော်ထားရှိမှု။

မြန်မာ့ဆန်နှင့် ဆန်ကွဲများ ပြည်ပသို့ ပိုမိုတင်ပို့

သတင်း-ဝေယံဦး

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲတင်ပို့မှုသည် ယခုနှစ် ဧပြီ ၁ ရက်မှ ဇွန်လပထမပတ်အထိ တန်ချိန် ၂၁၃၄၈၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ထိုသို့ ပြည်ပတင်ပို့မှုသည် ယခင်နှစ်အလားတူကာလကထက် တန်ချိန် ၃၉၆၇၀ ပိုမိုခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်သော သတင်းအချက်အလက်များတွင် ဖော်ပြသည်။

မြန်မာနိုင်ငံမှ အရည်အသွေးမြင့်ဆန်များကို ဥရောပနှင့် ဂျပန်နိုင်ငံများကလည်းဝယ်ယူရန်ရှိနေရာ အရည်အသွေးကောင်းမွန်သောဆန်များထွက်ရှိရေး ကြိုးစားရန်လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံမှ ဆန်ထုတ်လုပ်မှုသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကာလအတွင်း ဆန်တန်ချိန် ၁၂ ဒသမ ၇ သန်းခန့် ထုတ်လုပ်ခဲ့ကြောင်း ယူအက်စ်ဒီအေပို့စ်၌ ဖော်ပြထားသည်။

ထိုသို့ဆန်တင်ပို့နိုင်မှုသည် ၂၀၁၂-၂၀၁၃ ကာလက ဆန်ထုတ်လုပ်မှုတန်ချိန် ၁၁ သန်းခန့် ထုတ်လုပ်နိုင်ခဲ့မှုနှင့် နှိုင်းယှဉ်လျှင် ၁၅ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်ဟုဆိုသည်။ လာမည့် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၁ ဒသမ ၃ သန်းခန့်ကို ပြည်ပသို့တင်ပို့နိုင်မည်ဟု ယူအက်စ်ဒီအေပို့စ်၌ ဆက်လက်ဖော်ပြထားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံတကာ

ဘရာဇီးသမ္မတပြန်လည်အရွေးခံမည် ပြည်သူများအိမ်ရာပိုင်ဆိုင်ရေး ရင်းနှီးမြှုပ်နှံရန်ကတိပြု

စာမျက်နှာ » ၄

ပြည်တွင်း

လှိုင်သာယာ-တွံတေး၊ မအူပင်ကားလမ်းဘေးရှိ ကျေးရွာများ မကြာမီ မီးလင်းတော့မည်

စာမျက်နှာ » ၁၀

အားကစား

၂၀၂၂ မှာလည်း အင်္ဂလန်ဖလားမရနိုင် ကျူပီအာနည်းပြ ရက်နက်ပြောကြား

စာမျက်နှာ » ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မကြာမီ ဇူလိုင်လသို့ ရောက်ရှိလာတော့မည်။ ဤကာလသည်ကား မြန်မာတို့၏ သစ်ပင်စိုက်ပျိုးရေးလဖြစ်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိုက်ပျိုးကြမည်။ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများပါမကျန် တစ်နိုင်ငံလုံးသစ်ပင်စိုက်ပျိုးရေးပွဲတော်များ ဆင်နွှဲကြလျက် တပျော်တပါးစိုက်ပျိုးကြမည်ဖြစ်ပါသည်။

သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းကာကွယ်ရေးစသောလုပ်ငန်းများသည် နှစ်စဉ်အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ သစ်တောသစ်ပင်များ ဖြစ်ထွန်းအောင် စိုက်ပျိုးမှုနှင့် ထုတ်ယူသုံးစွဲမှုအတိုင်းအတာပမာဏတို့ကို အချိုးကျတွက်ကြည့်လျှင် ထုတ်ယူသုံးစွဲမှုကများ၍ သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သစ်ပင်များရှင်သန် ဖြစ်ထွန်းအောင် စိုက်ပျိုးထိန်းသိမ်းနိုင်မှုမှာ အားနည်းလှသည်။ စိုက်ပျိုးပြီးသစ်ပင်များ အမှန်တကယ်ရှင်သန်ကြီးထွားအောင် စိုက်ပျိုးထိန်းသိမ်းနိုင်မှသာ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းသည် ထိရောက်အောင်မြင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့နိုင်ငံ၌ သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ရန် ထုတ်ယူမှုကို လျှော့ချပြီး စိုက်ပျိုးထိန်းသိမ်းမှုများပိုမိုပြုလုပ်သွားရန် အစီအမံများ ချမှတ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျွန်းသစ်တန်ချိန်ခြောက်သောင်းအထိ လျှော့ချထုတ်လုပ်သွားမည်ဖြစ်ပြီး ပြည်ပသို့သစ်အလုံးလိုက် တင်ပို့ခြင်းကိုလည်း ယခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ ပိတ်ပင်ရပ်ဆိုင်းထားပြီးဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် သစ်ပင်စိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကကဏ္ဍမှ သစ်တောစိုက်ခင်း ၂၇၄၃၇၅ ဧက၊ နိုင်ငံပိုင်ကဏ္ဍမှ သစ်တောစိုက်ခင်း ၁၃၀၈၀ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ ထို့အပြင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ် အပင် ၂၀ စိုက်ပျိုးရေးစီမံကိန်း၊ ကျေးလက်ထင်းစိုက်ခင်းများ ထူထောင်ရေးစီမံကိန်း အစရှိသဖြင့် သစ်ပင်စိုက်ပျိုးရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးသွားကြမည်ဖြစ်ပါသည်။

သစ်တောရတနာသည် လူသားတစ်ရပ်လုံးအတွက် အမှန်တကယ်တန်ဖိုးကြီးပါသည်။ သစ်တော သစ်ပင်များမှ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်ယူသုံးစွဲနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုမရှိအောင်လည်း ထိန်းညှိပေးနိုင်စွမ်းရှိပါသည်။ "ဥတုရာသီ တောကိုမှီ၏" ဟူသော ဆောင်ပုဒ်သည် ရာသီဥတုနှင့်သစ်တောသစ်ပင်များ တိုက်ရိုက်ဆက်စပ်နေသည်ကို သတိပေးထားခြင်း ဖြစ်ပါသည်။ သစ်တောများ ပြုန်းတီးပျက်စီးလာသည်နှင့်အမျှ ရာသီဥတုမှာလည်းဖောက်ပြန်လာမည် ဖြစ်ပါသည်။ မိုးခေါင်ခြင်း၊ရေကြီးခြင်းစသော သဘာဝဘေးအန္တရာယ်ဆိုးများနှင့် ရင်ဆိုင်ရတတ်ပါသည်။

သို့ပါ၍ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် တစ်ခဏတာ လုပ်ရမည့် ရေတိုအလုပ်မဟုတ်ပါ။ ဤသတ္တလောကကြီးတည်မြဲနေသမျှကာလပတ်လုံး လူတိုင်းလူတိုင်းက စိတ်ဝင်တစား လုပ်ကိုင်ဆောင်ရွက်သွားရမည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်ပါသည်။ ဤသို့သစ်ပင်စိုက်ပျိုးရေးနှင့် သစ်တောထိန်းသိမ်းရေးကို အမြဲမပြတ်စီမံဆောင်ရွက်ကြမည်ဆိုပါက "သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားတစ်ရပ်လုံးအတွက် ကောင်းကျိုးစီးပွားများတိုးပွားလာမည် ဖြစ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

တောင်သူ ၉၀၀၀ ကျော်အတွက် ဘဏ်ချေးငွေကျပ်သိန်း ၂၄၀၀၀ ထုတ်ချေးပေး

ယင်းမာပင် ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ မြို့နယ်အတွင်း မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု (၄၆)အုပ်စုရှိ ကျေးရွာ ၁၆၃ ရွာတို့မှ တောင်သူပေါင်း ၉၀၀၀ ကျော်အတွက် ၂၀၁၄ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေကျပ်သိန်း ၂၄၀၀၀ ကို တောင်သူများလက်ဝယ် အရောက် ဇွန် ၁၇ ရက်မှစတင်ပြီး ဩဂုတ်လအထိ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

"၂၀၁၄ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေများကိုယင်းမာပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ တာဝန်ယူပြီး ဒေသခံတောင်သူများအတွက် နှစ်စဉ်ရာသီအလိုက် အချိန်မီ သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်ပြီး တောင်သူများလက်ဝယ် ရောက် ထုတ်ချေးပေးပါတယ်။ တောင်သူများ ပျော်ရွှင်နေတာ မြင်ရလို့လည်း ထပ်တူထပ်မျှဝမ်းသာ ပျော်ရွှင်ပီတိဖြစ်မိပါတယ်။ မိုးစပါး အနေဖြင့် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်း (နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ) စသည့် အခြားသီးနှံအနေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်း၊ အတိုးနှုန်းအနေဖြင့် တစ်နှစ်အတွက် ငါးရာခိုင်နှုန်းပဲကျပါတယ်။ တောင်သူများအတွက် အတိုးနှုန်းသက်သာတဲ့အတွက် အဆင်ပြေကြပါတယ်။ ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီကစတင်ပြီး ယင်းမာပင်မြို့နယ် အင်းကျေးရွာအုပ်စုထဲမှ အင်းနံ့သာကုန်း ပေါက်သဖ၊ သဲကုန်း၊ မန်ကျီးကုန်းစသည့် ကျေးရွာများမှ လယ်ဧက ၇၅၄ ဧကနှင့် အခြားသီးနှံ ၁၄၂၈ ဧကတောင်သူ ၃၆၅ ဦးအတွက် ဘဏ်ချေးငွေကျပ်သိန်း ၁၀၃၉ ဒသမ ၆၀ ကို ထုတ်ချေးပေးပါတယ်။

ယနေ့ထုတ်ချေးပေးတာက ယင်းမာပင်မြို့နယ် ဇီးဖြူပင်ကျေးရွာ အုပ်စုထဲမှ ဇီးဖြူပင် သက္ကပြုစသည့်ကျေးရွာများမှ လယ်ဧက ၆၁၉ ဧကနှင့် အခြားသီးနှံ ၂၉၁ ဧက၊ တောင်သူ ၁၆၅ ဦးအတွက် ဘဏ်ချေးငွေကျပ်သိန်း ၆၇၇ ဒသမ ၂၀ ကို ထုတ်ချေးပေးတာပါ။ တောင်သူဦးကြီးများကလည်း မိမိတို့အတွက် လိုအပ်သည့် မိုးရာသီဘဏ်ချေးငွေများကို ကိုယ်စီကိုယ်စီရရှိကြပြီးဖြစ်တဲ့အတွက် မိုးသီးနှံများကို အချိန်မီစိုက်ပျိုးကြစေချင်ပါတယ်။ အထွက်နှုန်းကောင်းအောင် မိရိုးဖလာစိုက်ပျိုးနည်းအပြင် သိပ္ပံနည်းကျစိုက်စနစ်များနှင့်အညီ တောင်သူသုံး စက်ကိရိယာများကို ပေါင်းစပ်အသုံးပြုထွန်ယက်စိုက်ပျိုးသင့်ကြောင်း တိုက်တွန်းအမှာစကား ပြောကြားလိုပါတယ်။ ယခုချေးငွေများကိုလည်း လာမည့်နှစ်သတ်မှတ်ချိန်အတွင်း တောင်သူဦးကြီးများက အပြေအကျေပေးဆပ်နိုင်အောင် ကြိုးစားလုပ်ကိုင်ကြပါ။

ထုတ်ချေးပေး

ကျွန်တော်တို့ယင်းမာပင်မြို့နယ်အတွင်းမှာ ကျန်ရှိသည့် ကျေးရွာများမှ တောင်သူဦးကြီးများကိုလည်း ၂၀၁၄ ခုနှစ် မိုးရာသီဘဏ်ချေးငွေများကို စိုက်ပျိုးချိန်အမီ ဩဂုတ်လအထိ မြန်မြန်ဆန်ဆန် ထုတ်ချေးပေးသွားပါမယ်"ဟု မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ မန်နေဂျာ ဦးမျိုးမြင့်က ပြောကြားသည်။

ထွန်းကိုကို(ယင်းမာပင်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် ဘော်လီဘောပြိုင်

မန္တလေး ဇွန် ၂၂

၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၁၈ ရက်နံနက် ၉ နာရီ ၁၀ မိနစ်က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြင်ဦးလွင်ခရိုင်အသင်းက မန္တလေးခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့်နိုင်ပြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မန္တလေးခရိုင်အသင်းက မိတ္ထီလာခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့်နိုင်ကာ ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ်သုံးသိန်းစီ ဆွတ်ခူးရရှိသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ ဒုတိယဆုရ မန္တလေးခရိုင် အမျိုးသားဘော်လီဘောအသင်း၊ မိတ္ထီလာခရိုင် အမျိုးသမီး ဘော်လီဘောအသင်း၊ ပထမဆုရ ပြင်ဦးလွင်ခရိုင် အမျိုးသားအသင်းနှင့် မန္တလေးခရိုင်အမျိုးသမီး ဘော်လီဘောအသင်းတို့က အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ အတွင်းရေးမှူး ဦးမြင့်ဆွေ၊ ကျောင်းအုပ်ကြီး ဦးသိန်းထွန်းလတ်တို့က ဆုများချီးမြှင့်ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက အနိုင်ရဗိုလ်စွဲခဲ့ကြသည့် မန္တလေးခရိုင် အမျိုးသမီးအသင်းနှင့် ပြင်ဦးလွင်အမျိုးသားဘော်လီဘောအသင်းတို့ကို ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ်သုံးသိန်းစီတို့ကို ချီးမြှင့်ပေးအပ်လိုက်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ထင်သာမြင်သာပြုပြင်စရာ

ပျက်စီးသောလမ်းနှင့် မီးတိုင်များ ပြုပြင်ပေးစေလို

စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်သည် ၂၀၁၂ ခုနှစ် နောက်ပိုင်းတစ်နေ့ထက်တစ်နေ့ ထူးထူးခြားခြားစည်ကားလာသည်။ ဤရပ်ကွက်ထဲတွင် ရခိုင်ပြည်နယ်ဂုဏ်ဆောင်ဗုဒ္ဓပြတိုက်၊ ရခိုင်ပြည်နယ် အကူရဲတပ်ဖွဲ့ခွဲ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းနေအိမ်များ၊ စစ်တွေတက္ကသိုလ် ဆရာ ဆရာမများ နေအိမ်များနှင့် အထက(ခွဲ) မကျည်းမြိုင်ကျောင်းစသည့် အများပြည်သူနှင့် သက်ဆိုင်သောနေရာများ ပါဝင်သည်။

မကျည်းမြိုင်ရပ်ကွက် အလယ်ဗဟိုကိုဖြတ်သန်းသွားသော ကျောင်းကြီးလမ်းသည် အရှေ့ဘက်တွင် ယခုတည်ဆောက်နေသော စစ်တွေရေနက်ဆိပ်ကမ်းနှင့် အနောက်ဘက်တွင် အဝေးပြေးကားဂိတ်အထိ တောက်လျှောက်ပေါက်သည်။ မကျည်းမြိုင်ရပ်ကွက်အတွင်း ပေပေါင်း ၂၃၀၀ ရှိပြီး ၂၀၁၀ ပြည့်နှစ်က ကျောက်ခင်းလမ်းအဖြစ် လုပ်ပေးခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် ထိန်းသိမ်းမှုအားနည်းသဖြင့် တစ်နေ့တခြားပျက်စီးလာသည်။

"ဒီလမ်းဟာ စစ်တွေမြို့ရဲ့ မြို့လယ်လမ်းတစ်ခုဆိုရင်လည်း မမှားပါ။ တက္ကသိုလ်ဝင်စာမေးပွဲတွေ စစ်တဲ့အခါ၊ ပြည်နယ်လွှတ်တော်ကျင်းပတဲ့အခါနဲ့ အခြားအခမ်းအနားတွေကျင်းပတဲ့အခါဆို ဒီလမ်းကို အသုံးပြုရတဲ့အတွက် တော်တော်အခက်အခဲတွေရှိတာမြင်တွေ့ရပါတယ်။ ဒီလမ်းကို အဆင့်မြှင့်တင်ပြုလုပ်ပေးပါက ပြည်သူတွေစိတ်ချမ်းသာစွာ သွားလာနိုင်မှာဖြစ်ပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးပွဲလှအောင်က ပြောပြသည်။

မကျည်းမြိုင်ရပ်ကွက်မှ ဦးဦးဘတင်ကလည်း "အရေးကြီးနေတာက ဓာတ်မီးတိုင်တွေပါ။ တိုင်တွေက သစ်သားတိုင်တွေဆိုတော့ အောက်ခြေတွေဆွေးမြည့်ပြီး ယိုင်လဲလာပါပြီ။ ဒါတွေကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ပြုလုပ်ပေးပါလို့တင်ပြလိုပါတယ်"ဟု ပြောသည်။

မကျည်းမြိုင် ပျံကျဈေးသည်ယခင်ထက် စည်ကားလာရာ လမ်းဘေးဝဲယာဈေးရောင်းနေရသဖြင့် လူစည်ကားချိန်တွင် လမ်းပိတ်ဆို့မှုများဖြစ်နေသည်။ "ဒီဈေးကို သပ်သပ်ရပ်ရပ်နေရာတစ်ခု အနီးပတ်ဝန်းကျင်မှာ ပြုလုပ်ပေးရင်တော့ လမ်းလည်းသန့်ရှင်းသွားပါမယ်။ ဈေးသည်တွေလည်း နေရာရသွားပါမယ်" ဟု ဈေးသည် ဦးအဖြူမောင်က ဈေးအခြေအနေကိုတင်ပြသည်။

ယင်းရပ်ကွက်သည် စစ်တွေမြို့၏ အချက်အချာနေရာတစ်ခုဖြစ်နေခြင်း၊ လမ်းသည်လည်း တစ်ဖက်တစ်ချက်တွင် ကတ္တရာလမ်းနှစ်ခုရှိပြီး ပေ ၂၃၀၀ ခန့်သာ ကျောက်ခင်းလမ်းဖြစ်နေခြင်း၊ တစ်စတစ်စပျက်စီးလာခြင်းကြောင့် ဖြည့်ဆည်းပေးရန်လိုလားနေကြသည်။

လေးဝတီထွန်းစောခိုင်

ခရီးသည်ပို့ဆောင်ရေးယာဉ်များ စစ်ဆေး

ဗန်းမော် ဇွန် ၂၂

ခရီးသည်ပို့ဆောင်ရေးယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းပြီး ယာဉ်မတော်တဆမှုအန္တရာယ်များကြိုတင်ကာကွယ်သည့်အနေဖြင့် ဗန်းမော်မြို့ ဖန်းခါးကုန်းရပ်ကွက် မြို့အထွက်ဂိတ်၌ ဇွန်၁၉ရက် မွန်းလွဲ၁နာရီက စစ်ဆေးဆောင်ရွက်သည်။ ခရီးသည်တင်ယာဉ်များ စစ်ဆေးရေးအဖွဲ့တွင် ခရိုင်ပို့ဆောင်ရေးဦးစီးမှူး ဦးစန်းလွင်ဦး၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးဦးစီးမှူး ဦးမောင်မောင်ဟန်တို့ဦးဆောင်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ခရိုင်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဗန်းမော်မှ မန္တလေးထွက်ခွာမည့် ခရီးသည်ပို့ဆောင်ရေးယာဉ်များကို လုပ်ငန်းလိုင်စင်စည်းကမ်းနှင့်ညီညွတ်မှု၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များပါရှိမှု၊ အရက်သေစာသောက်စားမှုမရှိစေရေး၊ ယာဉ်များ ကြံ့ခိုင်ကောင်းမွန်မှုနှင့်မီးသတ်ဆေးဘူး ပြည့်စုံကောင်းမွန်မှုတို့ကို ညွှန်ကြားချက်နှင့်အညီ စစ်ဆေးကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်ရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေး

မိတ္ထီလာ ဇွန် ၂၂

မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်ရှိ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၀ က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင်တို့သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ဒေသခံပြည်သူ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

တင်ပြ

တွေ့ဆုံဆွေးနွေးရာ၌ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ တက်ရောက်လာကြသော ကော်မတီများက မိမိတို့မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ထပ်မံဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က ဆွေးနွေး မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားပြီး ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ပြည်သူလူထုမြို့မိမြို့ဖများ ပါဝင်သည့် ကော်မတီအသီးသီးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေမှုများတွင် ပြည်သူတို့၏လူမှုစီးပွားတိုးတက်ရေးအတွက် အဓိကကျသည့် သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်းတံတား၊ အခြေခံအဆောက်အအုံ၊ ပညာရေး/ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ၊ ပြည်သူများနှင့် နီးနီးကပ်ကပ်ဆွေးနွေးညှိနှိုင်းပြီး ဦးစားပေးရွေးချယ်၍ အဆင့်လိုက်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အသံ ရေဒီယိုအစီအစဉ်များကို မြို့ကြီး ၁၁ မြို့တွင် FM အစီအစဉ်ဖြင့် နားဆင်နိုင်ပြီ

နေပြည်တော် ဇွန် ၂၂

မြန်မာ့အသံရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် နားဆင်နိုင်ရန် ပထမအဆင့် မြို့ကြီး ၁၅ မြို့အနက် မြို့ကြီး ၁၀ မြို့ဖြစ်သည့် စစ်ကိုင်း၊ လားရှိုး၊ နေပြည်တော်၊ ပျဉ်းမနား၊ မော်လမြိုင်၊ ပုသိမ်နှင့် ပုပ္ပား၊ ပဲခူး၊ လွိုင်ကော်၊ မြိတ်တို့တွင် ဖမ်းယူနားဆင်နိုင်ပြီဖြစ်ပါကြောင်း သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ပြည်သူလူထုသို့ အသိပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုထပ်မံ၍ စစ်တွေရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား (2 KW)၊လှိုင်းနှုန်း (89.8MHz)ဖြင့် ဇွန် ၁၄ရက်မှစ၍ ထုတ်လွှင့်လျက်ရှိရာ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မြေပုံ၊ မြောက်ဦးနှင့် ရသေ့တောင်မြို့နယ်အထိ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။ ကျန်ရှိသည့် စက်ရုံလေးရုံ၌ FM စနစ်တိုးချဲ့ ထုတ်လွှင့်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ကနေဒီစက်ရုံ၌ ဆက်လက်တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၂၅ ရုံ၌ FM စနစ်များ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ဖြေဆိုအောင်မြင်သူများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့နံနက် ၇ နာရီက ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ၌ ခိုင်ရွှေဝါပရဟိတလူမှုရေးအဖွဲ့က ကျင်းပသော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများနှင့်ဖြေဆိုအောင်မြင်သူများ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး လေးဘာသာဂုဏ်ထူးရကျောင်းသူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရကျောင်းသူတစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူလေးဦးနှင့် ဖြေဆိုအောင်မြင်သူခုနစ်ဦး စုစုပေါင်း ၁၃ ဦးကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ပြောကြား

ထို့နောက် ခိုင်ရွှေဝါပရဟိတလူမှုရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ကျောင်းသား ကျောင်းသူများကိုယ်စား သုံးဘာသာဂုဏ်ထူးရ ကျောင်းသူမခင်ဘုန်းမြင့်တို့က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီးရှိ မြန်မာ့လယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက် (MAPCO) ၏ တစ်နေ့တန် ၂၀၀ ကျ ဆန်စက်တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး အလျင်လိုကျေးရွာတစ်လျှောက် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းပြီးစီးမှု၊ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

မှတ်သားဖွယ်ရာ မိုးရေချိန်

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြောက်ဦးမြို့တွင် ၄ ဒသမ ၈၄လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၁၃လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၈၆လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၄၇လက်မနှင့် ကျောက်ဖြူမြို့တွင် ၃ ဒသမ ၂၃လက်မတို့ဖြစ်ကြသည်။

နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံး ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် ဇွန် ၂၂

နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ရုံးဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီ မိနစ် ၂၀ က နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် ပျဉ်းမနား-တောင်ညို ကားလမ်းဘေးရှိ ရုံးဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ နာယက၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်နှင့်နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မြတ်မြတ်မိုး၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းတို့ တက်ရောက်၍ မင်္ဂလာအချိန်တွင် ပန္နက်တင်ကြသည်။

ယင်းရုံးနှစ်ရုံးကို အလျားပေ ၆၀၊ အနံ ၅၆ ပေ၊ အမြင့် ၁၂ပေ ရှိ RC တစ်ထပ် အဆောက်အအုံအဖြစ် ပုံစံတူ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့ တောင်အာဖရိကနိုင်ငံ ထွက်ခွာ

ရန်ကုန် ဇွန် ၂၂

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့သည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့၌ ဇွန် ၂၄ ရက် မှ ၂၆ ရက်အထိ ကျင်းပမည့် International Conference on Access to Legal Aid In Criminal Justice Systems သို့ တက်ရောက်ရန် ယနေ့ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်ဝင်း လိုက်ပါသွားသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်း

ဆီးရီးယားနယ်စပ်ရှိ အီရတ်မြို့နှစ်မြို့ သူပုန်များက တိုက်ခိုက်သိမ်းပိုက်

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်အစိုးရသည် စစ်သွေးကြွများ တိုက်ခိုက်နေသည့် တိုက်ပွဲများအတွင်း ရုန်းကန်ကြိုးစားနေရကြောင်း သံတမန်များနှင့် နိုင်ငံရေးသမားများက ပြောကြားသည်။

အီရတ်တိုက်ခိုက်ရေးသမားများက ယင်းတို့သည် ဆီးရီးယားသို့ သွားရောက်သည့် နယ်စပ်စခန်းနှင့် အီရတ်အနောက်မြောက်ပိုင်းရှိ မြို့နှစ်မြို့ကို စနေနေ့က သိမ်းပိုက်လိုက်ကြောင်း ပြောကြားသည်။ ISIS ဟုခေါ်သည့် အီရတ်စစ်သွေးကြွများသည် လေ့ကျင့်မှု ပိုမိုသကဲ့သို့ အီရတ်စစ်တပ်ထက် စစ်လက်နက်များလည်း ပိုမိုတပ်ဆင်ထားကြောင်း သတင်းထောက်များက ပြောကြားသည်။

ဆွန်နီအစွန်းရောက်များက ဇွန်လတွင် မိုဆူးလ်မြို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် အီရတ်နိုင်ငံတစ်ဝန်း သိမ်းပိုက်နိုင်မှုဧရိယာ တဖြည်းဖြည်းတိုးလာသည်။ အီရတ်လေကြောင်းတပ်ဖွဲ့ဝင်များကလည်း လွန်ခဲ့သော သီတင်းနှစ်ပတ်မှစတင်ကာ အမေရိကန်လုပ်ဒုံးကျည်များနှင့် စတင်တိုက်ခိုက်လာရာ အီရတ်သူပုန်များအနေဖြင့်လည်း ၎င်းတို့အား လုံခြုံမှုပေးနိုင်မည့် ဆီးရီးယားနယ်စပ်မြို့များကို အကာအကွယ်ယူ တိုက်ခိုက်လာကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ISIS သူပုန်များနှင့် အီရတ်တပ်ဖွဲ့ဝင်များ စနေနေ့က တစ်နေကုန် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဆီးရီးယားနယ်စပ်မြို့သိမ်းပိုက်ခံရကြောင်း အီရတ်တပ်ဖွဲ့ဝင်များက ဝန်ခံပြောကြားသည်။ သူပုန်များက ယူဖရေးတီးစ်မြစ် တစ်လျှောက်ရာဝါနှင့် အာနိုချ်မြို့များကိုလည်း သိမ်းပိုက်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

(ဘီဘီစီ)

ဘရာဇီးသမ္မတပြန်လည်အရွေးခံမည် ပြည်သူများ အိမ်ရာပိုင်ဆိုင်ရေးရင်းနှီးမြှုပ်နှံရန်ကတိပြု

ရီယိုဒီဂျနေးရိုး ဇွန် ၂၂

ဘရာဇီးသမ္မတ ဒီလ်မာရောက်ဆက်သည် အောက်တိုဘာလတွင် ပြန်လည်ရွေးကောက်ခံရန် အလုပ်သမားပါတီက တရားဝင်အတည်ပြုစာရင်းပေးလိုက်ပြီဖြစ်သည်။

မစ္စရောက်ဆက်သည် သန်းပေါင်းများစွာသော ဆင်းရဲသားပြည်သူများ၏ ဆင်းရဲမှုလျှော့ချရန် လူမှုရေးဆိုင်ရာ မူဝါဒများမြှင့်တင်ပေးရေးကတိကဝတ်ပြု ပြောလိုက်ကြောင်း ဘရာဆီးလီးယား၌ ပါတီကိုယ်စားလှယ်များက ပြောသည်။

အဆိုပါ အလုပ်သမားအာဏာရပါတီသည် ဘရာဇီးနိုင်ငံတွင် ၂၀၁၃ ခုနှစ်ကတည်းက အာဏာရရှိထားသည်။ ဘရာဇီးသမ္မတက အဆိုပါပါတီညီလာခံ၌ ကိုယ်စားလှယ် ၈၀၀ နှင့်တွေ့ဆုံဆွေးနွေးစဉ် ၎င်းအနေဖြင့် ဒုတိယသက်တမ်းအတွက် ဝင်ရောက်အရွေးခံပြီး ပြည်သူများ၏ အိမ်ရာဆောက်လုပ်ရေး ရင်းနှီးမြှုပ်နှံရန်၊ ပညာရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်လာရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မစ္စရောက်ဆက်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြင်ဆင်မှုအတွက် ငွေကြေးသုံးစွဲခဲ့ရမှုနှင့် ရီယိုဒီဂျနေးရိုးမြို့၌ ၂၀၁၆ ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲများအတွက် ငွေကြေးသုံးစွဲခဲ့ရခြင်းအပေါ် ကာကွယ်ပြောဆိုခဲ့သည်။

သူမသည် လွန်ခဲ့သော လေးနှစ်က သမ္မတသက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သော လူလာဆီးလ်ဗား နေရာတွင် သမ္မတဖြစ်လာခဲ့ခြင်းဖြစ်သည်။ (ဘီဘီစီ)

တရုတ်နှင့်ဂရိ ဒေါ်လာ ငါးဘီလီယံဖိုးရှိ စီးပွားရေးစာချုပ်များ သဘောတူချုပ်ဆို

ပေကျင်း ဇွန် ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂရိနိုင်ငံတို့သည် တရုတ်ဝန်ကြီးချုပ်လီကေကျန်း ဂရိသို့ သွားရောက်လည်ပတ်စဉ် အမေရိကန်ဒေါ်လာငါးဘီလီယံတန်ဖိုးရှိ စီးပွားရေးသဘောတူစာချုပ်များ လက်မှတ်ရေးထိုးလိုက်သည်။

အဆိုပါစီးပွားရေးစာချုပ်များတွင် ပို့ကုန်များတင်ပို့ရေးနှင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများလည်း ပါဝင်သည်ဟု ဆိုသည်။ တရုတ်နိုင်ငံက ရထားများဝယ်ယူရေးနှင့် ခရီးတေးရိုလေဆိပ်တစ်ခု တည်ဆောက်ရန် စိတ်ဝင်စားနေသည်။

တရုတ်နိုင်ငံက ဂရိနိုင်ငံရှိ ပီယာဆိပ်ကမ်းတည်ဆောက်ရေးအများစုရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားရန် စိတ်ဝင်စားနေသည်။ တရုတ်ကုမ္ပဏီတစ်ခုက အဆိုပါဆိပ်ကမ်းတည်ဆောက်ရန် တိုင်းတာမှုများ ပြုလုပ်နေသည်ဟု ဆိုသည်။

ဂရိနိုင်ငံသည် ကြွေးမြီလျှော့ချရေးနှင့် အလုပ်လက်မဲ့ဦးရေ မြင့်တက်လာမှုကို လျှော့ချရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဆွဲဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ မစ္စတာလီသည် ဥရောပနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အစိတ်အပိုင်းအဖြစ် ဂရိနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ယင်းမှာ ၂၀၁၃ ခုနှစ် တရားဝင် ရာထူးရပြီးနောက် ပထမဆုံး ဥရောပခရီးထွက်ခွာခဲ့ခြင်းဖြစ်သည်။

(ဘီဘီစီ)

ယူကရိန်းအပစ်အခတ်ရပ်စဲရေးအစီအစဉ် ရုရှားသမ္မတ ဗလာဒီမာပူတင်ထောက်ခံ

မော်စကို ဇွန် ၂၂

ယူကရိန်းတင်ပြသော အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးအစီအစဉ်ကို ထောက်ခံကြောင်း၊ လက်တွေ့ကျသော လုပ်ဆောင်မှုများဖြင့် စတင်ဆွေးနွေးသင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားလိုက်သည်။

ကိယက်ဗ်အစိုးရအနေဖြင့် ရုရှားလိုလားသော ခွဲထွက်ရေးသမားများနှင့်အတူ ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးက နားလည်သဘောပေါက်လက်ခံသည့် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ယူကရိန်းသမ္မတ ပီထရိုပိုရိုချင်ကိုက သီတင်းတစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရန် ကြေညာလိုက်ကြောင်း၊ ယင်းမှာ အဆုံးသတ်အပစ်အခတ် ရပ်စဲမှုမဖြစ်နိုင်ကြောင်း မစ္စတာပူတင်က ပြောသည်။

ယူကရိန်းအရှေ့ပိုင်း၌ ခွဲထွက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံး နယ်ခြားစောင့်တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိသွားခဲ့သည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ခွဲထွက်ရေးသမားများက အပစ်အခတ်ရပ်စဲရန် ငြင်းဆိုလျက်ရှိသည်။ ထိုအတောအတွင်း အမေရိကန်က ရုရှားလိုလားသော ခေါင်းဆောင်ခုနစ်ဦးအပါအဝင် ခွဲထွက်ရေးသမားများအား အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

(ဘီဘီစီ)

နှစ်နိုင်ငံနယ်စပ်၌ တောင်ကိုရီးယားသေနတ်ပစ်ခတ်မှု ငါးဦးသေ၊ ခုနစ်ဦးဒဏ်ရာရ

ဆိုးလ် ဇွန် ၂၂

ကိုရီးယားနှစ်နိုင်ငံနယ်စပ် ရှေ့တန်းစစ်မြေပြင်စခန်း၌ မတော်တဆသေနတ် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တောင်ကိုရီးယားစစ်သားငါးဦး သေဆုံးခဲ့ပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသမီဒီယာများက ဖော်ပြခဲ့သည်။

တောင်ကိုရီးယားတပ်မတော်တပ်ကြပ်ကြီးတစ်ဦး စစ်မဲ့ဇုန်၌ ကင်းစောင့်တာဝန်ထမ်းဆောင်နေစဉ် ၎င်း၏ K-2 ရိုင်ဖယ်ဖြင့် ၁၀ ချက်ခန့် ၎င်း၏တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်အရာရှိများက ပြောခဲ့သည်။

မြောက်ကိုရီးယားနယ်စပ် ဂန်ဝမ်ပြည်နယ် Goseong ရှိ ခြေလျင်တပ် အခြေစိုက်စခန်း၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းပစ်ခတ်မှုဖြစ်ပွားခဲ့သော ဧရိယာအနီး၌ ပေါက်ကွဲသံကြားရသော်လည်း အဆိုပါတပ်ကြပ်ကြီးက ဗုံးဖြင့်ပစ်ခဲ့ခြင်း ဟုတ် မဟုတ်ကို တိတိကျကျ ပြောနိုင်ခြင်း မရှိသေးပေ။

သေဆုံးသူငါးဦးတွင် တပ်ကြပ်ကြီးသုံးဦးနှင့် တပ်သားနှစ်ဦးပါရှိပြီး ဒဏ်ရာရရှိသူ ခုနစ်ဦးအနက် နှစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိသည်ဟု ဆိုသည်။ (ဆင်ဟွာ)

ဆီးရီးယား ဂျက်တိုက်လေယာဉ်များ အီရတ်အနီး သူပုန်မြို့များကို ဗုံးကြဲ

အမ္မန် ဇွန် ၂၂

ဆီးရီးယားဂျက်လေယာဉ်များက အီရတ်နယ်စပ်အနီး သူပုန်များထိန်းချုပ်ထားသော ဒေသမြို့များကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြခဲ့သည်။ အဆိုပါဂျက်တိုက်လေယာဉ်များသည် အီရတ်မှ မိုင် ၆၀ အကွာ မူဟက်ဆန်မြို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ငါးကြိမ်တိုက်ခိုက်မှုအတွင်း အနည်းဆုံး ၁၆ ဦး သေဆုံးကာ ဒါဇင်နှင့်ချီပြီး ဒဏ်ရာရရှိသွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ဆီးရီးယား ဂျက်လေယာဉ်များက အဘူကာမဲမြို့ကိုလည်း ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ သူပုန်များက အဆိုပါမြို့ လေဆိပ်ကို ဝိုင်းထားစဉ် ဗုံးကြဲတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

(ရိုက်တာ)

ခန့်မှန်းငွေကျပ် ၆၃ သိန်းကျော်တန်ဖိုးရှိ တရားမဝင်တင်သွင်းလာသော ကြက်ကလီစာများစစ်ဆေးတွေ့ရှိ

ရန်ကုန် ဇွန် ၂၂

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီသည် အခွန်တိမ်းရှောင်သော တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ တားဆီးရန်နှင့်စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းရပ်များ ဆောင်ရွက်ရန် Mobile Team များဖွဲ့စည်း၍ နယ်စပ်ဝင်ပေါက်များနှင့် ကုန်ပစ္စည်းသယ်ယူသည့် လမ်းကြောင်းများတစ်လျှောက် တားဆီးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

မြဝတီ-ရန်ကုန် လမ်းကြောင်းပေါ်ရှိ ဝေါမြို့နယ် ညောင်ခါးရှည်စစ်ဆေးရေးဂိတ်၌ ဇွန် ၁၉ ရက် ညနေ ၆ နာရီတွင် မော်လမြိုင်မှ ရန်ကုန်မြို့သို့ ငါးပုံးများတင်ဆောင်လာသည့် ဦးဝင်းထွန်းလင်း(ဘ) ဦးကြည်လင် မောင်းနှင်သော Nissan Condor ယာဉ်ကို စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံမှ CP အမှတ်တံဆိပ်စာတန်းပါကြက်မြစ်၊ ကြက်သဲ၊ ကြက်ကလီစာ (1× 1kg) ၂၅၅၀ ထုပ် (ခန့်မှန်းတန်ဖိုး ၆၃၇၅၀၀၀ ကျပ်)

ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ယာဉ်နှင့်အတူ ပါရှိလာသည့် အထောက်အထားများကို စိစစ်ရာတွင် မော်လမြိုင်မြို့ ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပေးထားသည့် မျှောစာပါပစ္စည်းများနှင့်မတူညီဘဲ ကွဲလွဲနေပြီး သက်ဆိုင်ရာဌာနများ၏ရောဂါပိုးမွှားကင်းရှင်းကြောင်းနှင့် စားသုံးရန်သင့်တော်ကြောင်း ထောက်ခံချက်များမပါရှိသည့်အပြင် တရားဝင်တင်သွင်းခွင့်လိုင်စင်မပါရှိဘဲ အခွန်တိမ်းရှောင်၍ တရားမဝင်တင်သွင်းလာကြောင်း စိစစ်တွေ့ရှိရသည့်အတွက် ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူထားပြီး သယ်ယူလာသည့်ပစ္စည်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်ရယူကာ အများပြည်သူ စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❊ ကျော့ဖုံးမှ

လက်ရာတစ်ခုပါဝင်ပြီး ထိုလက်ရာမှာ တံကဲဖြစ်ပေါ်လာရခြင်း၏အခြေခံပင်ဖြစ်သည်။ ထိုလက်ရာကို ပျူခေတ်ခေါင်းလောင်းများတွင် တွေ့နိုင်သည်ဟုသိရသည်။ ကျောက်စိမ်းစေတီတံကဲတွင် မဂ္ဂင်ရှစ်ပါးကိုကိုယ်စားပြုသော ရှစ်လက်မ ကျောက်စိမ်းအဝိုင်းပန်း၊ အထောက်အကူပြုပန်းများ၊ တိုင်ထိပ်ရှိ တိုင်ထိပ်ပန်းခေါ် မုတ်စို့ပန်း၊ အောက်ခြေတော်ရနောင်သည် ကြီးမြင့်သည်ဟု အဓိပ္ပာယ်ရပြီး သစ္စာလေးပါးကို ကိုယ်စားပြုသောအရွက်လေးရွက်နှင့် အထက်တော်ရနောင်တွင် ၂၄ ပစ္စည်းကို ကိုယ်စားပြုသော ပန်းတို့ပါရှိသည်။

တံကဲ၏ အဓိကလက်ရာမှာ စိုင်ပေါင်ခေါ် ဥကင်တော်ပါရှိခြင်းပင်ဖြစ်သည်။ ထိုလက်ရာမှာ "မိုးကိုလည်း မမျှော်၊ လယ်လည်းမထိုးနဲ့၊ ထုရင်းအောက် အညွန့်မရောက်စေနဲ့"ဆိုသော အတိုင်းအတာလက်ရာအညွှန်းနည်းအတိုင်း အတိအကျလုပ်ဆောင်ထားသည်။ ပန်းများသည် စကြဝဠာကိုညွှန်းထားပြီး ကြာဖူးကြာခိုင်တို့သည် ပွင့်တော်မူပြီးသွားသောဘုရားလေးဆူကိုညွှန်းထားသည်။ စေတီတော်တွင် "ဖွားပွင့်ဟောစံ"ဆိုသော ဖွားတော်မူပုံ၊ ဘုရားပွင့်ပုံ၊ တရားဦးဟောပုံ၊ ပရိနိဗ္ဗာန်စံဝင်တော်မူပုံ သင်္ကေတပုံများ၊ အေဒီ ၁၃ ရာစုခေတ်က ဖောင်းကြွ၊ နံရံဆေးရေး ပန်းချီလက်ရာများကို ဖော်ကျူးထားပြီး အောင်ခြင်းရှစ်ပါးပန်းပုလက်ရာများနှင့်အတူ ပန်းအမျိုးမျိုးအဓိပ္ပာယ်အသီးသီးဖြင့် ထူးခြားစွာတည်ထားလျက်ရှိကြောင်း သိရသည်။

နွေနဒီ

လူကုန်ကူးမှု အန္တရာယ် ဝိုင်းဝန်းကာကွယ်

ထိုင်းနိုင်ငံတွင် မြန်မာ့ဂုဏ်ဆောင် ဝပ်စီမိန်ဘုန်းတော်ကြီးသင်အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်

မဟာချိုင် ဇွန် ၂၂

ထိုင်းနိုင်ငံ စမူဆာခွန်ခရိုင် မဟာချိုင်မြို့ ဝပ်စီမိန်ဘုန်းတော်ကြီးကျောင်း၌ မြန်မာသင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးနေသော စာသင်ကျောင်းဖွင့်ပွဲကို ယနေ့ ဇွန် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပခဲ့ကြောင်း **(ယာပုံ)**ထိုင်းနိုင်ငံ မဟာချိုင်မြို့ ခုံခုရပ်ကွက်၌ ဖွင့်လှစ်ထားသော မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းလွန်ကျောင်း (ဝပ်စီမိန်) မှ ကျောင်းဆရာကိုစောမောင်၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

ရှင်းလင်းဖြေကြားပေးခဲ့

အဆိုပါ ကျောင်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာအစိုးရတာဝန်ရှိသူများနှင့် ဒေသခံအလုပ်သမားရေးရာ လုပ်ဆောင်နေကြသူများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရပြီး အခမ်းအနားတွင် ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိ ဦးသိန်းနိုင်က ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာတွင် ကလေးများ၏ပညာရေးကို အားပေးရမည်ဖြစ်ကြောင်း၊ ယခုလို ကျောင်းဖွင့်သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ လိုအပ်သည်များကိုလည်း တတ်နိုင်သမျှ ကူညီပေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာ ကိစ္စရပ်များအတွက်လည်း ကျောင်းဖွင့်ပွဲသို့ တက်ရောက်လာသော ရပ်မိ ရပ်ဖများ၊ ကျောင်းသားမိဘများက မေးမြန်းသည်ကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြန်မာ့ဂုဏ်ဆောင် ကျောင်းဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးနေသော ထိုင်းနိုင်ငံရောက်ပညာတော်သင် ရဟန်းတစ်ပါးဖြစ်သူ အရှင်သီဟဉာဏ(မျိုးချစ်မြန်မာ)ဆရာတော်က "အနာဂတ်ပန်းလေးတွေရဲ့ ဘဝသာယာလှပဖို့အတွက် ပြုပြင်စောင့်ရှောက်ထိန်းသိမ်းပေးရမယ့် တာဝန်ကိုသိလို့ ထောက်ပံ့ပေးတာပါ။ မြန်မာပြည်ဘယ်မှာရှိမှန်းမသိကြတဲ့ မြန်မာကလေးငယ်တွေအတွက် ပံ့ပိုးပေးရတာမို့ဂုဏ်ယူပါတယ်။ အခုလိုပံ့ပိုးခွင့်ရအောင် စီစဉ်ပေးတဲ့ဒကာတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာပြည် ဘယ်နေရာမှန်းမသိတဲ့ မြန်မာကလေးတွေကို ငယ်စဉ်ကတည်းက မြန်မာစာသင်မထားရင် ဒီကလေးတွေအကုန်လုံးဟာ ထိုင်းလည်းမဖြစ်၊ မြန်မာလည်းမဖြစ်နဲ့ အနာဂတ်မှာ ဒုက္ခရောက်ကြရပါလိမ့်မယ်" ဟု မိန့်ကြားခဲ့သည်။

အဆိုပါ ပညာရေးရန်ပုံငွေ လှူဒါန်းကြသည့် ကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိ ဦးသိန်းနိုင်က ပညာရေးထောက်ပံ့ငွေအဖြစ် ထိုင်းနိုင်ငံသုံးဘတ်ငွေ ၅၀၀၀၊ အရှင်သီဟဉာဏ(မျိုးချစ်မြန်မာ) ဆရာတော်နှင့်ဒါယကာ၊ ဒါယိကာမများက ကျောင်းစာသင်ခုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကလေးငယ်များအတွက် အာဟာရများ၊ Kingfisher Holdings Limited မှ ထိုင်းဘာသာပြန် မနီလာဝင်းက ပညာရေးထောက်ပံ့ငွေ

ဘတ် ၂၀၀၀၊ ကျောင်းသားမိဘ စေတနာရှင်တစ်ဦးက အလှူငွေ ဘတ် ၂၀၀၀ ကို ကျောင်းတာဝန်ခံ ကိုစောမောင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။

"ကျွန်မတို့ သားသမီးလေးတွေ ယခုလို မြန်မာသင်ရိုးညွှန်းတမ်းနှင့် မြန်မာပညာရေးစနစ်အတိုင်း သင်ကြားခွင့်ရတဲ့အတွက် အလွန်ကျေနပ်ပီတိဖြစ်ရပါတယ်။ အခုလို ကျောင်း ဖြစ်မြောက်အောင် တည်ထောင်ပေးကြတဲ့ မြန်မာကျောင်းဆရာ ဆရာမတွေနဲ့ ကျောင်းကို ဝိုင်းဝန်းပံ့ပိုးနေတဲ့ အလှူရှင်တွေကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်" ဟု အဆိုပါကျောင်း၌ ပထမတန်းတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၏ မိခင်ဖြစ်သူ ကော့ကရိတ်မြို့မှ ဒေါ်သီသီအေးက ပြောကြားခဲ့သည်။

အဆိုပါကျောင်းမှ ကျောင်းဆရာဖြစ်သူ ကိုစည်သူက "အခြေအနေအမျိုးမျိုးကြောင့် ဒီကိုရောက်လာတဲ့ မြန်မာနိုင်ငံသား အလုပ်သမား သားသမီးတွေအားလုံးဟာ ပညာရေးဝေးသည်မရှိဆိုတဲ့အတိုင်း ပညာသင်ကြားခွင့်ရရှိစေရေးအတွက် အခုလိုကျောင်းဖြစ်မြောက်အောင် တည်ထောင်ခဲ့ပါတယ်။ လိုအပ်ချက်တွေကတော့ များစွာရှိနေပေမယ့် အလှူရှင်တွေလာရင် ရသလောက်နဲ့ လိုအပ်တာတွေ ဖြည့်နေရတာပေါ့" ဟု ပြောကြားခဲ့သည်။

လက်ရှိအနေအထားအရ ထိုင်းနိုင်ငံ စမူဆာခွန်ခရိုင် မဟာချိုင်မြို့ ဝပ်စီမိန် ဘုန်းတော်ကြီးကျောင်းမှ ရွှေ့ပြောင်း မြန်မာအလုပ်သမားများ၏ သားသမီးရတနာများဖြစ်ကြသော မြန်မာကလေးငယ်များ၏ အနာဂတ်ဘဝတိုးတက် ရှင်သန်ကြစေရေးအတွက် အလှူရှင်များ လိုအပ်လျက်ရှိနေကြောင်းဖြင့် ထိုင်းနိုင်ငံသတင်းအရင်းအမြစ်များထံမှ သိရသည်။

စိုးဝင်း(SP)

ကျောက်မဲမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တင်ကျန်ခဲ့သော သဲနုန်းအမှိုက်များ လုပ်အားပေးရှင်းလင်း

ကျောက်မဲ ဇွန် ၂၂

ဇွန် ၁၅ ရက်က ကျောက်မဲမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကာ တောင်ကျရေ အစီးကြမ်းပြီး ကျောက်မဲမြို့ အမှတ် (၂) ရပ်ကွက် ပိတောက်လမ်း ရေနုတ်မြောင်း၊ ရေထွက်ဦးချောင်းနှင့် အမက (၈) ကျောင်းတို့တွင် တင်ကျန်ခဲ့သော သဲနုန်းမြေများ၊ အမှိုက်ဒိုက်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဇွန် ၂၁ ရက် နံနက် ၈ နာရီမှ စတင်ပြီး စက်ယန္တရားများ၊ အမှိုက်သိမ်းယာဉ်များဖြင့် ပြည်သူများက မွန်းတည့် ၁၂ နာရီအထိ ပြုလုပ်ကြသည်။

ကျောက်မဲမြို့၌ မိုးသည်းထန်စွာ ရွာ၍ တောင်ကျရေနှင့်ပါလာခဲ့သော သဲနုန်းမြေ၊ အမှိုက်ဒိုက်ပင်များအား စုပေါင်းရှင်းလင်းဆောင်ရွက်ကြစဉ်။

အဆိုပါသဲနုန်းမြေများ ရှင်းလင်းခြင်း၊ ရေထွက်ဦးချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး တင်ဌေး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့်စည်ပင်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ သမရက္ခိတ၊ One Added လူမှုကူညီရေးအဖွဲ့များမှ အဖွဲ့ဝင်များ၊ ကျားငါးကောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းလုပ်သားများနှင့် အမှတ်(၂)ရပ်ကွက်တို့မှ ပြည်သူ ၅၀၀ တို့က လုပ်အားဒါနပြုလုပ်ပေးကြသည်။

(ဝ၉၀)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ ဖီလစ်ကော့တလာ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ဖီလစ်ကော့တလာလို့ပြောရင် မြန်မာပြည်မှာတော့ အသိနည်းသူတစ်ဦး ဖြစ်တာ သေချာပါတယ်။ သူ့ကိုသိတဲ့သူတွေကတော့ စီးပွားရေးတက္ကသိုလ်နဲ့ အခြားတက္ကသိုလ်ကောလိပ်တွေမှာ Marketing ဆိုတဲ့ ဘာသာရပ်ကို သင်ခဲ့တဲ့သူတွေသာ ဖြစ်မှာပါ။ Marketing ဆိုတဲ့ဘာသာရပ်နဲ့ ကော့တလာကို ခွဲခြားလို့ မရနိုင်ပါဘူး။ ကော့တလာလို့ ပြောလိုက်တာနဲ့ လူတွေရဲ့ခေါင်းထဲ Marketing ကို ချက်ချင်းပြေးမြင်ကြမှာဖြစ်ပါတယ်။

Marketing ဆိုတဲ့ဘာသာရပ်က အမှန်တော့ စီးပွားရေးဘာသာရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ အကြမ်းဖျင်းနားလည်တာက ရောင်းခြင်း၊ ဝယ်ခြင်းဖြစ်တယ်။ သေသေချာချာ စဉ်းစားကြည့်တော့ စီးပွားရေးဆိုတာဟာ ရောင်းခြင်း၊ ဝယ်ခြင်းသာဖြစ်ပါတယ်။ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က "လုပ်ငန်းအဖွဲ့တစ်ခုအတွင်း လုပ်ဆောင်မှုများဖြစ်ပြီး ဖောက်သည်များကို ဖန်တီးခြင်း၊ ဆက်သွယ်ဆက်ဆံခြင်းနဲ့ တန်ဖိုးဖန်တီးမှုတစ်ရပ်ပါ။" အခုလို ဆောင်ရွက်တာက လုပ်ငန်းအတွက်ရော ဖောက်သည်အတွက်ပါ အကျိုးရှိအောင် ကြိုးစားခြင်းဖြစ်ပါတယ်။ ခေတ်သစ် Marketing ဘာသာရပ်ကို ဖန်တီးခဲ့သူက ပါမောက္ခဖီလစ်ကော့တလာပဲဖြစ်ပါတယ်။ သူ့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော်အလွန်နှစ်သက်လှပါတယ်။ သူက Marketing ဟာ လူသားတွေရဲ့လှုပ်ရှားမှုဖြစ်ပြီး ဖောက်သည်တွေရဲ့ လိုအပ်ချက်နဲ့ဆန္ဒများကို ဖြည့်စွက်ခြင်းဖြစ်ပြီး အလဲအလှယ်လုပ်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိအစိုးရတာဝန်ယူလာတဲ့အချိန်ကစပြီး ထူးခြားသော၊ လေးနက်သော ပြုပြင်ပြောင်းလဲမှုတွေကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ အဲဒီအနက် အဓိကကျတဲ့ ပြုပြင်ပြောင်းလဲမှုတွေက စီးပွားရေးနဲ့သက်ဆိုင်ပြီး ပုဂ္ဂလိကကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုကို ဖန်တီးရန်ကြိုးစားနေခြင်းဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင်ရုပ်လုံးဖော်နိုင်ဖို့ ကြိုးစားအားထုတ်လျက်ရှိပါတယ်။ စီးပွားရေးလုပ်နေသူတွေကိုလည်း နည်းမျိုးစုံနဲ့ ပြုစုအားပေးလျက်ရှိပါတယ်။ ဈေးကွက်စနစ်ရဲ့အခြေခံဟာ ဖောက်သည် Customers များ ဖြစ်ပါတယ်။ ဖောက်သည် ပဓာန၊ ဖောက်သည် အဓိက ဖြစ်ပါတယ်။

Customer is always right (ဖောက်သည်ဖြစ်သူဟာ အမြဲမှန်တယ်) ဆိုတဲ့ ဆောင်ပုဒ်ဟာ ဈေးကွက်စီးပွားရေးရဲ့ အနှစ်သာရဖြစ်ပါတယ်။ ဒီဆောင်ပုဒ်နဲ့ပတ်သက်ပြီး ကျွန်တော်အမှန်တကယ်သဘောကျတဲ့ ဥပဒေသ တစ်ခုရှိပါတယ်။ အဲဒီဥပဒေသကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

ဥပဒေသ(၁)။ ဖောက်သည် အစဉ်မှန်ပါသည်။

ဥပဒေသ(၂)။ ဖောက်သည်မှားပါက ဥပဒေသ(၁)ကိုကျင့်သုံးပါ။

အဓိပ္ပာယ်က ရိုးရိုးစင်းစင်းပင်ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ ဖောက်သည်ကိုသာ ဗဟိုပြုရမှာ ဖြစ်ပါတယ်။

ဈေးကွက်ကို အခြေခံပြီး Marketing ဘာသာရပ်ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်ဟာ Marketing ဘာသာရပ်ကို ပါမောက္ခ ကော့တလာမှတစ်ဆင့် ရင်းနှီးခဲ့ရတာက ၁၉၇၁ ခုနှစ်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော် ဘွဲ့လွန်သင်တန်းကို အင်္ဂလန်နိုင်ငံမှာ တက်ရောက်သင်ကြားနေစဉ်က သူ့ရဲ့အအောင်မြင်ဆုံးစာအုပ်ဖြစ်တဲ့ Marketing Management ကို လေ့လာခွင့်ရခဲ့ပါတယ်။ မဟာသိပ္ပံဘွဲ့ယူရာမှာလည်း ပါမောက္ခ ကော့တလာရဲ့ Marketing နဲ့ပတ်သက်တဲ့ စာအုပ်တွေကို လေ့လာခွင့်ရခဲ့ပါတယ်၊ ဖတ်ခဲ့ရပါတယ်။ ပါရဂူဘွဲ့ယူစဉ်ကလည်း ထိုနည်းအတိုင်းသူ့ရဲ့အရေးအသားတွေကို ကျမ်းကိုးအဖြစ်သုံးစွဲခဲ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ မြန်မာပြည်မှာရှိတဲ့ လူတွေအနက် ပါမောက္ခကော့တလာရဲ့နှစ်အရှည်ဆုံးတပည့်တစ်ယောက်ဖြစ်နေတာကို ဂုဏ်ယူမိပါတယ်။

ပါမောက္ခ ကော့တလာကို Marketing ဘာသာရဲ့ ဂုရုပညာရှင်တစ်ဦး အဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုကြပါတယ်။ အခုသူ့အသက်က ၈၀ ကျော်ပြီဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့ အဓိကအမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့မှာရှိတဲ့ North Western University ရှိ Kellogg School of Management မှာ စာသင်ကြားလျက်ရှိပါတယ်။ မဟာသိပ္ပံဘွဲ့ကို ချီကာဂိုတက္ကသိုလ်မှရခဲ့ပြီး သူ၏လက်ဦးဆရာက စီးပွားရေးနိုဘယ်လ်ဆုရှင် ပါမောက္ခ Friedman ဖြစ်ပါတယ်။

ပါမောက္ခ Friedman ဟာ လက်ယာအစွန်းရောက်တဲ့ စီးပွားရေးပညာရှင်တစ်ဦးအဖြစ် ထင်ရှားခဲ့တယ်။ သူ့ရဲ့ အကြံပေးမှုကို အမေရိကန်နိုင်ငံမှာ သမ္မတ ရော်နယ်ရေဂင်၊ အင်္ဂလန်နိုင်ငံဝန်ကြီးချုပ် မာဂရက်သက်ချာတို့က လက်ခံခဲ့ပြီး စီးပွားရေးပေါ်လစီတွေကို ချမှတ်ခဲ့တယ်။ ထူးခြားတဲ့အချက်က သူ့ရဲ့ ပါရဂူဘွဲ့ကိုယူရာမှာ ချီကာဂိုတက္ကသိုလ်မဟုတ်ဘဲ နာမည်ကြီး MIT မှာရခဲ့ပါတယ်။ သူ့ရဲ့ သုတေသနကျမ်းကြီးကို ကြီးကြပ်သူတွေက စီးပွားရေး နိုဘယ်လ်ဆုရှင်များဖြစ်တဲ့ ပါမောက္ခ Samuelson နဲ့ ပါမောက္ခ Solow တို့ဖြစ်ပါတယ်။

အဲဒီပါမောက္ခနှစ်ဦးက ပါမောက္ခ Friedman နဲ့ ဆန့်ကျင်ဘက်များဖြစ်ပြီး လက်ဝဲစီးပွားရေးပညာရှင်များဖြစ်ပါတယ်။ စီးပွားရေးပညာနဲ့ပတ်သက်ပြီး လက်ယာ၊ လက်ဝဲခွဲခြားမှုရဲ့အခြေခံကတော့ ဈေးကွက်ပဲဖြစ်ပါတယ်။ လက်ယာစွန်းရောက်တဲ့ စီးပွားရေးပညာရှင်တွေက ဈေးကွက်ကို အပြည့်အဝယုံကြည်တယ်။ ဈေးကွက်ဆိုတာ မမြင်ရတဲ့ လက်ကြီးလို သူ့အလိုအလျောက် ဝယ်လိုအားနဲ့ ရောင်းလိုအားတို့ရဲ့ အားမျှခြေကို ရှာဖွေပေးတယ်လို့ယူဆကြတယ်။

လက်ဝဲစွန်း စီးပွားရေးပညာရှင်များကတော့ ဈေးကွက်ဟာ ပြီးပြည့်စုံမှု မရှိနိုင်ဘူးလို့ ယုံကြည်တယ်။ ဈေးကွက်ကိုသာ လွှတ်ထားရင် လူ့အဖွဲ့အစည်းအတွက် အန္တရာယ်တွေ ရှိနိုင်တယ်လို့ ယူဆတယ်။ ဒါကို ဖြေရှင်းဖို့ အစိုးရရဲ့ အခန်းကဏ္ဍ လိုအပ်တယ်လို့ လက်ခံတယ်။ မပီပြင်၊ မပြည့်စုံတဲ့ ဈေးကွက်ယန္တရားကို အစိုးရက ဝင်ရောက်ထိန်းသိမ်းပြီး အများပြည်သူတွေရဲ့အကျိုးကို ကြည့်ဖို့ လိုတယ်လို့ ယူဆကြတယ်။ ဒါကြောင့် ပါမောက္ခ ကော့တလာဟာ လက်ယာစွန်းဆရာ လက်အောက်မှာရော လက်ဝဲစွန်းဆရာတွေနဲ့ရော စီးပွားရေးပညာကို ဆည်းပူးလေ့လာခဲ့သူဖြစ်ပါတယ်။

စီးပွားရေးပညာမှာ အခြေခံအယူအဆတစ်ခုရှိပါတယ်။ ဒါကတော့ လူတွေဟာ စီးပွားရေးနဲ့ပတ်သက်လာရင် အဆုံးအဖြတ်ပေးရာမှာ အကြောင်း အကျိုးအပြည့်အဝစဉ်းစားနိုင်စွမ်းရှိပြီး သတင်းအချက်အလက်တွေကို စုစည်း ကောက်ယူကာ အဆုံးအဖြတ်ကို ယထာဘူတကျကျစဉ်းစားပြီးမှ ရွေးချယ်မှု လုပ်တာကို လက်ခံတယ်။ စီးပွားရေးပညာတစ်ရပ်လုံးရဲ့ အခြေခံဟာ ဒီအချက်ပဲဖြစ်တယ်။ လက်တွေ့မှာတော့ လူတွေဟာ Rational အကြောင်း အကျိုး အပြည့်ဦးနှောက်သုံးပြီး ဆုံးဖြတ်တာချည်းမဟုတ်ဘဲ တစ်ခါတစ်ရံ Emotional ခံစားချက်ကို ရှေ့တန်းတင်ပြီးစဉ်းစားကြတယ်၊ ဆုံးဖြတ်ကြပါတယ်။ တစ်နည်း

> အမှန်တော့ ကျွန်တော်တို့အားလုံးဟာ ကိုယ့်နိုင်ငံကို Marketing လုပ်ပေးဖို့ လိုအပ်ပါတယ်။ မြန်မာကို လူတွေပိုသိလာအောင်၊ မြန်မာပြည်ကို စိတ်ဝင်စားလာအောင် Marketing လုပ်ရမယ်။ ကမ္ဘာလှည့်ခရီးသည်တွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်လိုတဲ့သူတွေ အခုထက်များအောင် ဆောင်ရွက်ရမယ်။ ကြော်ငြာရမယ်။ သိအောင်လုပ်ရမယ်။

ပြောရရင် ဦးနှောက်အစား နှလုံးသားကို ဦးစားပေးလေ့ရှိကြတယ်။ ထင်ရှားတဲ့ သာဓကအနေနဲ့ ဈေးဝယ်ထွက်တဲ့အခါ တစ်ခါတစ်ရံမှာ မိမိနဲ့လုံးဝ လိုက်ဖက်မှု မရှိတဲ့ အဝတ်အစားမျိုးရွေးချယ်ခဲ့ပြီး အိမ်ရောက်တဲ့အခါ ဝတ်ကြည့်မှအဆင် မပြေတာကို သိရတာမျိုးဖြစ်ပါတယ်။

အခုလို စိတ်ပိုင်းဆိုင်ရာ အချက်လက်တွေ ထည့်တွက်ပြီး သုံးသပ်လေ့လာတဲ့ စီးပွားရေးကို ပါမောက္ခ ကော့တလာဟာ စိတ်ဝင်စားခဲ့ပြီး Marketing ဘာသာရပ်ကို အထူးပြုခဲ့ပါတယ်။ စောစောက တင်ပြခဲ့သလို ပါရဂူဘွဲ့ကို အမေရိကန်ပြည်ထောင်စုမှာ နာမည်ကြီး MIT တက္ကသိုလ်က ရယူခဲ့တယ်။ ဘွဲ့လွန်ပါရဂူဘွဲ့ကိုတော့ Harvard တက္ကသိုလ်မှာ သင်္ချာပညာရပ်ကို အထူးပြုခဲ့ပြီး ချီကာဂိုတက္ကသိုလ်မှာလည်း လူမှုရေးဆိုင်ရာ သိပ္ပံဘာသာရပ်ကို အထူးပြုခဲ့ပြန်တယ်။ အခုလို သင်္ချာပညာ၊ စီးပွားရေးပညာ၊ လူမှုရေးပညာရပ်တွေကို ပူးပေါင်းလေ့လာနိုင်စွမ်းရှိတဲ့ ပါမောက္ခ ကော့တလာဟာ ပညာရှင်စစ်စစ်တစ်ဦး ဖြစ်ပါတယ်။

ပါမောက္ခ ကော့တလာရေးသားခဲ့တဲ့ Marketing Management စာအုပ်ဟာ စုစုပေါင်းအုပ်ရေ သန်း ၂၀ ကျော် ရောင်းချခဲ့ရပြီး ကမ္ဘာအနှံ့ ဘွဲ့လွန်စီးပွားရေးတက္ကသိုလ်များမှာ အမ်ဘီအေကျောင်းသားတိုင်းရဲ့ ကျမ်းကိုး စာရင်းစာအုပ်ဖြစ်ပါတယ်။ ပါမောက္ခ ကော့တလာဟာ စာအုပ်ပေါင်း ၅၀ ကျော်ရေးသားပြုစုခဲ့ပြီး ဘာသာရပ်ဆိုင်ရာ ဂျာနယ်တွေမှာ ဆောင်းပါးပေါင်း ၁၅၀ ကျော် ရေးသားခဲ့သူဖြစ်ပါတယ်။ ပါမောက္ခ ကော့တလာဟာ Marketing ဘာသာရပ်ရဲ့ ဖခင်လို့ သတ်မှတ်ခြင်းခံရသူဖြစ်ပါတယ်။

ပါမောက္ခ ကော့တလာရဲ့ ရေးသားချက်များအရ အထင်ရှားဆုံးအဆို အမိန့်ကတော့ Marketing လောကသားများသာမက စီးပွားရေးလုပ်ငန်းရှင်များအားလုံး သိသင့်သောအချက်(၇) ချက်ဖြစ်ပါတယ်။ အင်္ဂလိပ်လိုအရ 7Ps ပါ။ P ခုနစ်လုံးဖြစ်ပါတယ်။ ယင်း Pတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

၁။	P=Product	(ထုတ်လုပ်ရောင်းချသည့်ပစ္စည်း)
၂။	P=Price	(ဈေးနှုန်း)
၃။	P=Place	(တည်နေရာ)
၄။	P=Promotion	(ရောင်းအားမြှင့်တင်မှု၊ ကြော်ငြာခြင်း)
၅။	P=People	(လူ၊ ဝန်ထမ်း၊ ဖောက်သည် စသည်တို့)
၆။	P=Process	(ဖြစ်စဉ်-လုပ်ရပ်များ)
၇။	P=Physical Evidence	(ရုပ်ပိုင်းဆိုင်ရာသက်သေထင်ရှားမှု)

ကျွန်တော့်အနေဖြင့် အခုလို P ခုနစ်လုံးကို ဖောက်သည်ချရတဲ့ အကြောင်းရင်းကတော့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအားလုံး မိမိရဲ့ စီးပွားရေးအောင်မြင်ဖို့ ဒီအချက်(၇)ချက်ကို အာရုံစိုက်စေလိုပါတယ်။ စီးပွားရေးအောင်မြင်ဖို့ ဒီအခြေခံ(၇)ချက်ကို အစဉ်ဦးထိပ်ထားပြီး ဆောင်ရွက်ဖို့ လိုအပ်ကြောင်းကို တိုတိုနဲ့ရှင်းရှင်းတင်ပြသွားခြင်းဖြစ်ပါတယ်။

ပါမောက္ခ ကော့တလာဟာ Marketing ဘာသာရပ်ကို စီးပွားရေး နယ်ပယ်မှာသာမက လူမှုရေးနယ်ပယ်အတွက်လည်း အသုံးချနိုင်ကြောင်းကို ဖော်ထုတ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဆရာကြီးဟာ Social Marketing လို့ခေါ်တဲ့ လူမှုရေးမားကက်တင်းဘာသာရပ်ခွဲကို တီထွင်ခဲ့သူ ဖြစ်ပါတယ်။ ဒီဘာသာရပ်ခွဲရဲ့ အနှစ်သာရကို နားလည်ဖို့ ကျွန်တော် ပါရဂူဘွဲ့ သုတေသန လုပ်နေစဉ် တွေ့ကြုံရသော ပြဿနာတစ်ခုကို ဥပမာအဖြစ် တင်ပြချင်ပါတယ်။

အချိန်ကတော့ ၁၉၇၄ ခုနှစ်လောက်ကဖြစ်တယ်။ ဒီတုန်းက အင်္ဂလန်နိုင်ငံမှာ ကျောက်ကပ်ရောဂါခံစားနေရပြီး ကျောက်ကပ်အစားထိုးဖို့ လိုအပ်တဲ့ လူနာ ၂၀၀၀၀ ခန့်ရှိတာ တွေ့ရတယ်။ ကျန်းမာတဲ့ ကျောက်ကပ်နဲ့ အစားထိုး ခွဲစိတ်ကုသခွင့်ရရင် လူကောင်းပကတိဖြစ်နိုင်တာ။ ခက်တာက ကျောက်ကပ်လှူမယ့်သူဦးရေက အလွန်နည်းနေတာ။ လူတွေဟာ သာမန်အားဖြင့် မိမိရဲ့ကိုယ်အင်္ဂါကို တခြားလူပေးလှူဖို့ ခဲယဉ်းတယ်။ အခုလိုအခြေအနေမှာ ယာဉ်တိုက်မှုကြောင့် မတော်တဆဆုံးပါးတဲ့သူတွေက တစ်နှစ်မှာ ၄၀၀၀၀ခန့် ရှိနေတယ်။

သေဆုံးတဲ့သူတွေရဲ့ ကျောက်ကပ်တွေကိုသာ ရနိုင်ရင် ကျောက်ကပ် ရောဂါသည်တွေအတွက် အဆင်ပြေမှာ။ ဒါနဲ့ စောစောက တင်ပြခဲ့တဲ့ Social Marketing ကို အခြေခံပြီး ယာဉ်မောင်းလိုင်စင်ထဲမှာ အကယ်၍ မတော်တဆယာဉ်တိုက်မှုဖြစ်ရင်း သေဆုံးပါက မိမိရဲ့ကျောက်ကပ်ကို လှူလိုတဲ့ဆန္ဒ ရှိမရှိကို တစ်နှစ်တစ်ခါ ယာဉ်မောင်းလိုင်စင်လဲတဲ့အခါ ယာဉ်မောင်းလိုင်စင်ထဲမှာ ထည့်သွင်းဖော်ပြစေခဲ့တယ်။ မလှူချင်ရင်ရတယ်။ အတင်းလှူခိုင်းတာတော့ မဟုတ်ဘူး။ ဒါပေမယ့် လှူဖို့ဆန္ဒရှိတယ်ဆိုရင် အချိန်မီ ကျောက်ကပ်တွေ ရနိုင်မှာဖြစ်တယ်။ အခုဆိုရင် ဆေးလိပ်ဖြတ်တဲ့နေရာမှာ၊ မူးယစ်ဆေးဝါးတားဆီးတဲ့နေရာမှာ၊ ယာဉ်မတော်တဆမှုလျော့ပါးအောင် ဆောင်ရွက်တဲ့နေရာမှာ Marketing နည်းပညာတွေ အသုံးချပြီး ပြဿနာတွေကို ဖြေရှင်းနေတာ တွေ့ရပါတယ်။ ဒါတွေဟာ ဆရာကြီးရဲ့ ကျေးဇူးတွေကြောင့်ပဲ ဖြစ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် လွန်ခဲ့တဲ့ မတ်လ ၈ ရက်နေ့မှာ ကျွန်တော်ဟာ ကျွန်တော် အင်မတန်လေးစားတဲ့ ပါမောက္ခကော့တလာနဲ့အတူ Myanmar Marketing Forum ၂၀၁၄ ကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံမှာ ကျင်းပနိုင်ခဲ့တယ်။ ဆရာကြီးကိုယ်တိုင် မြန်မာပြည်လာမယ်ဆိုတာ သိတဲ့အချိန်ကစပြီး ဝမ်းသာနေမိတယ်။ ဖိုရမ်မှာ ကျွန်တော်အဖွင့်အမှာစကားပြောရတဲ့အပြင် သူ့အကြောင်းတွေကို ပရိသတ်သိအောင် မိတ်ဆက်ခွင့်ရခဲ့တယ်။

ဆက်လက်ပြီးတော့လည်း သူနဲ့အတူ ကျန်နိုင်ငံခြားပညာရှင်နဲ့ လုပ်ငန်းရှင် သုံးဦးနဲ့တွဲဖက်ပြီး စကားဝိုင်းတစ်ခုကို ပရိသတ်ရှေ့မှာ လုပ်ပေးခွင့်ရခဲ့တယ်။ ကျွန်တော်က ဒီစကားဝိုင်းမှာ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့တာ။ ဖိုရမ်နဲ့ တွဲဖက်ပြီး ကျွန်တော်ဟာ ပါမောက္ခ ဖီလစ်ကော့တလာနဲ့ နှစ်ယောက်ချင်း TV အင်တာဗျူးနှစ်မျိုးလုပ်နိုင်ခဲ့တယ်။ အခုလို ကျွန်တော်လုပ်ခွင့်ရတာကို ဝမ်းသာရုံမက အံ့သြနေမိတယ်။

အခြေအနေပေးရင် နောက်တစ်ကြိမ် မြန်မာပြည်ကို လာဖို့လည်း ဖိတ်ကြားခဲ့ပါတယ်။ သူဟာ အခုဆိုရင် Marketing of Nations လို့ ခေါ်တဲ့ နိုင်ငံတွေကို ဘယ်နည်းဘယ်ပုံ Marketing လုပ်ရမယ်ဆိုတာကို ဖော်ထုတ်ခဲ့ခြင်းဖြစ်တယ်။ ကျွန်တော်က မြန်မာပြည်မှာ ဆောင်ရွက်နေတဲ့ပြုပြင်ပြောင်းလဲမှုတွေကို အသေးစိတ်ရှင်းပြခွင့်ရခဲ့တယ်။ အမှန်တော့ ကျွန်တော်တို့အားလုံးဟာ ကိုယ့်နိုင်ငံကို Marketing လုပ်ပေးဖို့ လိုအပ်ပါတယ်။ မြန်မာကို လူတွေပိုသိလာအောင်၊ မြန်မာပြည်ကို စိတ်ဝင်စားလာအောင် Marketing လုပ်ရမယ်။ ကမ္ဘာလှည့် ခရီးသည်တွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်လိုတဲ့သူတွေ အခုထက်များအောင် ဆောင်ရွက်ရမယ်။ ကြော်ငြာရမယ်။ သိအောင်လုပ်ရမယ်။ ဒါတွေအားလုံးဟာ Marketing ပဲဖြစ်တယ်။ သမားရိုးကျစီးပွားရေးပညာရှုထောင့်က ကြည့်ရုံနဲ့မလုံလောက်ဘူး။

ဆရာကြီး မပြန်မီ မင်္ဂလာဒုံလေယာဉ်ကွင်းကနေ ကျွန်တော့်ထံ ဖုန်းဆက်ပြီး နှုတ်ဆက်စဉ် Marketing of Nations စာအုပ်ကို နောက်တစ်ကြိမ် ထုတ်ဝေတဲ့အခါ ကျွန်တော်တင်ပြခဲ့တဲ့ မြန်မာနိုင်ငံအနေအထားတွေ ထည့်ရေးမယ်လို့ပြောသွားတဲ့အတွက် ထပ်ဆင့်ကျေနပ်ရပါတယ်။ ကံဆိုတာလည်း အလုပ်ဖြစ်ကြောင်း မြတ်ဗုဒ္ဓက ဆုံးမခဲ့သလို ကျွန်တော်အားထုတ်ခဲ့တာမို့ မမျှော်လင့်တဲ့ ရလဒ်တွေ ရနိုင်ခဲ့တာသာဖြစ်ပါတယ်။

မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ပုဂ္ဂလိကကဏ္ဍကိုအားကိုးဖို့ လိုအပ်ကြောင်း နိုင်ငံတော်သမ္မတကြီးက မိန့်ကြားခဲ့တယ်။ ဒါကြောင့်လည်း Myanmar Business Forum လုပ်ဖို့လည်း တိုက်တွန်းခဲ့တယ်။ ပါမောက္ခ ကော့တလာနဲ့အတူ ကျွန်တော်တွဲဖက်ပြီး ကျင်းပနိုင်ခဲ့တဲ့ဖိုရမ်ဟာ ပုဂ္ဂလိက ကဏ္ဍရှင်သန်ဖွံ့ဖြိုးမှုကို Marketing ရှုထောင့်မှ ချဉ်းကပ်နိုင်ခဲ့တာမို့ အားရ ကျေနပ်မိပါတယ်။ ။

ဘောလုံးဝါသနာရှင် မသန်စွမ်းသူ ညီအစ်ကိုမောင်နမများအတွက် သတင်းကောင်း

ရန်ကုန် ဇွန် ၂၂

မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်အရ မြန်မာအမျိုးသားဘောလုံးအသင်းနှင့် ဂျပန်-အိုဆာကာဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲကို ဇွန် ၂၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာအမျိုးသားဘောလုံးအသင်းနှင့် ဂျပန်-အိုဆာကာဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲကို ဘောလုံးဝါသနာရှင် မသန်စွမ်းသူများအနေဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) ရုံးချုပ်တွင် ဆက်သွယ်နိုင်ကြောင်းနှင့် ဇွန် ၂၃ ရက်မှ ၂၅ ရက်အကြား ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ပါကြောင်း၊ လက်မှတ်များမှာ အကန့်အသတ်ရှိပါသဖြင့် ထုတ်ယူသူဦးရေ များပြားပါက မသန်စွမ်း အဖွဲ့အစည်းအလိုက် ခွဲတမ်းစနစ်ဖြင့်သာ ပေးဝေသွားမည်ဖြစ်ကြောင်းဖြင့် အသိပေးထားကြောင်း မြန်မာမီလီအဖွဲ့ရုံးချုပ်မှ စုံစမ်းသိရသည်။

စိုးဝင်း(SP)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

ပြည်တွင်းသတင်း

ရန်ကုန်ပြည်သူ့ဆေးရုံကြီး မွမ်းမံပြင်ဆင်ရေးစည်းဝေး

ရန်ကုန် ဇွန် ၂၂

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ ကျော်လာပြီဖြစ်သဖြင့် အမြန်ဆုံးပြုပြင်မွမ်းမံရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီလေးခု ဖွဲ့စည်းပြီးဖြစ်၍ လူနာများ အမြန်ဆုံးရွှေ့ပြောင်းနေရာချထားရေး၊ ဆေးရုံကြီး၏ ပင်မဆောင်အမြန်ဆုံးပြုပြင်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဒီဇိုင်းနည်းပညာဆပ်ကော်မတီအဖွဲ့ဝင် ဦးစောထွေးဇော်က ဆေးရုံကြီးတိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဗိသုကာပညာရှင်ဒေါ်နီလာကျော်က ဆေးရုံကြီး ပင်မဆောင်မွမ်းမံပြင်ဆင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သန်းဦးက လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေးနှင့် လက်ရှိဓာတ်အားပေးနေမှု အခြေအနေများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က နည်းပညာပိုင်းကူညီပံ့ပိုးမည့်အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဆေးရုံကြီးအမြန်ဆုံးပြုပြင်နိုင်ရေးအတွက် တင်ဒါခေါ်ယူရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ဆေးရုံကြီးတိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း Master Plan နှင့် ဆေးရုံကြီးပင်မဆောင် ပြုပြင်မွမ်းမံပြင်ဆင်ရန် တင်ဒါခေါ်ယူရေးတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ် ၅၄ သိန်းတန်ဖိုးရှိ ၆၆၀ လီတာဆံ့ ဂျာမနီနိုင်ငံထုတ် အမှိုက်ပုံးအလုံး ၂၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆေးရုံအုပ်ကြီးဒေါက်တာလှမြင့်ထံ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ *ရှေ့ဖုံးမှ*

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သော လူဇင်ဘတ်နိုင်ငံ၏အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ လူဇင်ဘတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇာဗီးရေး ဘတ်တယ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လူဇင်ဘတ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၃

၂၀၁၄ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သောလူဇင်ဘတ်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး မစ္စတာဂျွန် အာဆယ်ဘွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကုလားတန်မြစ်ကြောင်းစီမံကိန်း ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၂၂

ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၌ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိပ်ကမ်းအရာရှိ ဦးထွန်းငွေးက စီမံကိန်းအပိုင်းလိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ကုလားတန်စီမံကိန်းတွင်ပါဝင်သည့် ရေယာဉ်များ တည်ဆောက်ပြီးစီးမှုများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၏ကဏ္ဍအလိုက် ဆောင်ရွက်ပေးခဲ့မှုများကိုလည်းကောင်း တင်ပြကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံသံရုံးနှင့် စီမံကိန်းကိုယ်စားလှယ်အဖွဲ့များက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံကဏ္ဍအလိုက် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်လျက်ရှိမှုများကို ဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးဟံစိန်က အိန္ဒိယ-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် စီမံကိန်းကြီးဖြစ်သည့် အားလျော်စွာ မိမိတို့ကျရာကဏ္ဍအလိုက်ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေရာမှ အားအလွန်ကောင်း နေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

■ *ရှေ့ဖုံးမှ*

ထိုသို့ ဆန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးတွင် ရာသီဥတု၊ အစိုးရ၏ကူညီထောက်ပံ့မှု၊ အခြေခံအဆောက်အအုံနှင့် စိုက်ပျိုးထုတ်လုပ်သည့် နည်းစနစ်များအပြင် အရည်အသွေး ကောင်းမွန်သောမျိုးများရရှိရန်လည်း အရေးကြီးကြောင်း သိရသည်။

ယင်းအချက်များ ပြည့်စုံပါက မြန်မာနိုင်ငံမှ ဆန်ထုတ်လုပ်မှုသည် လာမည့်၂၀၁၅ ခုနှစ်၌ ဆန် တန်ချိန် ၁၂ ဒသမ ၁၆ သန်းအထိ ထုတ်လုပ်နိုင်မည်ဟု ယူအက်စ်ဒီအေပို့စ်က ခန့်မှန်းထားသည်။

မြန်မာနိုင်ငံမှ ဆန်များကို ဥရောပနှင့် အာရှနိုင်ငံအချို့တို့က ဝယ်ယူလျက်ရှိပြီး အာဖရိကနိုင်ငံအချို့ကလည်း ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ နယ်စပ်ကုန်သွယ်ရေး စခန်းများအနက် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိသော်လည်း ဈေးနှုန်းမှာ မတည်မငြိမ်ဖြစ်လျက်ရှိသည်။

(မြန်မာ့အလင်း)

မိုးညှင်းမြို့နယ် ဆားလှော်ချောင်း (အင်ကြင်းကုန်းမြောင်း) ရေလွှမ်းမိုးမှုကင်းဝေးစေရန် ပေ ၁၃၈၆၀ တူးဖော်

မိုးညှင်း ဇွန် ၂၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မရင်းကုန်းကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာအနီးရှိ ဆားလှော်ချောင်း (အင်ကြင်းကုန်းမြောင်း) ပေ ၁၃၈၆၀၊ အကျယ် ပေ ၂၀၊ အနက် ၅ ပေ တူးဖော်ခြင်းလုပ်ငန်းကို မိုးစပါးစိုက်ပျိုးရာသီအမီ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ယခုတူးဖော်လျက်ရှိသည့် ဆားလှော်ချောင်း (အင်ကြင်းကုန်းမြောင်း) သည် ၃၁၆ ကွင်းနှင့် ၃၁၉ ကွင်းမှ တောင်သူ ၉၆ ဦး၏ မိုးစပါးလယ်မြေဧက ၁၀၀၀ ကျော်နှင့် ဆောင်းသီးနှံစိုက်ပျိုးရေးကို အဓိကမှီခိုအားထားရသော ရေသွင်းမြောင်းဖြစ်သည်။

အင်ကြင်းကုန်းကျေးရွာမှ အကျိုးဆောင် တောင်သူ ဦးကျော်စိုးက "ဆားလှော်ချောင်း(အင်ကြင်းကုန်းမြောင်း) တိမ်ကောလာတဲ့အတွက် မိုးကြီးတဲ့အခါ မြောင်းရေလျှံပြီး စပါးအထွက်နှုန်း လျော့နည်းပြီး အရည်အသွေး မမီခြင်းရှိခဲ့ပါတယ်၊ ရေမြောင်းတူးဖော်ပေးတဲ့အတွက် ရေလွှမ်းမိုးမှုသက်သာမယ်၊ စပါးအထွက်နှုန်း ပိုကောင်းမယ်၊ အရည်အသွေး ပိုကောင်းလာမှာ ဖြစ်ပါတယ်၊ မြန်မာ့အလင်းသတင်းစာမှာ တောင်သူအကျိုးကို ဖော်ပြပေးတဲ့အတွက် ထင်သာမြင်သာကြုံဆုံရလို့ ဝမ်းသာကျေးဇူးတင်ပါတယ်" ဟု ပြောပြသည်။

အင်ကြင်းကုန်းကျေးရွာ အထောက်အကူပြု အကျိုးဆောင်တောင်သူ ဦးအောင်ဗလက "အခုလုပ်ငန်းခွင်မှာ တောင်သူတွေရဲ့ လယ်မြေတွေကို အထိအခိုက်မရှိ တူးဖော်ဖြောင့်ပေးပါတယ်၊ မြောင်းဟောင်းက တိမ်ကောလာတာဖြစ်တဲ့အတွက် မိုးအားကောင်းရင် ရေတွေလျှံတက်ပြီး လယ်ကွက်ထဲကို ရေတွေဝင်ခဲ့ပါတယ်၊ မြောင်းဟောင်းအတိုင်းထားရင်လည်းမြောင်းကောပိတ်ဆို့မှုဖြစ်နိုင်ပြီး တောင်သူတွေ ဒုက္ခဖြစ်နိုင်ပါတယ်၊ အခုတော့ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း ပြီးစီးတော့မှာပါ၊ ပြီးစီးရင် ရေလျှံမှုကင်းပြီး စပါးအထွက်နှုန်းကောင်းစေမှာ ဖြစ်ပါတယ်၊ စပါးအရည်အသွေးလည်းကောင်းစေမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ကတော့ မြန်မာ့အလင်းသတင်းစာမီဒီယာနဲ့ ဆောင်ရွက်ပေးကြသူတွေအားလုံးကို အထူးပဲကျေးဇူးတင်ကြပါတယ်၊ ကျွန်တော်တို့မြောင်းကို ဆက်လက်ထိန်းသိမ်းသွားကြမှာပါ" ဟု ပြောပြသည်။

ဆားလှော်ချောင်း (အင်ကြင်းကုန်းမြောင်း) တူးဖော်ညှိနှိုင်းရေးအတွက် မိုးညှင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူးတို့က ဒေသအကျိုးဆောင် တောင်သူများဖြင့် ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ **(ဝဇြ)**

ဒိုက်ဦးမြို့တွင် ဗုံးသီးဟောင်းတွေ့ရှိ

ဒိုက်ဦး ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ဒရယ်မီးရပ်ကွက် အုတ်ရှစ်ကုန်းလမ်းနေ ဦးညွန့်နိုင် ဝါးလုပ်ငန်းလုပ်ကိုင်သူ၏ နေအိမ်ခြံဝင်းအတွင်း ဇွန် ၂၁ ရက် နံနက် ၇ နာရီက ဒရယ်မီးရပ်ကွက် အရှေ့ပိုင်းမှ ဝယ်ယူ၍ ဖို့ထားသော မြေထဲမှအလျား ကိုးလက်မခန့်၊ အချင်းသုံးလက်မ၊ လုံးပတ်ကိုးလက်မခန့်ရှိ ထိပ်ဖူးချွန် နောက်ဖင်ဒလက် ငါးခုပါ စစ်ကျန်ဗုံးသီးဟောင်းဟု ယူဆရသော သံချေးတက်နေသည့်ဗုံးသီးကို အိမ်ရှင်ဦးညွန့်နိုင်က မီးခိုးထွက်နေသည်ကို တွေ့ရှိရ၍ မီးခိုးများ ရပ်တန့်သွားစေရန် ရွှံ့ထဲသို့ပစ်ချပြီး ရွှံ့ဖြင့် ဖုံးအုပ်ကာ ဒိုက်ဦးမြို့မရဲစခန်းသို့ သတင်းပို့ အကြောင်းကြားခဲ့သည်။

စစ်ဆေးစမ်းသပ်

အဆိုပါဖြစ်စဉ်ကို မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ၊ နယ်မြေခံတပ်နှင့် လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဗုံးသီးဟောင်းကို သဲအိတ်များဖြင့်ကာရံထားရှိပြီး ပဲခူးမြို့ စစ်မြေပြင်အင်ဂျင်နီယာတပ်ကို ဆက်သွယ်ခဲ့ရာ အင်းတကော်တပ်မှ ဗိုလ်ကြီး သက်ဝေဦး ဦးစီးသောအဖွဲ့ရောက်ရှိကာ အသေးစိတ်စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီး ဗုံးသီးကို အင်းတကော်တပ်သို့ သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ကျော်ကျော်(iprd)

ပြည်တွင်းသတင်း

မိဘ၊ ဆရာ၊ ကျောင်းသား နီးကပ်စွာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သစ်ဖြင့် ပညာရေးအရည်အသွေးမြင့်မားတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်း

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် နှင့် ဆရာ ဆရာမများအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၂

မိဘ၊ ဆရာ၊ ကျောင်းသားနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သစ်ဖြင့် ပညာရေးအရည်အသွေးမြင့်မားတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းမှုကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်ပညာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ စစ်ကိုင်းပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်အေးအေးမြင့်နှင့် မိဘ၊ ဆရာ၊ ကျောင်းသား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သစ်အတွက် လေ့လာသုတေသနပြုနေသော ပညာရှင်များ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းကပြောကြားရာတွင် ယခုအခါ အမျိုးသားပညာရေးအတွက် စိတ်ဝင်စားကြသောမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပညာရေး အရည်အသွေး အဆင့်အတန်းမြင့်တင်နိုင်ရန် အရှိန်ရစပြုလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု(Third Wave) အဖြစ် မြှင့်တင်ဆောင်ရွက်ရာ၌ ပညာရေးကဏ္ဍသည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သောကြောင့် အထူးအလေးထား၍ အရှိန်ပိုမိုမြှင့်တင်ရမည့်ကဏ္ဍအဖြစ် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်သတ်မှတ်ထားပါကြောင်း၊ ပညာရေးကဏ္ဍမြှင့်တင်မှုအတွက် ပညာရေးဝန်ကြီးဌာနနှင့် ကော်မတီအသီးသီးက အားပေးဖြည့်ဆည်းပေးရုံဖြင့် တိုးတက်လာနိုင်မည်မဟုတ်ဘဲ အဓိကအခန်းကဏ္ဍကပါဝင်နေသည့် မိဘ၊ ဆရာနှင့် ကျောင်းသားအပိုင်းက နီးကပ်စွာ ပူးပေါင်းညှိနှိုင်းလျက် အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြုပြင်၍ ကျောင်းသားများက စဉ်းစားတွေးခေါ် တီထွင်ကြံဆ လုပ်ကိုင်တတ်သည့် အလေ့အကျင့်များ ရရှိလာစေရန်၊ သင်ကြားပို့ချမှုများ လိုအပ်သည့်အတွက် ယခုကဲ့သို့ မိဘဆရာ ကျောင်းသားနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်သစ် အကောင်အထည်ဖော်ရန် လေ့လာသုတေသနပြုရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်အေးအေးမြင့်၊ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ စောပြုံးနိုင်နှင့် ပညာရှင်များ၊ ဆရာ ဆရာမများက အစီအစဉ်သစ်အတွက် လေ့လာသုတေသနပြုတွေ့ရှိချက်များနှင့် ဆောင်ရွက်သင့်သည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ရန်ကုန်နည်းပညာတက္ကသိုလ်သို့လည်း သွားရောက်၍ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး သင်ကြားရေးလိုအပ်ချက်များ၊ သုတေသနနှင့် လက်တွေ့လုပ်ဆောင်မှု လိုအပ်ချက်များနှင့် ဆရာ၊ ကျောင်းသားနေထိုင်သွားလာရေး လိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းပြီး (Planning) နှင့် (Budgeting) တွင် ထည့်သွင်းရေးဆွဲသွားရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၂၂

ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့်အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့တို့ပူးပေါင်း၍ အခွန်တိမ်းရှောင်မှု၊ အခွန်ကင်းလွတ်နေမှုများကို စိစစ်ဖော်ထုတ်ခြင်း၊ အခွန်ကောက်ခံမှု စနစ်တကျရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကြောင့် တစ်နှစ်တာကာလအတွင်း အခွန်ငွေများ တိုးတက်ရရှိလာသည်ကိုတွေ့ရှိရကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရှင်းလင်းလွယ်ကူပြီး ပွင့်လင်းမြင်သာသော၊ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသောအခွန်စနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားရမှာ ဖြစ်ကြောင်းဖြင့် ယမန်နေ့နံနက် ၉ နာရီတွင် ပြည်တွင်းအခွန်များဦးစီးဌာန ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့မှ တာဝန်ရှိသူများတွေ့ဆုံပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပေးခဲ့သည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်ကောက်ဥပဒေနှင့်အညီ အခွန်ကောက်ခံမှုများကို စနစ်တကျ လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေနှင့် ပြည်တွင်းခွန်များဦးစီးဌာနက ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အခွန်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အခွန်ထမ်းပြည်သူများသိရှိနားလည်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့နယ်များအထိ ရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ရှင်းလင်းဆွေးနွေးရာတွင် ပြည်သူလူထု၏ အကြံပြုတင်ပြချက်များကို အလေးထားမှတ်သား၍ ပြန်လည်တင်ပြကြရန်လိုအပ်ကြောင်း၊ ပြုပြင်သင့်သည့် အချက်အလက်များကို နောင်နှစ်တွင် ပြဋ္ဌာန်းမည့်အခွန်ကောက် ဥပဒေမူကြမ်းရေးဆွဲရာတွင် ထည့်သွင်းသုံးသပ်ဆွေးနွေးသွားကြရန်ဖြစ်ကြောင်း။

အခွန်ကောက်ခံရာတွင် မျှတမှန်ကန်ရေး၊ ပွင့်လင်းမြင်သာရေးအတွက် အခွန်ကြီးကြပ်ကောက်ခံမှုဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်၏ စိတ်ထား၊ ခံယူချက်ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အခွန်ဆိုင်ရာ ပညာရပ်၊ ဗဟုသုတ၊ အတွေ့အကြုံများရရှိရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲကျင့်သုံးမည့် အခွန်ထမ်းပြည်သူကိုယ်တိုင် အခွန်တွက်ချက် ထမ်းဆောင်သည့်စနစ်ကူးပြောင်းမှုဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာအခွန်ပညာရှင်များ၏ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်နေသည်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့်လည်း ပြောကြားသည်။

ထို့နောက် အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေး ဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရ ဦးသောင်းလွင်က ဘုတ်အဖွဲ့၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ အခွန်ကောက်ခံမှု စနစ်တကျဆောင်ရွက်ရေးအတွက် သုံးသပ်အကြံပြုချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ပြည်တွင်းအခွန်များ ဦးစီးဌာနသည် လက်ရှိကျင့်သုံးနေသောအခွန်စနစ်မှ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် အခွန်စနစ်ပြုပြင်ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် နိုင်ငံတကာအခွန်ပညာရှင်များ၏ နည်းပညာအကူအညီရယူ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်းထိန်းသိမ်းရေးပူးပေါင်းတစ်ဖွဲ့ ထပ်မံဖွဲ့စည်းမည်

ယနေ့ရန်ကုန်မြို့ကြီး၌ နေ့စဉ်နှင့်အမျှ ယာဉ်ကြောများရှုပ်ထွေး ကျပ်တည်းလျက်ရှိသည်။ ယာဉ်ကြောများ ကျပ်တည်းမှုတွင် ယာဉ်များ များပြားလာခြင်းထက် စည်းကမ်းမဲ့မောင်းနှင်နေမှုများသည် ယာဉ်ကြောကျပ်ခြင်းအကြောင်းတရားတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

၂၀၁၄ ဇွန် ၁ ရက်မှ အစပြု၍ ယာဉ်ထိန်းတပ်ဖွဲ့၊ ကညန၊ မထသ၊ ပို့/ဆက်၊ မြို့တော်စည်ပင်၊ စည်ပင်ရဲ၊ နယ်မြေခံရဲ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့ကိုးဖွဲ့ဖြင့် စည်းကမ်းမဲ့မောင်းနှင်သော ယာဉ်များကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့သည်။

အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးဒုတိယရဲမှူးကြီး လင်းထွဋ်က တစ်ဖွဲ့လျှင် မြို့နယ်သုံးမြို့နယ်မှ လေးမြို့နယ်အထိ ဆောင်ရွက်နေကြရကြောင်း၊ လက်ရှိအနေအထားတွင်ဖွဲ့စည်းထားသည့်အဖွဲ့များနှင့် မလုံလောက်သည့်အတွက် နောက်ထပ်တစ်ဖွဲ့ထပ်မံတိုးချဲ့၍ ဆောင်ရွက်ရန် စီစဉ်မှုရှိနေကြောင်း ပြောခဲ့သည်။

အဖွဲ့သစ်ထပ်မံတိုးချဲ့နိုင်ရန်အတွက် ဇွန် ၁၂ ရက်က အထက်သို့တင်ပြခဲ့ပြီးဖြစ်၍ ခွင့်ပြုလာပါက ပူးပေါင်းအဖွဲ့ ၁၀ ဖွဲ့ဖြင့် ရန်ကုန်မြို့၏ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - ကိုကြီးတင်၊ ဓာတ်ပုံ - ဘော်ဂါသွေး

"စည်းကမ်းမဲ့ယာဉ်တွေများလာတာကြောင့် ယာဉ်ကြောတွေ မကျပ်သင့်ဘဲကျပ်နေတာ၊ အဲဒါတွေကို အဓိကဖမ်းဆီးရမယ်"ဟု အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ရဲအုပ်အဆင့်ရှိသူ အရာရှိတစ်ဦးက ပြောပြသည်။

ယနေ့ရန်ကုန်မြို့၌ပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၃၅၀ ခန့်ရှိပြီး ယင်းမှပြေးဆွဲနေသော ယာဉ်အစီးရေပေါင်းမှာ ၅၀၀၀ ခန့်အပါအဝင် ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်စုစုပေါင်း နှစ်သိန်းကျော်သည် နေ့စဉ်နှင့်အမျှ ရန်ကုန်လမ်းမကြီးများပေါ်တွင် မိုးလင်းမှ မိုးချုပ်မောင်းနှင်နေကြသည်။

ယနေ့ရန်ကုန်၌ မြေပြင်ကွင်းဆင်း ယာဉ်ထိန်းရဲအင်အားမလုံလောက်သည့်အတွက် ယာဉ်များထိန်းသိမ်းရာတွင် လစ်ဟာချက်၊ လိုအပ်ချက်၊ အားနည်းချက်များရှိနေသည်။ ထို့ကြောင့် ယခုကဲ့သို့ ဌာနပေါင်းစုံမှ ပူးပေါင်းအဖွဲ့များဖြင့် စည်းကမ်းများထိန်းပေးနေရခြင်းဖြစ်ကြောင်း ပူးပေါင်းအဖွဲ့တွင်ပါဝင်သူ အရာရှိတစ်ဦးက ပြောပြခဲ့သည်။

နေ့စဉ်နှင့်အမျှ ယာဉ်များစည်းကမ်းမဲ့မောင်းနှင်မှုကိုတွေ့နေရသော မြေနီကုန်းမီးပွိုင့်အနီးမှ ဈေးသည်တစ်ဦးက"ကျွန်တော်က မီးပွိုင့်လမ်းဆုံအနီးမှာ မိုးလင်းက မိုးချုပ်ရှိနေတော့ မီးပွိုင့်မှာဝင်ရောက်တဲ့ စည်းကမ်းမဲ့ယာဉ်တွေကို နေ့စဉ်မြင်နေရတယ်။ အဆိုးဆုံးကတော့ မီးပွိုင့်မှာ မီးနီလို့တန်းစီစောင့်ကြပြီဆို ဟိုးနောက်ဆုံးကလာတဲ့ လိုင်းကားက နောက်ကနေ တန်းမစီတော့ဘူး၊ ဘေးကွေ့ကြောပေးထားတဲ့ လမ်းကဝင်လာပြီး မီးပွိုင့်ထိပ်နားမှာ ကွေ့ကြောပေါ်ကနေ အတည့်လမ်းကိုဝင်ဖို့စောင့်နေတယ်။ အဲဒီတော့ ဖရီးကွေ့ကြောကလာပြီး ပြည်လမ်းဘက်ကို ကွေ့မယ့်ကားက ထွက်လို့မရတော့ဘူး၊ ရပ်နေရတယ်။ နောက်ကကားတွေကလည်း ဒီအတိုင်းပဲ၊ ယာဉ်ကြောကျပ်တယ်ဆိုတာ အဲဒါတွေလည်းပါတယ်။ အဲဒီလို စည်းကမ်းမဲ့မောင်းတဲ့ကားတွေ၊ ရပ်တဲ့ကားတွေကို များများအရေးယူရမှာ" ဟု သူ့အတွေ့အကြုံကို ပြောပြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် တစ်ဖွဲ့လျှင် ဌာနပေါင်းစုံမှ အနည်းဆုံး ၁၆ ဦးမှ ၂၀ အထိပါဝင်ပြီး နံနက် ၆ နာရီမှ စတင်၍ စုရပ်တစ်ခုတွင် စုစည်းကြပြီး ဆောင်ရွက်ကြခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းသည့်အချိန်မှ စတင်၍ ဖမ်းဆီးသည့်အမှုပေါင်း ၃၄၃၄ မှုရှိကြောင်း သိရသည်။

မော်တော်ယာဉ်သွားလာမှုများပြားသည့် ရန်ကုန်မြို့လယ်ကောင် အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းမီးပွိုင့်၌ မော်တော်ယာဉ်များသွားလာမှုကို တွေ့ရစဉ်။

ပြည်တွင်းသတင်း

အစ္စရေးနိုင်ငံသံရုံးက အပန်းဖြေလက်တွန်းလှည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီးများသို့ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံရုံးက အပန်းဖြေလက်တွန်းလှည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ခုတင် ၅၅၀ ဆံ့ ရန်ကင်းကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယခုကဲ့သို့ လှူဒါန်းမှုသည် ကလေးလူနာများအတွက် အကျိုးရှိစေရုံသာမက မြန်မာ-အစ္စရေး နှစ်နိုင်ငံချစ်ကြည်ရေးအတွက်လည်း များစွာအထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Hagay Moshe Behar က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး လှူဒါန်းပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကင်းကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်လွင်က ကျေးဇူးတင်စကားပြောကြားသည်။ ယနေ့လှူဒါန်းသော အပန်းဖြေ လက်တွန်းလှည်းတွင် ကလေးလူနာများအတွက် ကဗျာ၊ ပုံပြင်၊ ပုံဆွဲစာအုပ်များနှင့် ကစားစရာပစ္စည်းများပါဝင်ကြောင်း သိရှိရသည်။ **(ယာပုံ)** **(သတင်းစဉ်)**

✲ *ကျောဖုံးမှ*

ဌာနတို့က ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီကနေပြီးတော့ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၅ ဒသမ ၂ သန်းနဲ့ စက်ရေတွင်းတွေကို တူးဖော်ပေးသွားမှာ ဖြစ်ပါတယ်” ဟု မြို့နယ်ကျေးလက်ဦးစီးဌာန ဒုတိယဦးစီးမှူးဦးစိုးခိုင်က ပြောကြားခဲ့သည်။

ရေတွင်း၊ ရေကန်များ တူးဖော်ပြီးစီးပါက ပုလဲမြို့နယ်အတွင်း ရေရှားပါးသည့်ကျေးရွာများတွင် ရေများပေါများစွာ ရရှိမည်ဖြစ်သောကြောင့် ကျေးရွာနေပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက အတည်ပြုသတ်မှတ်

နေပြည်တော် ဇွန် ၂၂

ကာတာနိုင်ငံ ဒိုဟာမြို့၌၂၀၁၄ ခုနှစ် ဇွန် ၁၅ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိသည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိပြီး **(ယာပုံ)** မြန်မာနိုင်ငံရှိ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံ၊ ICO-MOS အဖွဲ့တို့နှင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ရာ ဇွန် ၂၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ကမ္ဘာ့အမွေအနှစ် ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံ၏ ထောက်ခံချက်များအရ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများအား ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ် အောက်တိုဘာလအတွင်း ပျူရှေးမြို့ဟောင်း သုံးမြို့အပါအဝင် မြောက်ဦး၊ ပြဒါးလင်းဂူ၊ အင်းလေးကန်၊ မင်းကွန်းဒေသ၊ မန္တလေးဒေသ၊ အင်းဝဒေသနှင့် ဟံသာဝတီ စသည့် ရှေးဟောင်းနေရာနှင့် သဘာဝနေရာ ရှစ်ခုကို ယူနက်စကိုသို့ အဆိုပြုတင်သွင်းခဲ့သည်။ အဆိုပြု အမွေအနှစ်ရှစ်ခုအနက်မှ မြို့ပြယဉ်ကျေးမှု အစောဆုံးထွန်းကားခဲ့ခြင်း၊ ထေရဝါဒဗုဒ္ဓဘာသာ အစောဆုံးရောက်ရှိထွန်းကားခဲ့ခြင်း၊ အရှေ့တောင်အာရှဒေသတွင် အစောဆုံး ထွန်းကားခဲ့သော ရှေးမြို့ဟောင်းအဖြစ် ထင်ရှားစွာကြွင်းကျန်ခဲ့ခြင်း၊ ပုဂံခေတ်အားအနုပညာလက်ရာ ယဉ်ကျေးမှု အဆင့်မြင့်မားစွာ ပေါက်ဖွားလာအောင် မျိုးစေ့ချပေးခဲ့ခြင်းတို့၏ အကောင်းဆုံး ပြယုဂ်ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများအား Serial Nomination အဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် ၂၀၀၈ ခုနှစ်ကတည်းကပင် စတင်ဆောင်ရွက်ခဲ့သည်။

ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများ၊ ဒေသခံယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့များ၊ ဒေသခံပြည်သူများ အတူပူးပေါင်းလက်တွဲဝိုင်းဝန်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း UNESCO World Heritage Centre နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ပျူရှေးမြို့ဟောင်းများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းကပင် စတင်ဖွံ့ဖြိုးခဲ့သည့် မြန်မာနိုင်ငံ၏ အစောဆုံးမြို့ပြများဖြစ်ကြောင်း၊ လွန်စွာရှေးကျသည့်အတွက်လည်း ကြံ့ခိုင်မှုအားနည်းနေသည့်အပြင် မြေပေါ်မြေအောက် အထောက်အထားကြွင်းကျန်မှုလည်း နည်းပါးကြောင်း၊ အမြန်ဆုံး ကာကွယ်ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ဦးစားပေးရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းသင့်/မသင့်ကို UNESCO World Heritage Centre ၏ အကြံပေးစိစစ်ဆေးရေးအဖွဲ့ဖြစ်သော ICO-MOS အဖွဲ့က လာရောက်အကဲဖြတ်စစ်ဆေးခဲ့ပြီး ယခုကျင်းပလျက်ရှိသည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံ၊ ICOMOS အဖွဲ့တို့နှင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ရာ ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင် ၂၁ နိုင်ငံ၏ ထောက်ခံချက်များအရ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူ ရှေးမြို့ဟောင်းများအား ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✲ *ရှေ့ဖုံးမှ*

ကြွင်းကျန်နေခဲ့ခြင်း၊ ပုဂံခေတ်အားလက်ရာမြောက်မှု ယဉ်ကျေးမှုအဆင့်မြင့်မားမှုကို ပေါက်ဖွားလာအောင် မျိုးစေ့ချပေးခဲ့ခြင်းတို့၏ အကောင်းဆုံး ပြယုဂ်ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်း သုံးမြို့အား Serial Nomination အဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် ၂၀၀၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် UNESCO World Heritage Center နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ပျူမြို့ဟောင်း သုံးမြို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်က စတင်ဖွံ့ဖြိုးခဲ့သည့် မြန်မာနိုင်ငံ၏ အစောဆုံးမြို့ပြများဖြစ်ခြင်း၊ လွန်စွာရှေးကျပြီး ကြံ့ခိုင်မှုအားနည်းနေခြင်း၊ မြေပေါ် အမွေအနှစ် အထောက်အထားကြွင်းကျန်မှု နည်းပါးနေခြင်း၊ မြန်မာများပင်လျှင် ပျူခေတ် အမွေအနှစ်၏ အရေးပါမှုတန်ဖိုးရှိမှုကို ဂဃနဏသိသူနည်းပါးခြင်းတို့ကြောင့် အမြန်ဆုံး ကာကွယ်ထိန်းသိမ်းရန် လိုအပ်နေပြီဖြစ်သည့် ရှေးဟောင်းမြို့များဖြစ်ခြင်းတို့ကြောင့် ဦးစားပေး၍ ကမ္ဘာ့အမွေအနှစ်တင်သွင်းရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အမွေအနှစ် စာရင်းဝင် သတ်မှတ်သင့်မသင့်ကို လာရောက်စစ်ဆေးသော ICOMOS အဖွဲ့သည် သက်ဆိုင်ရာနိုင်ငံက တင်သွင်းထားသည့် စာရွက်စာတမ်းများနှင့် ကွင်းဆင်းစစ်ဆေးမှုအပေါ် အခြေခံစိစစ်ပြီး (၁) Inscribes (ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်သင့်ကြောင်း)၊ (၂) Referrel (သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်များရှိ၍ တစ်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပါက ရှေ့တစ်နှစ်တွင် သတ်မှတ်သင့်ကြောင်း) (၃) Defers (သတ်မှတ်စံနှုန်းများနှင့် မကိုက်ညီသေး၍ နှစ်နှစ်အတွင်း ပြည့်စုံအောင် ဆောင်ရွက်ပြီး ပြန်တင်ပြရန်ဖြစ်ကြောင်း)နှင့် (၄) Not to Inscribes (မသတ်မှတ်သင့်ကြောင်း) စသည်ဖြင့် သုံးသပ်ချက်လေးမျိုးကို ကျိုးကြောင်းဖော်ပြ၍ ကမ္ဘာ့အမွေအနှစ်ဗဟိုအဖွဲ့သို့ တင်ပြရကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပျူမြို့ဟောင်း သုံးမြို့ကို တတိယအဆင့် Defers ဟု သတ်မှတ်ခဲ့ပြီး လိုအပ်ချက်များ ပြည့်စုံအောင် ဆောင်ရွက်ပြီးနောက် နောက်နှစ်နှစ်ကြာမှသာ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်မည်ဟု ၄င်းတို့က စိစစ်တင်ပြခဲ့သည်။

သို့ဖြစ်၍ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြခဲ့သော Nominational Dossier အား

“ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့သည် လွန်ခဲ့သောနှစ် ၂၀၀၀ ကျော်မှစတင်၍ အရှေ့တောင်အာရှဒေသအတွင်း ဗုဒ္ဓဘာသာပျံ့နှံ့ခဲ့သည်ကို သက်သေပြလျက်ရှိ ”

“ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ဒေသတွင်း သက်တမ်းရှည်သော အဆင့်မြင့်ယဉ်ကျေးမှုမြို့တော်များဖြစ်ခဲ့ ”

ICOMOS က စိစစ်ခဲ့ရာ အချို့ အားနည်းချက်၊ ယူဆမှုမှားယွင်းမှုများကြောင့် Defers ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံက ကမ္ဘာ့အမွေအနှစ်အဖွဲ့သို့ Pyu Com အနေဖြင့် ပြန်လည်ရှင်းလင်း တင်ပြခဲ့ခြင်း၊ ကမ္ဘာ့အမွေအနှစ် ကော်မတီဝင် ၂၁ နိုင်ငံနှင့်လည်း အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ခြင်းတို့ကြောင့် ယခုအစည်းအဝေးတွင် UNESCO ၏ အားပေးမှုနှင့် ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် ၂၁ နိုင်ငံ၏ ထောက်ခံမှုများကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ UNESCO ၏ ယနေ့ထုတ်ပြန်ချက်တွင် ဟန်လင်း၊ ဗိဿနိုးနှင့်သရေခေတ္တရာတို့သည် လွန်ခဲ့သောနှစ် ၂၀၀၀ ကျော်မှစတင်၍ အရှေ့တောင်အာရှဒေသအတွင်း ဗုဒ္ဓဘာသာပျံ့နှံ့ခဲ့သည်ကို သက်သေပြလျက်ရှိကြောင်း၊ ထို့အပြင် ယင်းမြို့ဟောင်းများသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ဒေသတွင်း သက်တမ်းရှည်သော အဆင့်မြင့်ယဉ်ကျေးမှုမြို့တော်များဖြစ်ခဲ့ကြောင်း၊ အဆိုပါခေတ်များအတွင်း ဆန်းသစ်သောနည်းပညာများဖြစ်သည့် အရင်းအမြစ် စီမံခန့်ခွဲမှု၊ အရည်ဖိအားသုံးအတတ်ပညာ၊ စိုက်ပျိုးရေးပညာ၊ အုတ်ဖုတ်ပညာနှင့် ပန်းပဲဆိုင်ရာ အတတ်ပညာတို့ဖြင့် တီထွင်ဆန်းသစ်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ကောင်းမွန်သော မြို့ပြစီမံကိန်းနှင့် အဆောက်အအုံ ဆောက်လုပ်ခြင်းတို့သည် အရှေ့တောင်အာရှဒေသအတွင်း စံပြအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနသည် အီတလီငွေကြေးထောက်ပံ့သော စီမံကိန်းတစ်ခုမှ တစ်ဆင့် ယူနက်စကို၏ ထောက်ပံ့ကူညီမှုရယူပြီး ယခုကဲ့သို့ ရှေးဟောင်းအမွေအနှစ်စာရင်းဝင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းကော်မတီသည် တောင်ကိုရီးယား၊ တရုတ်၊ အိန္ဒိယတို့မှ ရှေးဟောင်းအမွေအနှစ်များအပြင် ပိုးလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုကိုပါ ရှေးဟောင်းအမွေအနှစ်စာရင်းသို့ ထည့်သွင်းနိုင်ခဲ့ကြကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

✲ *ကျောဖုံးမှ*

မိနစ်နှင့် ၇၈ မိနစ်တွင် ဆာဆာတို့က သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း

ဇေယျာရွှေမြေ - တစ်ဂိုး

(ချူကွာရူ)

ဆောက်သမ်း - ဂိုးမရှိ

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ချင်းယူနိုက်တက် - ရတနာပုံ

မကွေးအသင်းက ဂိုးရရှိရေး ကြိုးစားမှုကို ရောဝတီဂိုးသမား ကာကွယ်စဉ်။

မူးယစ်ဆေးဝါးပညာပေးဟောပြော

လွယ်ဂျယ် ဇွန် ၂၂

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၀ ရက်က ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်ရဲတပ်ဖွဲ့၊ တိ/မွေးကုဆရာဝန်ကြီး၊ လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့ စိတ်(၂)လွယ်ဂျယ်နှင့် တာဝန်ရှိသူများက ပညာပေးဟောပြောကြသည်။

ရင်ငြိမ်းပန်း(လွယ်ဂျယ်)

ယဉ်ကျေးမှုမြင့်မားခဲ့သည့် ပျူလူမျိုးတို့၏ သရေခေတ္တရာခေတ် ပျူကြေးရုပ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

တိုင်းဒေသကြီးအဆင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ MCPA Quiz ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇွန် ၁၉ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ ပုသိမ် ဟိုတယ်၌ကျင်းပသည့် တိုင်းဒေသကြီးအဆင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ MCPA Quiz ပြိုင်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲဝင်ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကန်ကြီးထောင့်မြို့နယ် ဧရာသီရိသုခခန်းမ၌ ကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် အကောင်းဆုံးကျောင်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများ ဂုဏ်ထူးရရှိအောင် သင်ကြားပေးနိုင်သော ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ကန်ကြီးထောင့်မြို့ ကမ်းနားလမ်း ကမ်းပြိုမှုထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမကောလိပ်(မန္တလေး) နှစ် ၂၀ ပြည့်အထိမ်းအမှတ် ဂုဏ်ပြု

မန္တလေး ဇွန် ၂၂

သမဝါယမကောလိပ်(မန္တလေး) နှစ် ၂၀ ပြည့် အထိမ်းအမှတ် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေ အတွက် ထုတ်ဝေသည့် " ရန်ကင်းမြေ" မဂ္ဂဇင်းထွက်ရှိလာရာ အဆိုပါ မဂ္ဂဇင်းတွင် ပါဝင်ရေးသားချီးမြှင့်ကြသူ စာရေးဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၆၂ လမ်း၊ ၄၃ လမ်းထောင့် မနော်ယမ်အားကစားကွင်းရှိ ကဖေးအမ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကင်းတောင်ဉယျာဉ် ပရိယတ္တိစာသင်တိုက် ရန်ကင်း ဆရာတော်က သြဝါဒစကားမြွက်ကြားပြီး ရန်ကင်းမြေမဂ္ဂဇင်းဖြစ်မြောက်ရေး နာယကတာဝန်ခံစာတည်း ဆရာမချိုချို (ရေစကြို)၊ သမဝါယမကောလိပ် ကျောင်းအုပ်ကြီး ဒေါ်တင်မူအေးတို့က အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာများ ကိုယ်စား ဆရာဦးကျော်ရင်မြင့်က မှတ်တမ်းစကား ပြောကြားပြီး စာတည်းအဖွဲ့မှ စာရေးဆရာမ သင်းသင်းအေးထိန် (ကျောင်းသူဟောင်း)က မဂ္ဂဇင်း ဖြစ်ပေါ်လာပုံနှင့် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်မှုများကို အသေးစိတ်တင်ပြသည်။

အဆိုပါ သမဝါယမကောလိပ် (မန္တလေး)ကို ၁၈-၆-၁၉၉၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ အနှစ် ၂၀ ပြည့် အထိမ်းအမှတ်အခမ်းအနားများကိုလည်း ကျင်းပခဲ့ကြသည်။ ယခု မဂ္ဂဇင်းထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ အမိသမဝါယမကောလိပ်ကျောင်းကြီး အနှစ် ၂၀ ပြည့်အထိမ်းအမှတ်အဖြစ် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေအတွက် ရည်ရွယ်၍ ထုတ်ဝေရခြင်းဖြစ်သည်ဟု သိရသည်။ အခမ်းအနားသို့ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ စာရေးဆရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်ဟု သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

ကျောင်းသားကျောင်းသူများအား ဝတ်စုံနှင့် ပစ္စည်းများထောက်ပံ့

တောင်ကြီး ဇွန် ၂၂

တောင်ကြီးမြို့နယ်အတွင်းရှိ ကျောင်းများတွင် မူလတန်းအဆင့်၌ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၅၁ ဦးအား တောင်ကြီးခရိုင် အိုးရာနက်ထမ်းပေါင်းစုံသမဝါယမအသင်းမှ ကျောင်းဝတ်စုံနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို သမဝါယမဝင်တန်းကျောင်းခန်းမ၌ ဇွန် ၂၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးအောင်ကျော်ညွန့် တက်ရောက်ပြီး ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပြီး အားပေးစကားများ ပြောကြားသည်။ ရှမ်းပြည်နယ် တောင်ပိုင်း/ အရှေ့ပိုင်းသမဝါယမအသင်းစုချုပ် တောင်ကြီးခရိုင် အိုးရာနက်ထမ်းပေါင်းစုံသမဝါယမအသင်းလီမိတက်တို့မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီးက အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်အိုးရ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းမှ ဒါရိုက်တာတစ်ဦးက ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ တစ်ဦးချင်းသို့ ငွေသားနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ အဆိုပါပေးအပ်ပွဲကို တောင်ကြီးခရိုင်အိုးရ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းမှ ပထမဦးဆုံးအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ ဗလာစာအုပ် ခဲတံ၊ လက်ဆွဲခြင်း၊ ထီး၊ ကျောပိုးအိတ်၊ ထမင်းချိုင့်၊ ကျောင်းဝတ်စုံ စသည်တို့ ပါဝင်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

လှိုင်သာယာ-တွံတေး၊ မအူပင်ကားလမ်းဘေးရှိ ကျေးရွာများ မကြာမီ မီးလင်းတော့မည်

လှိုင်သာယာ ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လှိုင်သာယာ-တွံတေး၊ မအူပင်ကားလမ်းဘေးတွင် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လှိုင်သာယာ ဓာတ်အားခွဲရုံမှ ကျေးရွာများသို့ လျှပ်စစ်မီးရရှိရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လှိုင်သာယာ-တွံတေးကားလမ်းမဘေး၌ ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူထားသည်။

ဒေသခံကျေးရွာများမှ ပြည်သူများ မရရှိဖူးသေးသော လျှပ်စစ်မီးကို ရရှိတော့မည်ဖြစ်သည့်အတွက် အားရဝမ်းသာဖြစ်နေကြပြီး ကျေးရွာများတွင် မီးလင်းရေးကော်မတီများ ဖွဲ့စည်းကာ ကျေးရွာအတွင်း ဓာတ်တိုင်များစိုက်ထူရေးသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

မိုးကောင်း၌ ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

မိုးကောင်း ဇွန် ၂၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် မိုးရာသီရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် ပြည်ထောင်စုလမ်းဘေး ရေမြောင်းများပြုပြင်တူးဖော်ခြင်း၊ အမှိုက်သရိုက်ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို အဖွဲ့တာဝန်ခံအင်ဂျင်နီယာဦးဝင်းဇော်ဦးက ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းအောင်**

သတင်းတိုများ

ကျောက်ပုထိုးစေတီတော်ပြုပြင်မွမ်းမံ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူလျက်ရှိသော ချောင်းသာကမ်းခြေရှိ ကျောက်ပုထိုးစေတီတော် ပြုပြင်မွမ်းမံလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ချောင်းသာကမ်းခြေ၌ အပန်းဖြေသည့်သည်များ နည်းပါးချိန်ဖြစ်သည့် မိုးရာသီကာလတွင် ချောင်းသာကမ်းခြေ၏ အထင်ကရစေတီတစ်ဆူဖြစ်သော ကျောက်ပုထိုးစေတီတော်ကို ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိရာ ယခုနှစ် နွေရာသီတွင် အများပြည်သူလှူဒါန်းငွေကျပ်သိန်း ၁၇၀ ခန့်ရရှိခဲ့ပြီး ထိုငွေများဖြင့် ဘုရားတန်ဆောင်းအဆင့်မြှင့်တင်ခြင်းနှင့် လိုအပ်သည့် ဆက်စပ်လုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။ **စိုးဝင်း(SP)**

သဘာဝဘေးလေ့လာရေးစင်တာ သင်တန်းပို့ချ

သဘာဝဘေးအန္တရာယ် ကင်းရှင်းရေးအတွက် မြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကြိုးပမ်းမှု ကော်မတီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း SEED ASIA အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အဆောက်အအုံဆိုင်ရာလုပ်ငန်းအတွေ့အကြုံများ သင်တန်းကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက အထက(၁) Disaster life safety leaning center ခန်းမ၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၁၄ မိုးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေထုတ်ပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၄ ခုနှစ် မိုးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေထုတ်ပေးမှုကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲမှ ၂၀၁၄ ခုနှစ်တွင်ကျေးရွာအုပ်စု ၇၉ အုပ်စုရှိ အဖွဲ့ဝင်တောင်သူ ၁၀၇၃၅ ဦးအတွက် ထုတ်ချေးပေးရန် ငွေကျပ်သိန်းပေါင်း ၂၈၅၃၁ ဒသမ ၆၀ လျာထားချက် သတ်မှတ်ပြီး ဇွန် ၅ ရက်မှ ဇွန် ၁၉ ရက်အထိ ကျေးရွာအုပ်စု ၂၀၊ အဖွဲ့ဝင် တောင်သူ ၁၅၉၈ ဦးတို့ကို ငွေကျပ်သိန်း ၃၇၇၉ ဒသမ ၆၀ ထုတ်ချေးပေးပြီးဖြစ်၍ ကျန်ရှိနေသော ကျေးရွာအုပ်စုများရှိ အဖွဲ့ဝင် တောင်သူများအား ဩဂုတ် ၁၅ ရက်ထိ နောက်ဆုံးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၅)**

ဖလမ်း၌ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုး

လူနေမှုဘဝမြှင့်တင်ရေး သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစားကျဆင်းတို့ကြောင့် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်ခြင်းမှ လျော့ချရေးအတွက် ရည်ရွယ်လျက် ဖလမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး ဦးဆောင်ပြီး သစ်ပင်စိုက်ပွဲသို့ တက်ရောက်လာကြသူ ၅၈ ဦးခန့်က သတ်မှတ်နေရာများတွင် ခါတော်မိပင် ၁၃၀၊ ချယ်ရီပင် ၈၀၊ မက်ခါလိပင် ၁၈၀ စုစုပေါင်း ၃၉၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ အလားတူ ဖလမ်း- လိုင်လွန် ကားလမ်းဘေးတစ်လျှောက် စိုက်ပျိုးရန်အတွက် ထင်းရှူးပင် ၃၈၀၊ ခါတော်မိပင် ၂၂၀၊ သရက်ပင် ၂၅၀၊ ငုစပ်ပင် ၁၅၀ စုစုပေါင်းအပင် ၁၀၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ အရေးယူ

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ဗန်းမော်ခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အမှတ် (၆၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်နိုင်ဝင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များသည် ဇွန် ၂၀ ရက် နံနက် ၉ နာရီက မင်းကုန်းရပ်ကွက် သာသနာ့ဗိမာန်အနီး ဗိုလ်ချုပ်လမ်း၌ ဆိုင်ကယ်စီးသူများကို စစ်ဆေးကြသည်။

ထိုအပြင် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဒဏ်ငွေကျပ် ၁၀၀၀၀၊ ဆိုင်ကယ်ကို ငါးရက်တိတိ ထိန်းသိမ်းထားခြင်း စသည်ဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဆီမီးခုံ -နန်းရီ**

စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်ဒေသန္တရ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူးက စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြား၍ မြို့နယ်အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာဌာနများကို စီမံကိန်း တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်သူရ(ပွင့်ဖြူ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နမ့်ခမ်းမြို့နယ်၌ နဂါးရုံဘုရားအနေကဇာတင်နှင့် ရေစက်ချအလှူတော်ကျင်းပ

နမ့်ခမ်း ဇွန် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန့်မိုင်ကျေးရွာ သန္တိသုခကုန်း နမ့်မရေအားလျှပ်စစ်အနီးရှိ တောင်စောင်းတွင် နမ့်ခမ်းမြို့ မဟာစည်ရိပ်သာ သာသနာ့ဝေပုလ စာသင်တိုက်ပဓာန နာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဦးဆောင်လျက် တပည့်ဒါယကာများ၊ ဒေသခံတိုင်းရင်းသားပြည်သူ စေတနာရှင်များ စုပေါင်း လှူဒါန်းတည်ထားကိုးကွယ်သော နဂါးရုံဘုရား အနေကဇာတင်နှင့် ရေစက်ချအလှူတော်ကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်ကို ရွတ်ဖတ်ပူဇော်ပြီး ဆရာတော် ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ထံမှ ဩဝါဒကထာ နာယူကြသည်။ ပရိသတ်များက ရေစက်သွန်းချအမျှဝေပြီး မြို့နယ် သံဃာ့နာယက ဆရာတော်များ၊ အလှူရှင်များ၊ ကျေးရွာ ရပ်မိရပ်ဖများက နဂါးရုံဘုရားကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ခဲ့ကြကြောင်း သိရသည်။

“တောထဲတောင်ထဲမှာဆိုတော့ ဗိသုကာတွေက အချိန်ပြည့်လာပြီး ဘုရားတည်ဖို့ အခက်အခဲရှိတယ်၊ အပိုင်းလိုက်လုပ်ပြီးမှ ခက်ခက်ခဲခဲ သယ်ယူပြီး တည်ရတယ်၊ ရွှေတိဂုံပုံတူ စေတီတစ်ဆူလည်း တည်ထားဖို့ ရည်ရွယ်ထားတယ်၊ တောင်ပေါ်မှာနေတဲ့ တိုင်းရင်းသားပြည်သူတွေ တောတောင်ကို ဖြတ်သန်းသွားလာသူတွေ ဖူးမြော်ကြည်ညိုနိုင်ကြဖို့၊ သာသနာတော်အဓွန့်ကြာရှည် တည်တံ့ထွန်းကားစေဖို့ဆိုပြီး အခုလိုပဲ တည်ထားကိုးကွယ်ရခြင်းပဲဖြစ်ပါတယ်” ဟု ဆရာတော် ဘဒ္ဒန္တသူရိယက မိန့်ကြားတော်မူသည်။

ဉာဏ်မင်း(နမ့်ခမ်း)

အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၁၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီး အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲများ၌ အားကစားသမား ၆၀ ဝင်ရောက်ယှဉ်ပြိုင်ကစားကြရာ အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ အောင်ထွန်း၊ ဒုတိယဆုရ မျိုးမင်းထွန်းနှင့် တတိယဆုရ ကြည်မြင့်၊ အမျိုးသမီးအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ ကြူကြူလင်း၊ ဒုတိယဆုရ မာမာစိုးနှင့် တတိယဆုရ မြင့်မြင့်လှိုင်တို့အား မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များက ငွေသားဆုနှင့် အထူးဆုဖလားများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာအစားအစာများ ကြိုက်နှစ်သက်စွာ ဝယ်ယူစားသုံးသူများပြား

မိတ္ထီလာ ဇွန် ၂၂

မိတ္ထီလာခရိုင် မလှိုင်မြို့ ပန်းအိုင်ကျေးရွာတွင် တည်ထားကိုးကွယ်သည့် ရှေးဟောင်းသမိုင်းဝင် ပန်းအိုင်ရွှေမုဋ္ဌောမြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နယုန်လဆန်း ၈ ရက်မှ နယုန်လကွယ်နေ့ (ဇွန် ၅ ရက်မှ ၂၆) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်တွင် ရောင်းချသည့် မြန်မာ့ရိုးရာ အစားအစာများကို ဒေသခံများနှင့် ပွဲတော်လာရောက်လည်ပတ်သူများက ကြိုက်နှစ်သက်စွာ ဝယ်ယူစားသုံးလျက်ရှိကြောင်း သိရသည်။

မလှိုင်မြို့ ပန်းအိုင်ကျေးရွာ ရွှေမုဋ္ဌောမြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော်သည် မိတ္ထီလာခရိုင်အတွင်း ရက်ပေါင်း ၂၀ ခန့် ကျင်းပသည့် တစ်ခုတည်းသော ကျင်းပရက်အရှည်ကြာဆုံး ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်ပြီး ဆေးရွက်ကြီး၊ သနပ်ခါးပျိုးပင်၊ စဉ့်အိုး၊ စဉ့်ထည်နှင့် လက်ရက်ကန်းအဝတ်အထည်များ၊ လယ်ယာလုပ်ငန်းခွင်သုံး ပစ္စည်းကိရိယာများကို ဆိုင်ခန်းကြီး၊ ဆိုင်ခန်းငယ် **(အောက်ပုံ)** ၁၁၀၀ ခန့်ဖြင့် ခင်းကျင်းရောင်းချပြီး ဇာတ်ပွဲ အငြိမ့်ပွဲများ ညလုံးပေါက် ကပြဖျော်ဖြေခြင်းလည်း ပါဝင်သဖြင့် ဝမ်းတွင်း၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကျောက်ပန်းတောင်း၊ မြင်းခြံ စသည့် မြို့များမှ ဘုရားပွဲတော်သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



ပြည်သူကိုဗဟိုပြုသည့် ရဲလုပ်ငန်းရှင်းလင်း

ရန်ကုန် ဇွန် ၂၂

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဆောင်ရွက်ရသော လုပ်ငန်းများတွင် ပြည်သူကို ဗဟိုပြု၍ ပြည်သူများအကြား ပြည်သူ့အားကိုယူ၍ လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်စိုးသင်နှင့်အဖွဲ့သည် ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

ဆွေးနွေး

ရဲမှူးစိုးသင်က ပြည်သူနှင့်ပေါင်းစပ် ဆောင်ရွက်နေရသော ရဲလုပ်ငန်းစဉ်များ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ယနေ့ပြည်သူများအကြားရှိ ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖများ ပြည်သူများ၏ လိုအပ်ချက်များကို တောင်းခံခဲ့ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လုပ်ငန်းညှိနှိုင်းစည်းဝေး

မန္တလေး ဇွန် ၂၂

၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အဆင့်မြင့်တံခွန်စိုက် မိုးရာသီ ၁၀ ပေါက်တန်းခြင်းလုံးပြိုင်ပွဲနှင့် ဝိုင်းဖွဲ့စွမ်းရည်အလှခတ် မြန်မာနိုင်ငံခြင်းလုံးခတ်ပြိုင်ပွဲကို အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ခြင်းလုံးခတ်အဖွဲ့ချုပ်တို့၏ စီမံဆောင်ရွက်မှုဖြင့် ဇွန် ၃၀ ရက်မှ ဇူလိုင် ၃ ရက်အထိ မန္တလေးမြို့ ဗထူးမိုးလုံ လေလုံအားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း အစည်းအဝေးခန်းမ၌ ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က အမှာစကားပြောကြားပြီး မြန်မာ့ခြင်းလုံးအားကစား နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေး၊ မြန်မာ့ရိုးရာခြင်းလုံး အားကစား နိုင်ငံတကာသို့ ပြန့်ပွားသိရှိလာရေးနှင့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်မည့် လက်ရွေးစင်အားကစားသမားများ ရွေးချယ်ဖွဲ့စည်းရေးအတွက် ယခုပြိုင်ပွဲကြီးကို လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ စနစ်တကျဖွဲ့စည်းလျက် ပြိုင်ပွဲ အစ၊ အလယ်၊ အဆုံး အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရေး တက်ရောက်လာသည့် ပုဂ္ဂိုလ်များက အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

အထက်မင်းလှတွင် နယ်လှည့်ဆေးကုသ

မကွေး ဇွန် ၂၂

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ပြေ ဦးဆောင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့ (Mobile Clinic) သည် ဇွန် ၂၀ ရက်က လင်းကယ်တိုက်နယ် လက်ခုပ်ပင်ကျေးရွာအုပ်စုတွင် အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့ရာ လက်ခုပ်ပင်ကျေးရွာအုပ်စုနှင့် အနီးအနားကျေးရွာများမှ ပြည်သူ ၂၀၀ ကျော်ကို ကျန်းမာရေးအခမဲ့ကုသပေးခဲ့ကြောင်း၊ ယခု ခရီးစဉ်သည် ယခုနှစ်အတွက် ဒုတိယအကြိမ်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ အားလုံးသို့ သွားရောက်ဆေးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုကြီးစန်း

ဒီရေတောများ မြေဖို့၍ မြေနေရာချဲ့နေ ချောင်းသာကမ်းခြေ ပျက်မည့်အန္တရာယ် တားဆီးရန်လိုအပ်

ပုသိမ် ဇွန် ၂၂

ချောင်းသာကမ်းခြေ၏ အနောက်ဘက် ဒီရေတောများကို တောင်မြေများဖြိုချခင်းကျင်းလျက် လူနေရပ်ကွက် ပြုလုပ်နေသော ကုမ္ပဏီတစ်ခုကြောင့် ချောင်းသာကမ်းခြေ ပျက်စီးမည့် အန္တရာယ်နှင့် ကြုံတွေ့လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါ ကုမ္ပဏီသည် ချောင်းသာကမ်းခြေ၌ banana boats များနှင့် ကမ်းခြေအပျော်စီးလှေများ၊ ဓာတ်ဆီဆိုင်များ အစရှိသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ယခုအခါ တောင်ယာများနှင့် ဒီရေတောအစပ်မြေနေရာများကိုပါ ဝယ်ယူလျက် တောင်မြေများကို ဖြိုချကာ ဒီရေတောများပေါ်ပုံပြီး ကျူးကျော်ဧရိယာ တိုးချဲ့လျက်ရှိနေကြောင်းနှင့် သက်ဆိုင်ရာ ဌာနများကလည်း ပိတ်ပင်တားဆီးမှု တစ်စုံတစ်ရာ ပြုလုပ်ခြင်း မရှိကြောင်းကိုလည်း တွေ့ရှိရကြောင်းဖြင့် ချောင်းသာကမ်းခြေသတင်းဌာနမှ ပြောခဲ့သည်။

“သူတို့ဝယ်ထားတဲ့ မြေနေရာက ဒီဘက်တောင်နှစ်တောင်လောက်နဲ့ အုန်းတောလောက်တင်ပါ။ အခုက ဒီရေတောတွေကို တောင်မြေတွေဖို့ပြီး ထပ်ချဲ့နေတာကို တွေ့နေရပါတယ်၊ တောင်တွေကို ဖြိုချပြီး ရလာတဲ့ တောင်မြေတွေကို ဒီရေတောတွေဖို့လိုက်တော့ သူတို့ဧရိယာကို ထပ်တိုးချဲ့နေတဲ့သဘောပေါ့ဗျာ။ ဒါပေမယ့် ဒီရေတောတွေကို မြေတွေဖို့လိုက်ရင် မိုးရာသီ ပင်လယ်ရေ တက်လာတဲ့အခါ ချောင်းသာရွာ ရေမြုပ်တော့မယ်၊ နောက်ပြီး တောင်မြေ အနီတွေဟာ ပင်လယ်ထဲကို ပြန်ဆင်းရင် တောင်မြေ အနီတွေကြောင့် ကမ်းခြေဟာ အဝါရောင် ရေနောက်နောက်တွေဖြစ်ပြီး ညစ်ပတ်သွားနိုင်တယ်” ဟု ချောင်းသာ ရပ်မိရပ်ဖတစ်ဦးက ပြောပြသည်။

ထို့အပြင် ယခုအခါ ချောင်းသာ ဒေသခံအချို့နှင့် ရပ်မိရပ်ဖများက အဆိုပါ ကမ်းခြေအတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာကြောင်း သိရပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးမှု မရှိလျှင် အဆိုပါပြုလုပ်နေသော ကုမ္ပဏီနှင့် စပ်လျဉ်း၍ ဆန္ဒဖော်ထုတ် ဆန့်ကျင်ကန့်ကွက်သွားမည်ဖြစ်ကြောင်းနှင့် ချောင်းသာကမ်းခြေဒေသ၌ အလားတူ ဒီရေတောများကို အုတ်တံတိုင်းခတ်၊ မြေဖို့၍ ဒီရေတော ပျက်စီးမှုဧရိယာများစွာရှိသည့်တိုင် ထိရောက်စွာ တားဆီးမှုမရှိသေးကြောင်း၊ ချောင်းသာကမ်းခြေ ရေရှည်တည်တံ့ရေးအတွက် စိုးရိမ်စရာအနေအထား ရောက်ရှိနေပြီ ဖြစ်ကြောင်း ချောင်းသာကမ်းခြေသတင်းဌာနမှ သိရသည်။

စိုးဝင်း(SP)

ရေစကြိုမြို့နယ် လေးရာပြည့်ကျေးရွာတွင် တောမီးကူးစက်လောင်

မကွေး ဇွန် ၂၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် လေးရာပြည့်ကျေးရွာတွင် ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက လေးရာပြည့်ကျေးရွာ၏တောင်ဘက်ကိုက် ၃၅၀ ခန့်အကွာရှိ ကြူပြင်တောတွင် တောမီးလောင်ရာမှ တောင်လေတိုက်ခတ်သဖြင့် မီးပွားများသည် လေးရာပြည့်ကျေးရွာနေ ဦးခိုင်လင်း၏နေအိမ်ပေါ်သို့ ကျရောက်ခဲ့၍ မီးစတင်ကူးစက်လောင်ကျွမ်းခဲ့ရာမှတစ်ဆင့် အခြားအိမ်များ မီးကူးစက်လောင်ကျွမ်းခဲ့သည်။ အဆိုပါ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ထိုကျေးရွာရှိ လူနေအိမ် ရှစ်လုံး၊ နွားစာတဲလေးလုံး မီးလောင်ဆုံးရှုံးခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၄၄၀၀၀၀ ခန့်ဖြစ်သည်။ အိမ်ထောင်စုရှစ်စုမှ အမျိုးသား အမျိုးသမီး ၃၀ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သဖြင့် အဆိုပါ မိသားစုများသည် ထိုကျေးရွာရှိ ဆွေမျိုးသားချင်းများ နေအိမ်များတွင် နေထိုင်လျက်ရှိကြောင်း သိရပြီး ရေစကြိုမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက မီးကို ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အမေရိကန်နိုင်ငံ၏ လွတ်လပ်ရေးနေ့ မန္တလေး၌ကျင်းပ

မန္တလေး ဇွန် ၂၂

အမေရိကန်နိုင်ငံ၏ (၂၃၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၁ ရက် ညနေ ၆ နာရီမှ ၈ နာရီထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်းနှင့် ၇၁ လမ်းထောင့်ရှိ အမေရိကန် ဂျက်ဖာဆန်စင်တာ မြက်ခင်းပြင်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ Derek Mitchell၊ နှင့်ဇနီး Mrs. Min Mitchell မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အမေရိကန်သံရုံးမှ ဝန်ထမ်းများ၊ ဂျက်ဖာဆန်စင်တာမှ တာဝန်ရှိသူများ၊ အသင်းဝင်များ၊ စာရေးဆရာများ၊ စာနယ်ဇင်းပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ Derek Mitchell က အဖွင့်အမှာစကားပြောကြားသည်။ အမေရိကန်နိုင်ငံ လွတ်လပ်ရေးနေ့သည် ဇူလိုင်လ ၄ ရက်ဖြစ်ကြောင်း၊ ယခုကျင်းပသည်မှာ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားဖြစ်ကြောင်း အမေရိကန်တို့ ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရခဲ့သည်မှာ ၂၃၈နှစ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးနှင့်ဇနီးတို့က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကိတ်မုန့်ကိုခွဲ၍ တက်ရောက်လာသူများကိုဧည့်ခံသည်။ ထို့နောက် တက်ရောက်လာသူများအား အစားအသောက်များဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၇၂၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၃၂၀၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၂၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ ကျပ် ၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ ကျပ် ၃၀၀၀-၄၂၀၀
၃။	ငါးရံ့	တစ်ပိဿာ ကျပ် ၇၀၀၀-၁၀၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ ကျပ် ၈၀၀၀-၁၃၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ ကျပ် ၇၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ ကျပ် ၁၂၀၀၀-၃၀၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ ကျပ် ၁၂၀၀၀-၂၅၀၀၀
၈။	ကြက်	တစ်ပိဿာ ကျပ် ၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ ကျပ် ၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ ကျပ် ၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ ကျပ် ၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ ကျပ် ၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်မြို့ငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆-၉၇၃
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၂-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၆၃
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၅-၃၁
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၂-၁၅.၇၉
တရုတ်	တစ်ယွမ်	ကျပ် ၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၈-၃၀၁

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။

ကျေးလက်တန်ဖိုးနည်းအိမ်ရာများ ဆိုလာစနစ်ဖြင့် မီးလင်းပြီ

မန္တလေး ဇွန် ၂၂

ဖွံ့ဖြိုးတိုးတက်လာသော ခေတ်တွင် ကျေးလက်ဒေသတန်ဖိုးနည်း အိမ်ရာများ တည်ဆောက်မှုတွင် ပုံစံပြောင်းလဲလာခဲ့သည်။ ယခင်က သွပ်မိုးထရံကာ၊ ထန်းရွက်မိုးထရံကာ၊ သက်ငယ်မိုးထရံကာစနစ်ဖြင့် တည်ဆောက်ခဲ့ကြသည်။ အဆိုပါ တည်ဆောက်နည်းတွင် အမိုးများသည် အလွန်ဆုံး သုံးလေးနှစ်သာ ခံလေ့ရှိသည်။ သို့အတွက် အမိုးများကို ခဏခဏ လဲလှယ်မိုးပေးကြရသည်။ ယခုအခါ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်လာပြီး ရောင်စုံကာလာသွပ်ပေရှည်စက်ရုံများ၊ သံဆန်ခါစက်ရုံများစွာ ပေါ်ပေါက်လာခဲ့သည်။ မြစ်ငယ်ဒေသတစ်ဝိုက်မှ တန်ဖိုးနည်းအိမ်ရာတည်ဆောက်သူများသည် ပေရှည်သွပ်များကို စက်ရုံအထိ လိုအပ်သည့်ပေအတိုင်း တိုက်ရိုက်ဝယ်ယူလေ့ရှိကြသည်။ လက်ရှိကာလတွင် ရောင်စုံသွပ် ပေရှည်တစ်ပေလျှင် ငွေကျပ် ၅၅၀ မှ ၁၀၀၀ အထိ သွပ်အထူအပါးအလိုက် ဈေးနှုန်းပေးကြရသည်။

ကျေးလက်ဒေသ တန်ဖိုးနည်းအိမ်ရာများတွင် တာရှည်ခံစေရန်အတွက် အုတ်ခုံခံရောင်စုံသွပ်မိုးထရံကာဖြင့် တည်ဆောက်လေ့ရှိကြသည်။ ပြတင်းပေါက်များကို ယခင်က သစ်သားအလုံးသေးများဖြင့် ကာရံကာ ဆေးသုတ်၍ အလှဆင်ကြသည်။ သံဆန်ခါတစ်ပေလျှင် ငွေကျပ် ၁၂၀၀ ပေးရသည်။ ကျေးလက်တန်ဖိုးနည်းအိမ်ရာများတွင် ဆေးသုတ်ခြင်းမရှိဘဲ ရေနံချေးကို သုတ်လေ့ရှိကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် သွပ်မိုးပေါ်၌ ဆိုလာပြားများကို တပ်ဆင်ကာ မီးရအောင် ပြုလုပ်လာကြသည်။ အိမ်တစ်အိမ်လျှင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးများရကာ မီတာပေါက်များ တပ်ဆင်ထားပြီး လူမှုစီးပွားတိုးတက်လာသည်။

ကျေးလက်ဒေသများတွင် တန်ဖိုးနည်းအိမ်ရာ၊ လျှပ်စစ်မီးများ သုံးစွဲနိုင်သည်အထိ ခေတ်မီလှပြီး ကမ္ဘာနှင့် အညီ သတင်းအချက်အလက်၊ နည်းပညာတို့ အလွယ်တကူ အမီလိုက်နိုင်နေပေသည်။ **နွေနဒီ**

ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ စားအုန်းဆီ၊ ငရုတ် ဈေးမြင့်တက်

ရန်ကုန် ဇွန် ၂၂

ဘုရင့်နောင် ကုန်စည်ဈေးကွက်၏ ဇွန် ၁၈ ရက်တွင် ကြက်သွန်နီ၊ ရှမ်းကြက်သွန်ဖြူ၊ စားအုန်းဆီ၊ ငရုတ် ဈေးနှုန်းများ မြင့်တက်လာသော်လည်း ထန်းလျက်ဈေးနှုန်းကျဆင်းနေကြောင်း ဈေးကွက်မှ သိရသည်။

ဇွန် ၁၈ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၇၅-၄၇၅-၅၅၀-၅၇၅ ကျပ်နှုန်း၊ တောင်တွင်း ၄၀၀-၄၇၅-၅၅၀-၆၀၀၊ ရှမ်းကြက်သွန်တစ်ပိဿာ ငွေကျပ် ၁၁၅၀-၁၃၅၀-၁၅၅၀-၁၇၀၀ နှုန်း၊ စားအုန်းဆီလက်ငင်းရောင်း ဈေး တစ်ပိဿာ ၁၄၈၇ ကျပ်နှုန်း၊ အိန္ဒိယငရုတ်ရှည် တစ်ပိဿာ ငွေကျပ် ၂၆၅၀၊ ဝါးခယ်မငရုတ်ရှည် တစ်ပိဿာ ငွေကျပ် ၂၆၀၀၊ စိမ်းစားငရုတ်တစ်ပိဿာ ငွေကျပ် ၄၄၀၀-၄၈၀၀၊ ညောင်ဦးဆေးခပ်ထန်းလျက် တစ်ပိဿာ ငွေကျပ် ၈၅၀ နှုန်း ရှိနေကြောင်း နေ့စဉ်ဈေးနှုန်း စာရင်းများအရ သိရသည်။

နွေစိုက်ကြက်သွန်နီထွက်ပေါ်ချိန် (လှောင်၍ရသော ကြက်သွန်နီ) ချိန်ဖြစ်လာ၍ ဈေးနှုန်းများမှာ ယင်းဈေးနှုန်းအနိမ့်တွင် ဇွန် ၁၃ရက်ထိ သုံးလကျော် ဈေးနှုန်းအနည်းငယ်သာပြောင်းလဲမှုရှိပြီး ဇွန် ၁၄ ရက်မှစ၍ ဈေးတက်ခဲ့ရာ ဇွန် ၁၈ ရက်တွင် ရှယ်အမျိုးအစား အရွယ်ကြီး တစ်ပိဿာ ၅၇၅ကျပ်၊ လတ်ချော အလုံးသေးတစ်ပိဿာ ၃၇၅ ကျပ်နှုန်းထိ ဈေးအမြင့်သို့ ရောက်ရှိခဲ့ကြောင်း၊ ရှမ်းကြက်သွန်ဖြူဈေးနှုန်းသည်လည်း ဇွန် ၂ ရက်တွင် တစ်ပိဿာ ငွေကျပ် ၈၅၀-၁၀၀၀-၁၂၀၀-၁၄၀၀ နှုန်း ရှိရာမှ နှစ်ပတ်ကျော်အတွင်း တစ်ပိဿာ ငွေကျပ် ၃၀၀ မြင့်တက်လာကြောင်း၊ စားအုန်းဆီ ပြည်တွင်းရောင်းဈေး တစ်ပိဿာ ငွေ ၁၄၄၅ ကျပ်နှုန်းထိ ကျဆင်းခဲ့ရာမှ တစ်ပတ်အတွင်း တစ်ပိဿာ ငွေ ၄၂ ကျပ် ဈေးပြန်လည် မြင့်တက်လာကြောင်း ကုန်သည်များက ဆိုသည်။

အထက်ပါကုန်စည်များဈေးနှုန်းတက်နေသော်လည်း မိုးရွာသွန်းမှုနှင့် ဝယ်လိုအားနည်းသော ညောင်ဦးဆေးခပ်ထန်းလျက်မှာ တစ်ပိဿာလျှင် ငွေကျပ် ၉၅၀ ရှိရာမှ နှစ်ပတ်အတွင်း တစ်ပိဿာ ငွေကျပ် ၁၀၀ ဈေးကျလာသည်ဟု ထန်းလျက်ရောင်းချသူများက ဆိုသည်။ **ခင်ဆိုင်**

တာချီလိတ် မိုင်းကိုးကျေးရွာအုပ်စု၌ စာကြည့်တိုက်ဖွင့်

တာချီလိတ် ဇွန် ၂၂

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း၏ မတည်ငွေဖြင့် ဆောက်လုပ်ပြီးစီးသွားသော ရွှေစံအိမ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ကော်မယ်လိတ်ကျေးရွာရှိ အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် အာခါတိုင်းရင်းသားရေးရာဝန်ကြီး ဦးပီတာသောင်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ကို အာခါတိုင်းရင်းသားရေးရာဝန်ကြီး ဦးပီတာသောင်းစိန်၊ လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလရှန်၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင် ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြောင်းလဲတိုးတက်လာသော နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသနေ ပြည်သူများ အသိပညာတိုးပွားစေရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ မတည်ငွေကျပ် ၁၀ သိန်း၊ အာခါတိုင်းရင်းသားရေးရာဝန်ကြီး ဦးပီတာသောင်းစိန် မိသားစုက ငွေကျပ် ၂၅ သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝီလ်ဆင်မိုး မိသားစုက ငွေကျပ် ၂၅ သိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်းက ငွေကျပ်ခုနစ်သိန်းတို့ဖြင့် အလျား ၂၄ပေ၊ အနံပေ ၂၀ ရှိ စာကြည့်တိုက်အဆောက်အအုံနှင့် ပရိဘောဂများကို စုစုပေါင်းငွေကျပ် ၆၇ သိန်းအကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အိမ်အမှတ် ရ/၁၈၈ အား ဦးကျော်မင်း ၁၃/တကန(နိုင်)၀၁၅၂၆၅က လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသည်မှာ နှစ်၃၀ကျော်ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား မူလဂရန်အမည်ပေါက်ခဲ့သူ ဦးလှမြင့်ဖြစ်ပြီး ယခုဦးကျော်မင်းအမည်ဖြင့် ဂရန်အမည်ပြောင်းလျှောက်ထားဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်အမည်ပြောင်းခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်မင်း
ရတနာသီရိရပ်၊ တောင်ကြီးမြို့

အမည်ပြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ချုံကြီးကျေးရွာနေ ဦးတင်ရွှေ၏သမီး မနီလာခိုင် ၉/တကန(နိုင်)၁၀၈၄၄၄အား မသွယ်သွယ်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသွယ်သွယ်ခိုင် ၉/တကန(နိုင်)၁၀၈၄၄၄**

အမည်ပြောင်း

အထက ပလစ(၂)အမရပူရ၊ တက္ကသိုလ်ဝင်တန်းမှ ဦးသိန်းထွန်း၏သမီး မယဉ်ယဉ်ထွန်းအား ယနေ့မှစ၍ မယွန်းပန်းအိမ်ဟု ပြောင်းလဲခေါ်ပါရန်။

မယွန်းပန်းအိမ်

သင့်သွေးဖြင့် အသက်ကယ်ပါ

တိုက်အမှတ် ၉၄၊ ဒုတိယထပ်၊ သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ပေ(၁၅×၆၀)အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်ချိုချိုဝင်း ၁၂/သဃက(နိုင်)၁၃၆၆၃၂ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)
အမှတ် ၅၆၁၊ (M.A.C Tower) အခန်း ၃၀၂၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/သမိုင်း)၊မြေကွက်အမှတ်(၃၁)နှင့် တစ်ဆက်တစ်စပ်တည်းကပ်လျက်ရှိသော ဧရိယာ ၀ဒသမ ၀၁၉၈ဧကရှိပလပ်မြေအား သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူခွင့်ပြုနိုင်ပါရန် ဦးမျိုးမြင့် ၁၂/အစန(နိုင်)၀၀၄၂၆၈ မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အမည်ပြောင်း

မုံရွာမြို့ ဦးယုတင်-ဒေါ်အောင်ရွှေသန်းတို့၏သား အမှတ် ၂၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(1A)မှ မောင်ဥက္ကာအောင်အား မောင်အောင်ဘုန်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အောင်ဘုန်းမြတ်

အမည်ပြောင်း

အလက(ခွဲ)၊ အမက(၁)၊ ဒဂုံ(ဆိပ်ကမ်း)၊ စတုတ္ထတန်း(C)မှ ဦးခင်စိုး၏သမီး မဇင်မာစိုးအား ယနေ့မှစ၍ မနှင်းနန္ဒာအေးလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊ ပေ(၂၅×၅၀)၊ တတိယထပ်၊ တိုက်သစ်၊ သံပန်း၊ ဆန်းရိုက်၊ Hall၊ သိန်း ၈၆၀၊ အကျိုးဆောင်၊ ပွဲစားမလို၊ ဦးရာလူရမည်။

ဖုန်း-၀၉-၃၁၅၄၃၈၆၅၊၀၉-၂၅၄၂၁၃၆၈၄

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မြိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစာမှုန့်များဖမ်းဆီးရမိ

မြိတ် ဇွန် ၂၂

မြိတ်ခရိုင် မြိတ်မြို့ နောက်လယ်ရပ်ကွက်တွင် ဇွန် ၁၉ ရက် ည ၈ နာရီခွဲက မြိတ်ခရိုင် မူခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ချုပ်လွင်၊ အမှတ်(၄) နယ်မြေရဲကင်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းသိန်းနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက မူးယစ်ဆေးဝါးရောင်းချသုံးစွဲနေကြောင်းနှင့် သတင်းအရ ရှာဖွေဖမ်းဆီးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစာမှုန့်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့ နောက်လယ်ရပ်ကွက် (၇)လမ်း အမှတ်(၃၁၈)တွင် နေထိုင်သူ မာဒင်(ခ)ဝေမိုးစိုး နေအိမ်သို့ မြိတ်ခရိုင်မူခင်းနှိမ်နင်းရေးအဖွဲ့နှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ သတင်းအရ ဝင်ရောက်ရှာဖွေရာ မာဒင်(ခ)ဝေမိုးစိုး၏ ခန္ဓာကိုယ်တွင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားသုံးပြား၊ ဘိန်းစာမှုန့် တစ်ကျပ်သားခန့် တစ်ထုပ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ရှာဖွေပုံစံဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိ

ယင်းနောက် ၎င်း၏ ထွက်ဆိုချက်အရ နေအိမ်ကို ဆက်လက်ရှာဖွေရာအပြာရောင် ပလတ်စတစ်ကပ်ခွာအတွင်းထည့်ထားသည့် WY WB စာတန်းပါ ကာလတန်ဖိုးငွေကျပ် ၂၉၈၇၀၀၀၀ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၇၄ ပြား စုစုပေါင်းအလေးချိန် ဝ ဒသမ ၅၉၇၄ ကီလိုဂရမ်ခန့်နှင့် ဘိန်းစာမှုန့်ခုနစ်ထုပ် စုစုပေါင်းအလေးချိန် ဝ ဒသမ ၄၃၆၃ ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် ၄၃၆၀၀ တို့ကို ဖမ်းဆီးရရှိခဲ့ပြီးအဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစာမှုန့်များကို ရောင်းချရန်နှင့် သုံးစွဲရန်အလို့ငှာ လက်ဝယ်ထားရှိသူ မာဒင်(ခ)ဝေမိုးစိုးအား မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ ဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် ရဲအုပ်ချုပ်လွင်က တရားလိုပြုလုပ်၍ တိုင်ကြားသဖြင့် မြိတ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်သာမြို့နယ်တွင် ဆိုင်ကယ်တိမ်းမှောက်မှုများ အချိန်ပိုင်းခြားဖြစ်ပွား၊ နှစ်ဦးသေဆုံး

တောင်သာ ဇွန် ၂၂

တောင်သာမြို့နယ်တွင် နာရီပိုင်းအချိန်ခြားလျက် ဆိုင်ကယ်တိမ်းမှောက်မှုများ ဖြစ်ပွားခဲ့ရာ နှစ်ဦးနေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

တောင်သာမြို့ အမှတ်(၁) ရပ်ကွက် ကြာကန်လမ်းပေါ်၌ ဇွန် ၁၉ ရက် ည ၉ နာရီခွဲက ကျောက်ရင်းရွာနေ မောင်ဝင်းလှိုင် (၃၅ နှစ်)သည် ၂၆ယ/----- လော့ဂျာ ၁၁၀ ဆိုင်ကယ်ကို တောင်မှမြောက်သို့ မောင်းနှင်လာစဉ် အဆိုပါနေရာ၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ဒဏ်ရာများရရှိပြီး ဆေးရုံသို့တင်ပို့စဉ်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို တောင်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒဏ်ရာများရ

ယင်းနောက် အောင်သာကျေးရွာအနီး မလှိုင်-တောင်သာ ကားလမ်းမပေါ်တွင် အဆိုပါ ည ၁၂ နာရီက အမှတ်(၃)ရပ်ကွက်နေ မောင်သောင်းဌေး (၁၄နှစ်) သည် ၁၉ယ/----- Lovebo 110 ဆိုင်ကယ်ကို နောက်မှ မောင်သိန်းစိုး၊ မောင်ဇင်မင်းတို့ လိုက်ပါလျက် ပန်းအိုင်ဘုရားပွဲမှ အပြန်တောင်မှမြောက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၁၄/၁) နှင့် (၁၄/၂)အကြား သံလမ်းကူးနေရာ၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ မောင်းနှင်သူ မောင်သောင်းဌေးသည် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ကျိုးပဲ့ဒဏ်ရာများရရှိ၍ မြင်းခြံဆေးရုံသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရုံးစည်ကြီးရဲကင်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လင်းလက်ကြယ်(တောင်သာ)**

လျှပ်စစ်ဝိုင်ယာရှော့ခ်တပ်ဆင်ထားသော တရားမဝင်ပလာတူးပိုက် ပခုက္ကူမြို့နယ်တွင် ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

ပခုက္ကူ ဇွန် ၂၂

ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ ကာကွယ်ရန်နှင့် ငါးမျိုးများ တိုးပွားလာစေရန် ရည်ရွယ်၍ ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်စန်းဝင်း ခေါင်းဆောင်သော ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရေသယံဇာတထိန်းသိမ်းရေး လုပ်သားများအဖွဲ့တို့ ပူးပေါင်းပါအဖွဲ့သည် ဇွန် ၁၈ ရက်က နယ်မြေကွင်းဆင်းဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ် ကွန်းရွာကျေးရွာအုပ်စု လေးလံကျွန်းရွာအနီး၌ ဝိုင်ယာရှော့ခ် တပ်ဆင်ထားသော တရားမဝင် အနက်ရောင်

ပလာတူးပိုက်တစ်လက်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် တရားမဝင် ဖမ်းဆီးမှုများမရှိစေရန် ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ စိစစ်ချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် ကျောင်းဆရာမသေဆုံး

သံဖြူဇရပ် ဇွန် ၂၂

သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ အမက(မူလွန်)ကော့ထော်မှ ဇွန် ၁၈ ရက် ညနေ ၄ နာရီခွဲခန့်က ကျောင်းဆင်းပြီး သံဖြူဇရပ်မြို့သို့ပြန်ရန် မူလတန်းပြဆရာမ ဒေါ်ခိုင်ခင်ဦးပိုင်သည့် Honda Wave-100 ဆိုင်ကယ် ၂၅ယ/---အား မူလတန်းပြဆရာမ ဒေါ်အေးအေးထွေး မောင်းနှင်ပြီး ဒေါ်ခိုင်ခင်ဦး စီးနင်းလိုက်ပါလျက် ကျောင်းနှင့် ခြောက်ဖာလုံခန့်အကွာ ပင‌ကျေးရွာအထွက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီးသို့ အရောက်တွင် မျက်နှာချင်းဆိုင် သံဖြူဇရပ်မြို့ဘက်မှ အောင်ထွန်းဆိုသူ စီးနင်းလာသည့် Smash 110 (လိုင်စင်စိစစ်ဆဲ)မော်တော်ဆိုင်ကယ်သည် တစ်ဖက်ယာဉ်ကြောမှ ဆရာမနှစ်ဦးမောင်းနှင်လာသည့် ဆိုင်ကယ် အရှေ့ပိုင်းကို အရှိန်ပြင်းစွာဖြင့် ထောင့်ဖြတ်ဝင်တိုက်မိရာ ဆရာမနှစ်ဦးမှာ ဆိုင်ကယ်မှ လွင့်စဉ်ကျသွားပြီး ယာဉ်မောင်းနှင်သူ ဆရာမ ဒေါ်အေးအေးထွေး(၃၆ နှစ်)နှင့် နောက်မှ စီးနင်းလိုက်ပါလာသူ ဆရာမ ဒေါ်ခိုင်ခင်ဦးတို့မှာ ဒဏ်ရာများရရှိခဲ့သည်။ တစ်ဖက်ဆိုင်ကယ်မှ အောင်ထွန်းမှာ နှာခေါင်းရိုးကျိုးဒဏ်ရာရရှိခဲ့သဖြင့် ၎င်းတို့အား သံဖြူဇရပ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဒေါ်အေးအေးထွေးမှာ ဆေးရုံအရောက်တွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

သို့ဖြစ်ပါ၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာကော့ထော်ပိုင်းနေ အောင်ထွန်း (၄၂ နှစ်)ကို သံဖြူဇရပ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကျော်ဝင်း(သံဖြူဇရပ်)

ကျောက်သယ်ယာဉ် နောက်ဆုတ်စဉ် လူသေဆုံး

ကလိန်အောင် ဇွန် ၂၂

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့နယ်ခွဲရှိ လော့သိုင်းကျေးရွာအုပ်စု လော့သိုင်းကျေးရွာ ရေး-ထားဝယ် ကားလမ်း၏ မိုင်တိုင်အမှတ် (၇၀/၅) နှင့် (၇၀/၆) အကြားတွင် လမ်းခင်းရန်အတွက် ကျောက်သယ်ခြင်းလုပ်ငန်းဆောင်ရွက်နေသော ရဲမင်းလွင် (၂၁နှစ်) မောင်းနှင်သော ကျောက်သယ်ယာဉ် FORLAND အမျိုးအစား အပြာရောင် ခြောက်ဘီးယာဉ် အမှတ် ၉/--- ကို ရပ်တန့်ထားရာမှ လုပ်ငန်းခွင်ပြန်စရန် နောက်သို့ဆုတ်စဉ် ယာဉ်၏နောက်လမ်းတွင် ထိုင်နေသော လမ်းခင်းအလုပ်သမားဖြစ်သူ မနုနုဝင်း (၂၈ နှစ်)ကို တိုက်မိသဖြင့် ဒဏ်ရာများရရှိခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲတွင် သေဆုံးသွားခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူအား ကလိန်အောင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

စက်ဘီးစီးလာသူ အမျိုးသမီး၏ရွှေဆွဲကြိုး လုယက်ခံရ

ရန်ကုန် ဇွန် ၂၂

မြောက်ဥက္ကလာပမြို့နယ်နေ မလှလှဌေးသည် ဇွန် ၁၉ ရက် ည ၈ နာရီက ရွှေပေါက်ကံမြို့သစ် ၁၆ ရပ်ကွက်ရှိ ၎င်းပိုင် ဆိုင်ကယ်အပိုပစ္စည်း အရောင်းဆိုင်ကို ပိတ်သိမ်းပြီး ခင်ပွန်းဖြစ်သူနှင့်အတူ စက်ဘီးဖြင့် နောက်မှထိုင်စီးပြီး သုနန္ဒာလမ်းအတိုင်း နေအိမ်သို့ ပြန်လာခဲ့ကြကြောင်း၊ မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သုနန္ဒာလမ်းနှင့် ကရဏာလမ်းထိပ်အရောက်၌ ၎င်းတို့၏ နောက်ဘက်မှဆိုင်ကယ်တစ်စီးဖြင့် လိုက်ပါလာသူ လူငယ်နှစ်ဦးအနက် ဆိုင်ကယ်နောက်တွင် ထိုင်စီးလာသောလူငယ်က ၎င်းဝတ်ဆင်ထားသော ဆွဲသီးပါရွှေကြိုးတစ်ကုံး တန်ဖိုးငွေကျပ် ၇၅၀၀၀၀ ခန့်ကို ဆွဲဖြတ်လုယူခဲ့ကြောင်း၊ ၎င်းက ပြန်လည်လုယူခဲ့သဖြင့် ဆွဲကြိုးလုယက်သူများ၏ ဆိုင်ကယ်မှာလဲသွားစဉ် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းခဲ့သဖြင့် လှည့်ကင်းရဲတပ်ဖွဲ့ဝင်များနှင့်အနီးရှိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ဆွဲကြိုးဖြတ်ယူသူကို JIANLING အမျိုးအစားဆိုင်ကယ်တစ်စီး၊ ဆွဲကြိုးအပြတ်နှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူကို စစ်ဆေးရာ ပြည့်စုံဝင်း(၁၈ နှစ်) ပလရ ရပ်ကွက် မင်္ဂလာဒုံမြို့နယ်နေသူဖြစ်ကြောင်းသိရပြီး ထွက်ပြေးတိမ်းရှောင်သွားသူမှာ ဘူးသီးဖြစ်ကြောင်း သိရသဖြင့် ယင်းကဲ့သို့ ပြစ်မှုကျူးလွန်သူ ပြည့်စုံဝင်းနှင့်ဘူးသီးတို့နှစ်ဦးကို မြောက်ဥက္ကလာပ မြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ ထွက်ပြေးတိမ်းရှောင်နေသူ ဘူးသီးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

ကမ္ဘာ့ဖလားစံချိန်တင်ဂိုးသွင်းမယ့် ကလိုဆေး

အာကာကျော်

ဂျာမနီနဲ့ ဂါနာအသင်းတို့ ကစားခဲ့တဲ့ပွဲမှာတော့ မီရိုဆလက် ကလိုဆေးက ကမ္ဘာ့ဖလားမှာ ဂိုးအများဆုံးသွင်းခဲ့တဲ့ ဘရာဇီး တိုက်စစ်မှူး ရော်နယ်ဒိုရဲ့ စံချိန်တင်ဂိုးကို သွင်းယူလိုက်ပြီဖြစ်ပါတယ်။ လူစားဝင်လာသူ ကလိုဆေးက ဂျာမီအတွက်ချေပဂိုးသွင်းယူရာမှာ ဒီဂိုးကိုသွင်းယူခဲ့တာပါ။ ဒီပွဲမှာ ဂျာမနီနဲ့ဂါနာ တစ်ဖက်နှစ်ဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့ပေမယ့် ကလိုဆေးအတွက်ကတော့ ထူးခြားတဲ့ ဂိုးကိုသွင်းယူခဲ့တာဖြစ်ပါတယ်။

ဒိုကြီးလို့ လူသိများတဲ့ ဘရာဇီးတိုက်စစ်မှူးဟောင်း ရော်နယ်ဒိုဟာ ကမ္ဘာ့ဖလားမှာ ဂိုးအများဆုံးနဲ့ ၁၅ ဂိုးအထိ သွင်းနိုင်ခဲ့သူဖြစ်ပါတယ်။ ယခုသူ့ရဲ့ဂိုးစံချိန်ကို ကလိုဆေးက လိုက်မီလာပြီဖြစ်ပါတယ်။ အသက် ၃၆ နှစ်ရှိပြီဖြစ်တဲ့ ကလိုဆေးဟာ ဂျာမနီအသင်းရှုံးတော့မယ့် အနေအထားကနေ ကယ်တင်ဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။ "ကျွန်တော်ဒီပွဲမှာ အကောင်းဆုံးကစားနိုင်ခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီပွဲရဲ့ ဂိုးသွင်းနိုင်ခဲ့တာကိုတော့ မေ့ပျောက်ပစ်လို့ရမှာ မဟုတ်ပါဘူး"လို့ ပွဲ ၂၀ မှာ ၁၅ ဂိုး သွင်းယူခဲ့တဲ့ ကလိုဆေးက ပြောပါတယ်။

"ကျွန်တော် ကလိုဆေးအတွက် အလွန်ပျော်ပါတယ်။ သူဟာ ကျွန်တော့်အတွက်ရော အသင်းအတွက်ပါအရေးကြီးတဲ့ ကစားသမားဖြစ်ပါတယ်။ ဒဏ်ရာတွေရနေတဲ့ကြားက ကလိုဆေးဟာ ဂျာမနီအသင်းရဲ့ဂုဏ်ကို ဆောင်ပေးတဲ့သူပါ"လို့လည်း ဂျာမနီနည်းပြဂျိုအာချင်လိုက ချီးကျူးပြောဆိုလိုက်ပါတယ်။

သေချာ

လာဇီယိုတိုက်စစ်မှူး ကလိုဆေးဟာ ပြီးခဲ့တဲ့လက တံကောက်ကြောထိခိုက်ဒဏ်ရာရခဲ့ရာမှ ပြန်လည်ကောင်းမွန်ခဲ့တာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီက လာဇီယိုအသင်းအတွက် ခုနစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ကမ္ဘာ့ဖလားမှာတော့ ဂိုးတွေဆက်တိုက်သွင်းနေတာကြောင့် ယခုအခါမှာ သူသွင်းတဲ့ ဂိုး ၁၅ ဂိုးရှိသွားပါပြီ။ လာမယ့်ပွဲတွေမှာ ဂိုးတွေသွင်းဦးမယ်ဆိုရင်တော့ ကလိုဆေးဟာ ကမ္ဘာ့ဖလားဂိုးအများဆုံး သွင်းယူတဲ့ ကစားသမားဖြစ်လာမှာ သေချာပါတယ်။

နိုင်ဂျီးရီးယား နိုင်ပွဲရ အုပ်စုတက်ဖို့ မျှော်လင့်ချက်ရှိလာ

သီဟ

အုပ်စု(စ) နိုင်ဂျီးရီးယားနှင့် ဘော့စနီးယား ပွဲစဉ်ကို ဇွန် ၂၂ နံနက် အစောပိုင်းက Arena Pantanal ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နိုင်ဂျီးရီးယားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမှတ်လိုနေသည့် နှစ်သင်း ယှဉ်ပြိုင်ကစားခဲ့ရာ နိုင်ဂျီးရီးယားအသင်းမှ ၂၉မိနစ်တွင် ပီတာအိုဒမ်ဝင်ဂီ **(အောက်ပုံ)**က ဂိုးသွင်းယူပေးခဲ့သည်။ ဘော့စနီးယား အနေဖြင့် ချေပဂိုးရရန်ပြန်လည်ဖိအားပေးပြီး ဘောလုံးပိုင်ဆိုင်မှုများသော်လည်း ချေပဂိုးမသွင်းနိုင်ဘဲ အရှုံးဖြင့်သာ ကျေနပ်လိုက်ရသည်။ နိုင်ဂျီးရီးယားအသင်း အနိုင်ရရှိလိုက်သည့်အတွက် စုစုပေါင်း လေးမှတ်ရရှိထားကာ အုပ်စုဒုတိယနေရာကို မျှော်လင့်လို့ရပြီး နောက်ဆုံးပွဲစဉ် ဇွန်၂၅ ရက်တွင် အာဂျင်တီးနားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တခြားအုပ်စုပွဲစဉ်များအဖြစ် ဇွန်၂၃၊၂၄တွင် ကစားမည့်ပွဲများမှာ အုပ်စု(ခ)မှ ဇွန်၂၃ ည၁၀း၃၀တွင် သြစတြေးလျနှင့် စပိန်၊ နယ်သာလန်နှင့် ချီလီတို့ ကစားမည်ဖြစ်ပြီး အုပ်စု(က)မှ ဇွန်၂၄ နံနက် ၂း၃၀တွင် ကင်မရွန်းနှင့် ဘရာဇီး၊ ခရိုအေးရှားနှင့် မက္ကဆီကိုတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကမ္ဘာ့ဖလား အုပ်စုပွဲစဉ် ရပ်တည်မှုများ

အုပ်စု (င)

စဉ် အသင်း	ပွဲ	ရမှတ်
၁။ ပြင်သစ်	၂	၆
၂။ ဆွစ်ဇာလန်	၂	၃
၃။ အီကွေဒေါ	၂	၃
၄။ ဟွန်ဒူးရပ်စ်	၂	၀

အုပ်စု (ဆ)

စဉ် အသင်း	ပွဲ	ရမှတ်
၁။ ဂျာမနီ	၂	၄
၂။ အမေရိကန်	၁	၃
၃။ ဂါနာ	၂	၁
၄။ ပေါ်တူဂီ	၁	၀

အုပ်စု (စ)

စဉ် အသင်း	ပွဲ	ရမှတ်
၁။ အာဂျင်တီးနား	၂	၆
၂။ နိုင်ဂျီးရီးယား	၂	၄
၃။ အီရန်	၂	၁
၄။ ဘော့စနီးယား	၂	၀

အုပ်စု (ဇ)

စဉ် အသင်း	ပွဲ	ရမှတ်
၁။ ဘယ်လ်ဂျီယံ	၁	၃
၂။ ရုရှား	၁	၁
၃။ တောင်ကိုရီးယား	၁	၁
၄။ အယ်လ်ဂျီးရီးယား	၁	၀

မက်ဆီကို ပါရမီရှင်ဟု ချီးကျူး

အာဂျင်တီးနားနှင့် အီရန်တို့ ကမ္ဘာ့ဖလားပွဲတွင် အာဂျင်တီးနားက တစ်ဂိုးတည်းဖြင့်ကပ်နိုင်ပြီး နောက်တစ်ဆင့် တက်ရောက်သွားသည်။ အာဂျင်တီးနားအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၉၁ မိနစ်တွင် မက်ဆီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားနည်းပြ ဆာဘဲလ်လာက မက်ဆီကို ပါရမီရှင်ဟု ချီးကျူးပြောခဲ့သည်။ အီရန်အသင်းသည် တစ်ချိန်လုံး အာဂျင်တီးနားအသင်း၏ ဖိအားပေးကစားခြင်းကို အကြိတ်အနယ်ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း လေလွင့်ချိန်တွင် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက နိုင်ငံအတွက် အနိုင်ဂိုးသွင်းယူပေးလိုက်သည်။

ယင်းဂိုးသည် မက်ဆီ၏ ဒုတိယမြောက် ကမ္ဘာ့ဖလားဂိုးဖြစ်သည်။ "ကျွန်တော်တို့မှာမက်ဆီလို့ခေါ်တဲ့ ပါရမီရှင်တစ်ဦးရှိပါတယ်။ သူဟာ အာဂျင်တီးနားရဲ့ ကံကြမ္မာကို ဖန်တီးနိုင်စွမ်းရှိခဲ့သူပါ" ဟု နည်းပြဆာဘဲလ်လာက ပြောသည်။ မက်ဆီသည် ယင်းပွဲမတိုင်မီ ကမ္ဘာ့ဖလားရှစ်ပွဲတွင် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

၂၀၂၂ မှာလည်း အင်္ဂလန်ဖလားမရနိုင် ကျူပီအာနည်းပြ ရက်နက်ပြောကြား

အင်္ဂလန်ဘောလုံးအသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားတွင်လည်း အနိုင်ရဗိုလ်စွဲနိုင်လိမ့်မည်မဟုတ်ကြောင်း ကျူပီအာနည်းပြ ရက်နက်က ပြောဆိုလိုက်သည်။ အင်္ဂလန်အသင်းသည် ဘရာဇီးနိုင်ငံ၌ကျင်းပသော ကမ္ဘာ့ဖလားအုပ်စုတွင် အီတလီနှင့်ဥရုဂွေးတို့ကို ရှုံးနိမ့်ပြီးထွက်ခဲ့ရသည်။ "ကျွန်တော်က ဆုတောင်းတာတော့မဟုတ်ပါဘူး၊ ဆုတောင်းတိုင်းလည်းမပြည့်ပါဘူး။ ဒိုဟာမှာကျင်းပမယ့် ကမ္ဘာ့ဖလားမှာလည်း အင်္ဂလန်အသင်း ကမ္ဘာ့ဖလားနဲ့ ဝေးဦးမှာဖြစ်ပါတယ်"ဟု အသက် ၆၇ နှစ်ရှိ ရက်နက်က ပြောဆိုလိုက်သည်။

၄င်း၏နည်းပြ သက်တမ်းတစ်လျှောက် အင်္ဂလန်အသင်းအတွက် ရွေးချယ်သင့်သော ကစားသမားများ ၄င်း၏ကလပ်တွင်ရှိသော်လည်း ရွေးချယ်ခြင်းမရှိခဲ့ကြောင်း၊ ကစားသမားကောင်း မစုစည်းနိုင်သမျှ နိုင်ပွဲရမှာမဟုတ်ကြောင်း ၄င်းက ပြောကြားသည်။

——— ကောင်းမြတ်သူ-စုစည်းသည် ———

နေပြည်တော်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးများ ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နေပြည်တော် ဥတ္တရနှင့် ဒက္ခိဏခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးများ ပေ(၄၈×၃၀)(နှစ်ထပ်သံကူကွန်ကရစ်)အဆောက်အအုံအား ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့် တင်ဒါစည်းကမ်းများကို ၂၅-၆-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး၊ နေပြည်တော်ကောင်စီနယ်မြေတွင် ရောင်းချမည်ဖြစ်ပြီး ၂၅-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

ဖုန်း-၀၆၇-၄၂၀၆၆၆

တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်း (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းများမပါ) အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ကတ္တရာလမ်း	၂၄/၀	မိုင်
(ခ)	ကျောက်လမ်း	၁၁၈/၆	မိုင်
(ဂ)	မြေလမ်း	၁၄၀/၆	မိုင်
(ဃ)	ကွန်ကရစ်တံတား	ပေ	၈၇၀
(င)	ရေပြွန်	၁၁၇၅	ပေ
(စ)	ရေရရှိရေး	၆၄	ခု
(ဆ)	အိမ်ရာ	၁၈၈	လုံး
(ဇ)	မီးလင်းရေး(ဆိုလာ)	၂၄၃၇၂	ခု
(ဈ)	မီးလင်းရေး(ရေအား)	၁၀၆	ခု
(ည)	ယင်လုံအိမ်သာ	၂၄၁	လုံး

၂။ (က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်**- ၃၀-၆-၂၀၁၄ရက်မှ ၂၃-၇-၂၀၁၄ ရက်အထိ

(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၄-၇-၂၀၁၄ ရက်

(ဂ) **ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ် ကျေးလက်ဦးစီးမှူးရုံး

၃။ အသေးစိတ် သိရှိလိုသည့်အချက်များကို ဤဦးစီးဌာန၏ ဖုန်း-၀၈၁-၂၁၂၄၂၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ငွေကြယ်ဖြူလမ်း၊ အိမ်အမှတ် ၂၂/ဇ နေ ၁၃/မယတ(နိုင်)၀၁၃၁၈၆ ကိုင်ဆောင်သူ Silver Dove Company Limited Co.,Ltd. Managing Director (စီမံခန့်ခွဲသူ) အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျင်ထန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးကျင်ထန်သည် ကုမ္ပဏီ၏လုပ်ငန်းဖြစ်သော ပြောင်းမျိုးစေ့များဖြန့်ဖြူးရောင်းချသောလုပ်ငန်းတွင် အမှတ်တံဆိပ်အဖြစ် အဝါရောင်နောက်ခံပေါ်တွင် ပြောင်းမျိုးစေ့များဖြန့်ထားပြီး အရွယ်ညီပြောင်းဖူးနှစ်ဖူးပုံ၊ အပေါ်ပိုင်းတွင် ရွှေရောင်သရဖူပုံနှင့် "နှစ်ဖူးအောင်စပ်မျိုးပြောင်း၊ ပြောင်းမျိုးစေ့ H-888"စာသားများ၊ အောက်ပိုင်းရှိ အဝိုင်းသုံးခုတွင် "အထွက်တိုး၊ အလေးချိန်စီးနှင့် အရောင်လှ"ဟူသော စာသားများရေးသားထားပြီး "မိုးခေါင်ဒဏ်ခံနိုင်မှုမြင့်မား"ဟူသော စာသားပါရှိသော အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အဆိုပါအမှတ်တံဆိပ်နှင့်ပတ်သက်ပြီး မိမိတို့၏ အမှတ်တံဆိပ်နှင့်တူညီမှုရှိသဖြင့် ကန့်ကွက်လိုသည်ဆိုပါက ယခုကြော်ငြာစာပါရှိသောရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အသိပေးအကြောင်းကြား ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဦးကျင်ထန်သည် ဖော်ပြပါအမှတ်တံဆိပ်ကို မိမိတို့ကုမ္ပဏီ၏တစ်ခုတည်းသော မူပိုင်တရားဝင် ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ပြုလုပ်ပြီးသုံးစွဲသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(ဒေါ်စင်မြဝတီ) B.A(Law), LL.B

နိုင်ငံတော်ပဓာနလစ်နှင့်တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈)

အမှတ် ၄၀၃(ဂ)၊ ဇောတိကလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ရတနာလမ်း၊ အိမ်အမှတ် ၃၄၅ဟုခေါ်တွင်သော ဦးရာကျော်၊ ဒေါ်လှကြည် အမည်ပေါက် ဂရန်အမှတ် (၄၄/၂၀၀၁-၂၀၀၂)၊ အကွက်အမှတ်(၅)၊ အကွက်အမည် (မင်္ဂလာကွက်သစ်)၊ ဦးပိုင်အမှတ်($F\frac{127}{442}$)၊ ဧရိယာ ၀ ဒသမ ၀၄၃ ဧကရှိသောမြေနှင့် မြေပေါ်ပါ အဆောက်အအုံ ရေ+မီး၊ မီတာတို့ကို ဒေါ်လီလန်မေ ၁၃/မကန(နိုင်)၀၀၀၀၅၆မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ ဖော်ပြပါ မြေအဆောက်အအုံနှင့် ပတ်သက်သော ပိုင်ရေးပိုင်ခွင့်ရှိသူများမှ အထောက်အထား ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန် ကြေညာအပ်ပါသည်။

ဒေါ်လီလန်မေ

အမှတ် ည/၂၈၊ တေဇလမ်း၊

ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့

ဌာနဆိုင်ရာ

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအရ အစိုးရဌာနအသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ

တိုးတက်လာသောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုအခြေအနေ

နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိက အခန်းကဏ္ဍမြင့်တင်ရေးကို အားပေးဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိလုပ်ငန်းရှင်များနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ပါသည်။ ဤသို့ တိုးတက်လာမှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လျက်ရှိပြီး ဆင်းရဲမှုလျှော့ချရေးနှင့် စားဝတ်နေရေးအဆင်ပြေစေရေးကို အထောက်အကူပြုပေးလျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ထပ်မံဆက်သွယ်ညှိနှိုင်းဆောင်ရွက်နေသည့် အခြေအနေများအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ထပ်မံတိုးတက်လာမည့် အခြေအနေကောင်းများရှိနေသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံပေါ်ပေါက်လာမည်ဖြစ်ပါသည်-

မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (အရေအတွက်)



မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (လုပ်သားဦးရေ)



အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန/စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit)

ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှ အထောက်အကူပေးနေ

နိုင်ငံတော်အစိုးရ၏ ဖြေလျှော့မှု၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ပေးခဲ့မှုများနှင့်အတူ ပြည်တွင်းအေးချမ်းသာယာမှုနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ ရေမြေတောတောင်သဘာဝများက ကမ္ဘာ့ခရီးသွားများကို ဆွဲဆောင်လျက်ရှိနေပါသည်။ ပြည်ပဧည့်သည်များ ဝင်ရောက်မှုများလာသည်နှင့်အတူ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များစသည်တို့ ပိုမိုတိုးပွားလျက်ရှိပြီး မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှလည်း အထောက်အကူပြုပေးလျက်ရှိပါသည်-







ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန/ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ (Delivery Unit)

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု

ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နေသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်းပန်းဆက်သွယ်မှုသည် အရေးကြီးပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီတို့မှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်းလျက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်းများ တိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်-





ဆောက်လုပ်ရေးဝန်ကြီးဌာန/ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သာစည်မြို့နယ် ကျေးလက်တောရွာများတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက စက်ရေတွင်း ၁၀၀ တူးဖော်မည်

သာစည် ဇွန် ၂၂

ကျေးလက်တောင်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ကျေးလက်နေ တောင်သူများအတွက် စိုက်ပျိုးရေးတွင် အသုံးပြုရလွယ်ကူစေရေးအတွက် စက်ရေတွင်းများကို ၂၀၁၃-၂၀၁၄ ခုနှစ်မှစတင်၍ တူးဖော်ပေးလျက်ရှိရာ သာစည်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကျေးရွာအုပ်စု ၁၆ အုပ်စုတို့၌ တောင်သူပေါင်း ၁၁၅ ဦးတို့အတွက် စက်ရေတွင်းပေါင်း ၁၁၅ တွင်းကို ငွေကျပ် ၄၇၂ သိန်းကျော် အကုန်အကျခံ၍ တူးဖော်ပေးခဲ့သည်။

သာစည်မြို့နယ်၌ ယခုနှစ် နွေရာသီတွင် တောင်သူများအနေဖြင့် မိုးခေါင်မှုကြုံတွေ့သော်လည်း ကြက်သွန်၊ နှမ်း၊ ပဲတီစိမ်း၊ မြေပဲ၊ မိုးထောင်ငရုတ်၊ စားပြောင်းများကို စိုက်ပျိုးရာတွင် အဆိုပါတူးဖော်ထားသည့် စက်ရေတွင်းများကြောင့် မြေအောက်ရေများရရှိ၍ သီးနှံများ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးသီးနှံအောင်မြင်စွာ ခူးဆွတ်ရိတ်သိမ်းနိုင်မှုအထိ မြေအောက်ရေကို တောင်သူတို့ လိုသလိုသုံးစွဲနိုင်ခဲ့ကြသည်ဟု ဆိုသည်။

ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနအနေဖြင့် ယခု ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြိုတင်ချေးငွေများဖြင့် သာစည်မြို့နယ်တွင် မြေအောက်ရေ၊ စက်ရေတွင်းပေါင်း ၁၀၀ကို တူးဖော်ပေးသွားမည်ဖြစ်ကြောင်းသိရပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဦးညွန့်ငွေကလည်း ယခင်က မတူးဖော်ပေးခဲ့ရသဲ ကျန်ရှိနေသည့် ကျေးရွာများတွင် ဆက်လက်တူးဖော်ပေးနိုင်ရေးအတွက် မြို့နယ်ဖွံ့ထောက်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

"ကျေးရွာတွေမှာ တောင်သူတွေရဲ့ ဆန္ဒနဲ့စက်ရေတွင်းများ တူးဖော်ပေးမယ်ဆိုရင် တူးချင်ပါတယ်၊ အရင်က တူးဖော်ပေးသွားတာတော့ ကြားပါတယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက သူတို့နဲ့ သင့်မြတ်တဲ့သူတွေကိုသာ ရွေးချယ်တူးပေးသွားတာပါ၊ ကျွန်တော်ကြားသိရတာက စက်ရေတွင်းတူးဖော်ခငွေကို တစ်လုံးတည်းပေးရမယ်လို့ ကြားသိရတော့ ကျွန်တော်တို့က မပေးနိုင်ဘူးလေ၊ အရစ်ကျစနစ်နဲ့ သီးနှံပေါ်ပေးရမယ်ဆိုရင်တော့ တူးချင်ပါတယ်"လို့ ညောင်ရမ်းတိုက်နယ် ဥသျှစ်ကုန်း ကျေးရွာတောင်သူကြီး ဦးကျော်မျိုးထွန်းက ပြောပြသည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနအနေဖြင့် တောင်သူတို့ စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံ တူးဖော်ဆောင်ရွက်ပေးမှုကြောင့် ကျေးလက်နေတောင်သူများ စိုက်ပျိုးရေရရှိ၍ သီးနှံစုံစိုက်ပျိုး လုပ်ကိုင်နိုင်ကြပြီး ဝင်ငွေကောင်း၍ ဆင်းရဲမှုကို လျှော့ချနိုင်သည့်အတွက် နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံ၊ အရှုံးခံ၍ ယခုကဲ့သို့ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

မောင်ကို(သာစည်)

သတင်းတိုများ

လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

ရေတာရှည် ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးငွေးကျော်၊ ဒုတိယဥက္ကဋ္ဌရဲမှူးညဏ်ဝင်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် NGO အဖွဲ့အစည်းများ စုစုပေါင်း ၃၀၀ ဦး ခန့်တက်ရောက်ခဲ့သည်။ **(လ/၀၁၉)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နောင်ကွဲကျေးရွာမီးလင်းရေး ဆွေးနွေး

သီပေါ ဇွန် ၂၂

ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုင်းထွန်းရင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါနှင့်လားရှိုးမြို့နယ်ကြား နောင်မွန်ကျေးရွာအုပ်စု နောင်ကွဲကျေးရွာ ရွာဦးကျောင်း ကောင်ခမ်းဘုန်းတော်ကြီးကျောင်း၌ ဒေသခံကျေးရွာပြည်သူ ၁၀၀ ကျော်နှင့် တွေ့ဆုံကာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီး ဦးစိုင်းထွန်းရင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ကျေးရွာမီးလင်းရေး ကော်မတီအတွင်းရေးမှူး ဦးစိုင်းနောင့်နှင့်အဖွဲ့ဝင် ဦးနောင်နောင်၊ ဦးအောင်မျိုးလှိုင်တို့ကလည်း မိမိကျေးရွာအနေဖြင့် အိမ်ခြေ ၈၉ အိမ်၊ မီတာ ၉၅ လုံးအတွက် တစ်အိမ်မီတာတစ်လုံး ငွေကျပ် ခြောက်သိန်းနှုန်းဖြင့်လည်းကောင်း၊ ထို့ပြင် နောင်လန်နှင့် တောင်ဟုန်းကျေးရွာ ပြည်သူများလည်း မီးလင်းရေးအတွက် လိုလားလျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်နယ်လျှပ်စစ်ဝန်ကြီး အနေဖြင့် မန္တလေး၊ လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အထက်ဖော်ပြပါ ကျေးရွာများအတွက် မီးလင်းရေးကို ကူညီဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများကိုယ်စား တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က တင်ပြချက်များပေါ် ပြန်လည်သုံးသပ်၍ ကျေးလက်မီးလင်းရေးကော်မတီအနေဖြင့် ရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက် ကျေးလက်ဒေသလျှပ်စစ်မီးလင်းရေးကို ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၈၉၉၆ Toyota Dyna BU 82, Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/မနတ(နိုင်)၀၃၃၅၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၉၄၁၉၁ Zong Shen MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်စန္ဒာဝင်း ၉/မနမ(နိုင်)၁၀၈၈၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၃၁၂၅ Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၉/အမရ(နိုင်)၀၀၂၃၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၂၁၉၊ မြေကွက်တည်နေရာအမှတ် ၂၁၉၊ ယုဇန ၁ လမ်း၊ (ဒေါ်အေးရင်+၂) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အေးရင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူရရှိသူ ဒေါ်အေးအေးမြင့်၁၂/ဥကမ(နိုင်)၀၄၆၈၄၁က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်၂၇/ခ၊ မြေကွက်တည်နေရာအမှတ်(၂၇/ခ)၊ဘရဏီ(၁)လမ်း၊(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးထွန်းဝင်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းဝင်း (လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ဦးခင်စောက တစ်ဦးတည်းသောညီတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၅၈၅၉(၂၆-၂-၂၀၁၄)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်မြင့်မြင့်ကြည် ၁၂/ဥကမ(နိုင်)၀၉၃၇၁၇မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၆၅၆/၁၄(၃-၄-၁၄) ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် (၈၇၇/က)၊ မြေကွက်တည်နေရာအမှတ် (၈၇၇/က)၊ ရတနာပုံ(၄)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြထွန်းအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးမြထွန်း(ဖခင်) နှင့် ဒေါ်ရင်လှ (မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်ဝင်းဝင်းချို ၁၂/သကတ(နိုင်)၀၅၂၆၂၇၊ ၂။ဦးဇော်ထွန်း ၁၂/သကတ(နိုင်)၀၂၆၁၇၀တို့မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၀ကံဘဲ့၊ မြေကွက်အမှတ်၁၇/က၆၏ အစိတ်အပိုင်း (၁၁'-၆"×၈၀')၊ မြေကွက် တည်နေရာအမှတ် ၃၅၂၊ သမာဓိ (၃)လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးထွန်းလွင် အမည်ပေါက်မြေပိုင်မြေလ/န ၃၉ ရပြီး မြေအား အမည်ပေါက်ထံမှ မရမ်းကုန်းမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် (၂၈/၂၀၁၂)၊ ဇာရီမှုအမှတ် ၂၁/၂၀၁၂၊ အရောင်းအဝယ်စာချုပ်အမှတ် ၈၇၃/၂၀၁၄(၂၇-၂-၂၀၁၄) တို့ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်သိန်းသိန်းဌေး(ခ) ဒေါ်ဥမ္မာတင် ၁၂/လမတ(နိုင်)၀၁၆၄၈၇က တရားရုံးဒီကရီ၊ အရောင်းအဝယ်စာချုပ်များ တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၉၈(B)၊ မြေကွက်တည်နေရာအမှတ် ၂၈၈၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးလှကြိုင် ၁၂/ပဇတ(နိုင်) ၀၁၈၃၆၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှကြိုင် (ဖခင်)နှင့် ဒေါ်အေးသန်း (မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးလှရွှေ(ခ)ဂျော်နီ ၁၂/ဒပန(နိုင်)၀၀၂၆၅၅မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၈၃၉/၂၀၁၄) ရသူ ဒေါ်ဥမ္မာပွင့် ၁၂/ဒပန(နိုင်) ၀၀၀၁၁၄ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၀/ကံဘဲ့၊ မြေကွက်အမှတ်၁၇/က၅၊ အစိတ်အပိုင်းပေ (၁၀×၇၀)၊ မြေကွက်တည်နေရာအမှတ်၃၅၂၊သမာဓိ၃လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ဆွေဆွေလွင်၊ ဒေါ်ဝေဝေလွင် အမည်ပေါက် မြေပိုင်မြေလ/န ၃၉ရပြီးမြေအား အမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၆၅၈၄/၂၀၁၁ (၁၈-၁၀-၂၀၁၁)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သိန်းသိန်းဌေး(ခ) ဒေါ်ဥမ္မာတင် ၁၂/လမတ(နိုင်) ၀၁၆၄၈၇မှ အရောင်းအဝယ်စာချုပ်တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင် ပိုင်ဆိုင်သောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၁၅၇၊ မြေကွက်အမှတ် ၁၃၄၆၊ အမည်ပေါက် ဦးဝင်းမောင်၁၂/အလန(နိုင်) ၀၀၉၄၉၉မှ မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ်ခ/၁၉၊ မြေကွက်တည်နေရာအမှတ် ၁၉၊ မင်းနန္ဒာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးခင်မောင်သိန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်သိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အေးအေးညွန့် ၁၂/လသန(နိုင်) ၀၀၅၉၇၇က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မန္တလေး-မြစ်ကြီးနားအမြန်ရထား လူစီးတွဲဆိုင်းများတွင် သုံးရေလုံလောက်စွာ ဖြည့်ပေးနိုင်ရေး မိုးညှင်းဘူတာတွင် စီစဉ်ဆောင်ရွက်နေ

မိုးညှင်း ဇွန် ၂၂

မန္တလေး-မြစ်ကြီးနား အမြန်ရထားလူစီးတွဲဆိုင်းများတွင် ရထားစီးခရီးသည်များ သုံးရေလုံလောက်မှုရှိစေရန်အတွက် ကချင်ပြည်နယ် မိုးညှင်းမြို့ ဘူတာ၌ ရထားဆိုက်ရောက်စဉ် လူစီးတွဲဆိုင်းများသို့ ရေဖြည့်ပေးရေးကို မြန်မာ့မီးရထား အင်ဂျင်နီယာနှင့် လုပ်ငန်းဌာန အလိုက် ရေဖြည့်ပိုက်လိုင်းများကို တပ်ဆင် ဆောင်ရွက်လျက်ရှိသည်။

ရှေးအခါက အသုံးပြုခဲ့သည့် မြေအောက်ရေပိုက်လိုင်းများမှာ နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သဖြင့် သံပိုက်လိုင်းများအချို့ ဆွေးမြည့်နေပြီဖြစ်ကြောင်း၊ ယခုအခါ ရေဖြည့်တင်းပေးနိုင်ရေး ထပ်မံစီစဉ်ဆောင်ရွက်နေကြောင်းဖြင့် လုပ်ငန်းကြီးကြပ်သူတစ်ဦးက ပြောပြသည်။

ကချင်ပြည်နယ်အဝင် ရထားစီးခရီးအတွက် နဘားဘူတာ၌ လိုအပ်လျှင် ရထားတွဲဆိုင်းများကို ရေဖြည့်ထည့်ပေးမည်ဖြစ်ပြီး မိုးညှင်းဘူတာ၌ လိုအပ်သောရေကို ထပ်မံဖြည့်တင်းပေးခြင်းဖြင့် ခရီးသွားပြည်သူများအတွက် သုံးရေလုံလောက်မှုရှိကာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဝဇ၃)**

ဂန့်ဂေါမြို့အခြေစိုက် ယောရှေ့ပြည်ယာဉ်လိုင်းက ဂန့်ဂေါ-မကွေး ခရီးစဉ်သစ်တိုးချဲ့ပြေးဆွဲ

ဂန့်ဂေါ ဇွန် ၂၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့အခြေစိုက် ယောရှေ့ပြည် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းက ဇွန်တတိယပတ်မှစတင်၍ ဂန့်ဂေါ-ပခုက္ကူ-မကွေးခရီးစဉ်သစ်ကို တိုးချဲ့ဖွင့်လှစ်လျက် အန်စာတုံးယာဉ်များဖြင့်ခရီးသည်သီးသန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယာဉ်ထွက်ချိန်၊ ဝင်ချိန်များမှာ ဂန့်ဂေါမြို့မှ နေ့စဉ် နံနက် ၇ နာရီတွင် စတင်ထွက်ခွာပြီး မကွေးမြို့သို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကာ မကွေးမြို့မှ နေ့စဉ် နံနက် ၆ နာရီ ထွက်ခွာသောယာဉ်သည် ဂန့်ဂေါမြို့သို့ ညနေ ၄ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ယာဉ်စီးခမှာဂန့်ဂေါ-မကွေး ခရီးစဉ်အစအဆုံးအတွက် နောက်ခန်းမှ ငွေကျပ်၁၅၀၀၀၊ ရှေ့ခန်းမှငွေကျပ်၂၀၀၀၀ သတ်မှတ်ထားသည်။

ဂန့်ဂေါအခြေစိုက် ယာဉ်လိုင်းများသည် ဂန့်ဂေါ-မန္တလေး၊ ဂန့်ဂေါ-ပခုက္ကူ၊ ဂန့်ဂေါ-ဟံသာဝတီ၊ ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-မင်းတပ် စသည့် ခရီးစဉ်များကို ပြေးဆွဲလျက်ရှိကြရာ မကွေးမြို့သို့ သွားရောက်လိုသော ခရီးသည်များမှာ ပခုက္ကူနှင့် မန္တလေးမြို့တို့မှတစ်ဆင့် ကားပြောင်းစီးကာခရီးဆက်ကြရသဖြင့် အချိန်ပိုကုန်ခြင်း၊ ငွေပိုကုန်ခြင်း၊ လူပင်ပန်းခြင်းတို့ ဖြစ်ခဲ့ကြရသည်။ ယခုလို ယောရှေ့ပြည် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်းက အန်စာတုံးယာဉ်များဖြင့် ဂန့်ဂေါ-မကွေးခရီးစဉ်ကို တိုက်ရိုက်ပြေးဆွဲပေးနေပြီဖြစ်သဖြင့် အထူးသဖြင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာရုံးများသို့ အမြဲမပြတ် ဆက်သွယ်သွားလာနေကြရသော ဂန့်ဂေါမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများမှာ သွားလာရေး အဆင်ပြေလွယ်ကူချောမွေ့လာသဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိနေကြကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

စီမံကိန်းလုပ်ငန်း တာဝန်ပေးအပ်

မြို့သစ် ဇွန် ၂၂

မကွေးခရိုင် မြို့သစ်မြို့နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ၂၀၁၄-၂၀၁၅ စီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးမျိုးညွန့်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရေးဆွဲရေးနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား စီမံကိန်းရည်မှန်းချက်တာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

အိုင်နီကျေးရွာတွင် စက်ရေတွင်းနှင့် ရေစင်ဆောက်လုပ်

ချောင်းဦး ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာအုပ်စု အိုင်နီကျေးရွာတွင် အရှည်ပေ ၅၀၀ ရှိ လေးလက်မစက်ရေတွင်း တူးဖော်လျက်ရှိကြောင်း သိရသည်။

အိုင်နီကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကောင်းမြတ်ဟိန်းကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာ နှစ်တွင် ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ ငွေကျပ် ၁၇ ဒသမ ၁၅ သန်းဖြင့် အရှည်ပေ ၅၀၀ ရှိ လေးလက်မစက်ရေတွင်းတစ်တွင်းအပြင် ၁၈ ပေအမြင့်ရှိ ရေစင်ပါဝင်သော ရေစက်ရုံနှင့် ပေ ၄၀၀၀ ရေပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိုင်နီကျေးရွာ၌ အဆိုပါစက်ရေတွင်းတူးဖော်ခြင်းနှင့် ရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများအနေဖြင့် သောက်ရေ၊ သုံးရေ ဖူလုံစွာရရှိနိုင်တော့မည်ဖြစ်သည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဆည်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေး

ကျောက်ဆည် ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် လမ်းဆုံများ မီးပွိုင့်များမှ သွားလာသော မော်တော်ကား၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ၊ မော်တော်ဆိုင်ကယ်များကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံအုပ်ချုပ်ရေးမှူးများ၊ ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်ဇော်ဝင်းစိုးနှင့် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဆောင်ရွက်ကြရာ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ မေးသိုင်းကြိုးမတပ်သူများ၊ နှစ်ဦးထက်ပိုစီးသူများ၊ သတ်မှတ်နံပါတ်ပြား မတပ်ဆင်သူများ၊ လမ်းပြောင်းပြန်စီးသူများ၊ သတ်မှတ်အရှိန်ထက်ပို၍ မောင်းနှင်သူများ၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်မပြည့်စုံသူများကို ထိရောက်စွာ အရေးယူမှုကြောင့် ယာဉ်စည်းကမ်းမလိုက်နာသူ အနည်းငယ်သာကျန်ရှိနေကြောင်း သိရသည်။ **ခင်မောင်လွင်**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ကရင်ပြည်နယ်၊ ဘားအံမြို့

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ်အတွင်း ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ အောက်ဖော်ပြပါ ပြည်နယ်/ခရိုင်/မြို့နယ်များတွင် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ပြည်နယ်ဦးစီးမှူးရုံး - (၄၀'×၂၈'×၁၂')(သွပ်မိုး၊RC၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း) နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ (၂)လုံး (ကရင်ပြည်နယ်ဦးစီးမှူးရုံးဝင်း)

(ခ) ဘားအံမြို့နယ်ဦးစီးမှူးရုံး - (၃၀'×၃၀'×၁၂') (သွပ်မိုး၊ RC၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း)(၁၈'×၁၀'×၁၂') ကွန်ကရစ်တိုင်၊ ပေါ်တီကို အပါအဝင် (ပြည်နယ်ရုံးဝင်း)

(ဂ) ကော့ကရိတ်ခရိုင်ဦးစီးမှူးရုံး - (၄၀'×၂၈'×၁၂')(သွပ်မိုး၊RC၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း) နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ(၁)လုံး (ကော့ကရိတ်ခရိုင်ဦးစီးမှူးရုံးဝင်း)

(ဃ) ကြာအင်းဆိပ်ကြီးမြို့နယ်ဦးစီးမှူးရုံး - (၄၀'×၂၀'×၂၂') (သွပ်မိုး၊ RC၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း) နှစ်ထပ်ရုံး (၁)လုံး (ကြာအင်းဆိပ်ကြီးမြို့နယ်ဦးစီးမှူးရုံးဝင်း)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၆-၂၀၁၄ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၃-၇-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကရင်ပြည်နယ်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၁၄၉၄သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဖခင် အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)တွင် ပညာသင်ကြားနေသော မောင်အောင်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၉/တတဥ(နိုင်)၀၄၆၈၀၃ ဖြစ်ပါသည်။ **ဦးတင်ဦး**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်)အဆင့်မြင့်မီးခံအုတ်ထုတ်လုပ်ရေးဌာန အတွက် အောက်ဖော်ပြပါကုန်ကြမ်းအား စက်ရုံအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Mg O 95 %	625 Tons

၂။ တင်ဒါအား ၂၃-၆-၂၀၁၄ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၄-၇-၂၀၁၄ရက် ၁၅း၃၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီးတင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါကစုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀)

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ရုံးသုံးကွန်ပျူတာ၊ ဆက်စပ်သုံးပစ္စည်းများနှင့် မိတ္တူကူးစက်ကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့်ပစ္စည်းကိရိယာများစာရင်း အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၅၈သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄ နာရီ

တင်ဒါစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးမွေးမြူရေးနှင့် လူမှုရေးကော်မတီမှ (၁၆၈×၄၀×၂၂)ပေ အတိုင်းအတာ (Angle Iron ဒိုင်း၊ 4 Angle Sheet အမိုး၊ အုတ်အကာ၊ ကွန်ကရစ်ခင်းအမျိုးအစား) အိမ်ခန်းရှစ်ခန်းတွဲ နှစ်ထပ် RC ဝန်ထမ်းနေအိမ်တစ်လုံးအား နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာကျပ်ငွေဖြင့် တည်ဆောက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် -၂၄-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၂-၇-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ် ၅၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၁၂၀၊ ၀၆၇-၄၁၃၁၀၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၀၂၄၇)၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ အမည်ပေါက်ပိုင်ရှင် ဦးမျိုးမြင့် ၇/ပမန (နိုင်)၁၀၀၄၃၆ (ဘ)ဦးညဏ်ရင်က မြေငှားဂရန်စာချုပ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားသည့်အတွက် မြေငှားဂရန် မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ တင်ပြ၍ ယနေ့မှစ၍ ၁၄ရက်အတွင်း မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နွားနောက်မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့်အခြေအနေများ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ကော့သောင်း ဇွန် ၂၂

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် နွားနောက်(Nanauk)မုန်တိုင်းအရှိန်ကြောင့် ပျက်စီးခဲ့သည့် အခြေအနေများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အဖွဲ့ဝင်များက ဇွန် ၂၀ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ ပင်လယ်ဖြတ်ကူးသစ်သားတံတားသို့ရောက်ရှိပြီး နွားနောက်(Nanauk)မုန်တိုင်းအရှိန်ကြောင့် မုတ်သုံလေအားကောင်း၍ လှိုင်းထန်ကာ ပြိုကျပျက်စီးခဲ့သည့် တံတားချဉ်းကပ်လမ်းကျောက်စီမြေထိန်းနံရံ၊ တံတားလက်ရန်းနှင့် တံတားသစ်သားကြမ်းခင်း ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ကျေးလက်ပြည်သူများ ဖြတ်သန်းသွားလာမှု အဆင်ပြေလွယ်ကူချောမွေ့စေရေး၊ တံတားကြံ့ခိုင်မှုရေရှည်တည်တံ့ရေးနှင့် တံတားကို အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရန် တာဝန်ရှိသူများအား ပံ့ပိုးလမ်းညွှန်ခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်သည် သီရိမြိုင်ရပ်ကွက်၊ ၃မိုင် ကမ်းခြေ လှိုင်းတားရေထိန်းကျောက်စီနံရံ ပြိုကျပျက်စီးသည့်နေရာသို့ရောက်ရှိကာ ပျက်စီးမှုအပိုင်းများကို ကြည့်ရှုစစ်ဆေးပြီး ပျက်စီးချွတ်ယွင်းသည့်အပိုင်းများအား အမြန်ဆုံးပြင်ဆင်နိုင်ရေး၊ အများပြည်သူအသုံးပြုသွားလာရာ နိုင်လွန်ကတ္တရာလမ်းမကြီး ရေတိုက်စားမှု မဖြစ်ပေါ်ရေးနှင့် ခိုင်ခံ့သည့်အနေအထားဖြစ်ရန် အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ကော့သောင်းမြို့ ဘုရင့်နောင်ရဲရိပ်သာခန်းမ၌ မုန်တိုင်းအရှိန်ကြောင့် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်အတွင်း မြို့ပေါ်နှင့် ကျေးရွာများတွင် ဖြစ်ပွားခဲ့သည့် လမ်းပိုင်းများ၊ ချောင်းကူးတံတားများ၊ စာသင်ကျောင်းများ၊ လယ်ယာမြေများ၊ တာတမံများ၊ မြေထိန်းနံရံများ၊ ကျေးလက်ပြည်သူတို့၏နေအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာကျေးရွာအလိုက် လိုအပ်သည့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ကူညီရေးလုပ်ငန်းများအား အမြန်ဆုံးဆောင်ရွက်သွားကြရန် ဒေသတာဝန်ရှိအဖွဲ့အစည်းများအား လမ်းညွှန်မှာကြားပြီး မုန်တိုင်းဒဏ်သင့်ခဲ့သည့် ကျေးရွာများမှတာဝန်ရှိသူများ၊ ကျေးရွာအိမ်ထောင်စုဝင်မိသားစုများအား လမ်းတံတားအိုးအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန် ကူညီထောက်ပံ့ငွေများနှင့် မုန်တိုင်းအရှိန်ကြောင့် လှိုင်းထန်သဖြင့် ပင်လယ်အတွင်း ဝမ်းစာရှာဖွေလုပ်ကိုင်ကြရသည့် ကော့သောင်းမြို့နယ်-မကြံ့ဂလက်-ပင်လယ်ကွန်းကျေးရွာမှ ဝမ်းစာအခက်တွေ့နေသည့် ဆလုံလူမျိုးများအတွက် စားသုံးဆန်အိတ် ၁၀၀ ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

ဖြူစင်စေတနာလူမှုကူညီရေးအသင်းသို့ ကျန်းမာရေးမော်တော်ယာဉ် လှူဒါန်း

တံတားဦး ဇွန် ၂၂

တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ ဖြူစင်စေတနာ လူမှုကူညီရေးအသင်းသို့ ကျန်းမာရေးမော်တော်ယာဉ်ရေစက်ချပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂၀ ရက်က အသင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသင်းနာယက ရေလယ်ကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိလာသက ဩဝါဒစကားနှင့် အနုမောဒနာတရား ချီးမြှင့်ပြီး ကျန်းမာရေးမော်တော်ယာဉ်အလှူရှင် တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ မယ်ဇလီတောရကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဝရကိုယ်စား ဘဒ္ဒန္တ သီလာစာရက လျှောက်ထားပြောကြားပြီး ကျန်းမာရေးမော်တော်ယာဉ်နှင့် ဆက်စပ်စာရွက်စာတမ်းများကို အသင်းနာယက ဘဒ္ဒန္တဝိလာသထံ ဆက်ကပ်လှူဒါန်းခဲ့သည်။ **ရဲတင့်**

မြစိမ်းရောင် စီမံကိန်း အကောင်အထည်ဖော်ရေးစည်းဝေး

ဝါးခယ်မ ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရွှေခယ်သီရိအားကစားခန်းမ၌ ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဖေသန်းတို့က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကော်မတီဝင်များက သိရှိလိုသည်များကိုဆွေးနွေးတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ အောင်ကပ်ကျော်ရပ်ကွက်တွင် ဇွန် ၁၉ ရက်က ဖွင့်လှစ်သော ကိုယ့်အားကိုယ်ကိုး မီးလင်းရေး ၃၁၅ ကေဗွီအေ လျှပ်စစ်ထရန်စဖော်မာဖွင့်ပွဲ၌ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းဓာတ်ပုံ - မောင်မောင်စိုး(မြစ်ငယ်)

ရိုးရာအခြေခံဂျပ်ခုတ်သင်တန်းဖွင့်

သံတောင်ကြီး ဇွန် ၂၂

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ရိုးရာအခြေခံဂျပ်ခုတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို သံတောင်ကြီးမြို့ ရှင်ဂျော့ဂျက်ဗိမာန်တော်၌ ဇွန် ၁၉ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဂျပ်ခုတ်သင်တန်းအတွက် လိုအပ်သော ပစ္စည်းကိရိယာများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ပြီး သင်တန်းတွင်အသုံးပြုရန်အတွက် ချည်စင်များကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးနာယကက ပေးအပ်ခဲ့သည့်အပြင် သင်တန်းနည်းပြတစ်ဦးကို တစ်လငွေကျပ် ၁၅၀၀၀၀၊ သင်တန်းအကူတစ်ဦးလျှင် တစ်လငွေကျပ် ၅၀၀၀၀၊ သင်တန်းသားတစ်ဦးလျှင် တစ်ရက်စားစရိတ်ငွေကျပ် ၁၅၀၀ နှင့် သင်တန်းသားတစ်ဦးစီအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀ သိန်းကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ သင်တန်းသို့ သင်တန်းသူ ၃၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၄၅ ရက်ကြာမြင့်မည် ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း၊ ယခုဖွင့်လှစ်သော ဂျပ်ခုတ်ပညာသင်တန်းလည်းတစ်ခုအပါအဝင်ဖြစ်ကြောင်း ပြောကြားသည်။ **ကိုတီ(iprd)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Hlaw Gar)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No. 15/DHPI/Equipment/2014-2015	
(က)	Earth and Stone Works Equipment	1 Lot
(ခ)	Concrete Equipment	1 Lot
(ဂ)	Grouting Equipment	1 Lot
(ဃ)	Machining Equipment	1 Lot
(င)	Power Equipment	1 Lot
	Tender No. 16/DHPI/Material/2014-2015	
(က)	Material	1 Lot

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၀-၇-၂၀၁၄ ရက် ၁၂ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် ၆၀ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်ရေးဌာနခွဲ၊ အမှတ်(၁) ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ် (၃)အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊

ဖုန်း-၀၆၇-၄၁၃၅၃၀၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Tender 2014-A-OVS အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက်ပြည်ပဆက်သွယ်ရေးစခန်းမှ အောက်ဖော်ပြပါလုပ်ငန်းအပ်နှံခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်းတို့ ဆောင်ရွက်လိုပါ၍ ဈေးပြိုင်အိတ်ဖွင့်တင်ဒါတင်သွင်းမည့်လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်	မှတ်ချက်
၁	IGW Softswitch Expansion Equipments	1 Lot	နိုင်ငံခြားငွေ
၂	Primary Reference Clock	1 Set	ကျပ်ငွေ
၃	70 KVA Engine Generator	1 No	ကျပ်ငွေ
၄	ဂြိုဟ်တုမြေပြင်စခန်းဆိုင်ရာ စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၅	Transmission Measuring Equipments & OFC Racks	1 Lot	ကျပ်ငွေ
၆	(၆)ခန်းတွဲ (၁)ထပ် RC ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း	1 No	ကျပ်ငွေ

၂။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ (၈)မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ(Technical and requirement Proposal)ကို ၁၀-၇-၂၀၁၄ ရက် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း ပြည်ပဆက်သွယ်ရေးရုံးချုပ်တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၅၀၀၀၀၁၄၂၊ ၀၁-၆၅၀၁၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

မလှိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(F)မှ ဦးသိန်းလှိုင်၏သမီး မသူဇာအောင်အား ယနေ့မှစ၍ မသူဇာဟု ပြောင်းလဲခေါ်ပါရန်။

မသူဇာ

အမည်ပြောင်း

ဦးထွန်းအေး၏သား အမ်းမြို့၊ အထက(၂)၊ ပဉ္စမတန်း(A)မှ မောင်ကောင်းဝေယံအား မောင်ဉာဏ်လင်းအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဉာဏ်လင်းအောင်

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ သစ်တောဝင်းနေ ဦးမျိုးရွှေဦး၊ ဒေါ်ဌေးဌေးလွင်တို့၏သမီး အထက(၂)၊ မရမ်းကုန်း၊ ဆဋ္ဌမတန်း(H)မှ မတဉ္စာလွင်အား မတင်ဇာလွင်ဟု ခေါ်ပါရန်။

မတင်ဇာလွင်

ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မတွယ်တာ၏ ဖခင်အမည်မှန်မှာ ဦးယူနွတ်(ခ)ဦးအောင်မြတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးယူနွတ်(ခ)ဦးအောင်မြတ်

ဖခင်အမည်မှန်

မူဆယ်မြို့နယ်၊ မိုင်းယု(၁၀၅)မိုင်၊ အထက(ခွဲ)၊သတ္တမတန်း(C)မှ မောင်ခန့်ဝင်းသော်(မွေးရက်၂၂-၇-၂၀၀၂)၏ မိဘအမည်မှန်မှာ ဦးတင့်နိုင်၈/မမန(နိုင်)၁၆၂၇၇၃ နှင့် ဒေါ်ခင်မျိုး ၈/မမန(နိုင်)၀၆၈၄၉၅ ဖြစ်ပါကြောင်း။

မောင်ခန့်ဝင်းသော်

မိဘအမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ နဝမတန်း(D)မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ပညာသင်ကြားခဲ့သော နန်းဆိုင်အေး(မွေးရက် ၂၉-၁-၁၉၉၅)၏ မိဘအမည်မှန်မှာ ဦးစိုင်းခင်မောင် ၁၃/မဆန(နိုင်)၀၀၁၃၄၈ နှင့် မအေးဆွေ ၁၃/လရန(နိုင်)၀၀၀၄၇၉ ဖြစ်ပါကြောင်း။

နန်းဆိုင်အေး၊ ဟိုမွန်ရပ်ကွက်

ဟားခါး-မတူပီ-ပလက်ဝ ကားလမ်းမကြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အပြီးဖောက်လုပ်မည်

ဟားခါး ဇွန် ၂၂

ချင်းပြည်နယ်မြို့တော် ဟားခါးမှ မတူပီ-ပလက်ဝမြို့အထိ မိုင်ပေါင်း ၃၀၀ ခန့် ဆက်သွယ်သွားလာနိုင်သော လမ်းမကြီးကို ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အပြီးဖောက်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း ဆက်သွယ်သည့် ဟားခါးမှ မတူပီအကြား ကားလမ်းကို အကျယ် ၂၈ ပေမှ ပေ ၄၀ အထိတိုးချဲ့ပြီး ထိုမှတစ်ဆင့် ကတ္တရာလမ်းအဖြစ် တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်ဆောက်လုပ်ရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

"ကားလမ်း ဘတ်ဂျက်ထဲက ၇၅ ရာခိုင်နှုန်းကို မြို့တော်ဟားခါးမှ မတူပီ-ပလက်ဝ ကားလမ်းတိုးချဲ့ရေးအတွက် လျာထားပါတယ်၊ အဲဒီလုပ်ငန်းဆောင်ရွက်ရာမှာ ကျေးရွာအတွက် အကျိုးပြုမယ့်လုပ်ငန်းများကို တောင်းဆိုကြပါ၊ ကျွန်တော့်အနေနဲ့ လုပ်နိုင်တာရှိသလို ပြည်နယ်အစိုးရအထိလည်း တင်ပြနိုင်ပါတယ်။ အခွင့်အရေးရှိတုန်း ကျေးရွာအတွင်း တိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်ကြပါ၊ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးဖို့ ကြိုးစားမှာပါ၊ အခု မတူပီ-ပလက်ဝလမ်းမကြီး ၂၈ မိုင်ဖောက်လုပ်နေပြီ၊ နောက်နှစ်မှာဆိုရင် အတတ်နိုင်ဆုံး မော်တော်ဆိုင်ကယ်တွေ၊ ကားတွေသွားနိုင်အောင် ဆောင်ရွက်နိုင်တော့မှာပါ"ဟု ညွှန်ကြားရေးမှူးက ဆိုသည်။

အဆိုပါကားလမ်းကို ကုမ္ပဏီများက တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်ပြီး လမ်းအကောင်အထည်ဖော်ဆောင်ရွက်စဉ်တွင် ကျေးရွာအတွင်းရှိ အများပြည်သူအကျိုးပြုမည့် ရပ်ရွာအတွင်း လမ်းတိုးချဲ့ခြင်း၊ ကျောင်းဧရိယာတိုးချဲ့ပေးခြင်းများကိုလည်း သက်ဆိုင်ရာနှင့် ညှိနှိုင်းလျက် တစ်ပါတည်း အခမဲ့ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုအနောက်ကျဆုံးပြည်နယ်ဖြစ်သည့် ချင်းပြည်နယ်တိုးတက်ဖွံ့ဖြိုးရေးအတွက် ကားလမ်းလိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာလျှင် ဒေသထွက်စားသောက်ကုန်များကို ချင်းပြည်နယ်အနှံ့ ကုန်းကြောင်းဖြင့် ရောင်းဝယ်ဖောက်ကားနိုင်မည် ဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောသည်။

ချင်းပြည်နယ်တောင်ပိုင်းအစွန် ပလက်ဝမြို့မှ အခြားချင်းပြည်နယ်မြို့များသို့ သွားလာလိုပါက ရခိုင်ပြည်နယ်ကို ဖြတ်သန်းကြရပြီး ချင်းပြည်နယ်မြောက်ပိုင်းမှ တောင်ပိုင်းသို့သွားလိုပါက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို ဖြတ်သန်းရကြောင်းသိရသည်။

နေစု(ချင်းရိုးမ)

ပုသိမ်ကြီးမြို့နယ်တွင် တိုင်းရင်းဆေးဆရာအသင်း အခမဲ့ကွင်းဆင်းကုသ

ပုသိမ်ကြီး ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်း၍ ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာရှိပြည်သူများအား ဇွန် ၁၈ ရက်က အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ဆေးကုသပေးမှုများကို ကြာနီကန်ကျေးရွာ ဓမ္မာရုံနှင့် ကျေးရွာအမကကျောင်းတို့၌ ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကာ ပြည်သူဦးရေ ၁၅၀ကျော်နှင့် ကျောင်းသား ကျောင်းသူ ၂၅၀ ကျော်တို့ကို စစ်ဆေးကြည့်ရှုကုသပေးခဲ့ခြင်းဖြစ်သည်။

ဆေးကုသပေးရာတွင် မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးအုန်းဆွေ၊ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သန်းဦးတို့က ကြီးကြပ်ပြီး ခရိုင်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးသင်း၊ ဦးသိုက်ထွန်း၊ ချမ်းအေးသာစံမြို့နယ် တိုင်းရင်းဆေးမှူး ဦးစံလှဘော်၊ ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးမှူး ဦးသစ်လွင်နှင့်ဝန်ထမ်းများ၊ ပုသိမ်ကြီးမြို့နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌနှင့် ဆေးဆရာ ဆရာမများ ပါဝင်သောအဖွဲ့များက စစ်ဆေးကုသပေးခဲ့ခြင်းဖြစ်သည်။

အောင်ကျော်ထွန်း (ပုသိမ်ကြီး)

ကျေးရွာများမီးလင်းရေးအတွက် ဆိုလာမီးနှင့် ဘက်ထရီ၊ အင်ဗာတာများ ပေးအပ်

ယင်းမာပင် ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာများ မီးလင်းရေးအတွက် ဆိုလာမီးပြားများနှင့် ၁၂ ဗို့ ဘက်ထရီပါ အင်ဗာတာများပေးအပ်ပွဲကို ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။

"ယခုအခမဲ့ ပေးအပ်တဲ့ ၁၂ ဗို့ဘက်ထရီပါအင်ဗာတာများဟာ LED 5W မီးသီးနှစ်လုံးကို အချိန် ၇ နာရီကြာ အသုံးပြုနိုင်ပါတယ်။ အပိုမီးသီး နောက်တစ်လုံးပါပေးအပ်ထားတဲ့အတွက် စုစုပေါင်းမီးသီး သုံးလုံးရလို့ အဆင်ပြေပါတယ်။ အသုံးပြုပုံတွေကိုလည်း မြို့နယ်တာဝန်ရှိသူတွေက အသေးစိတ်ရှင်းပြပါတယ်"ဟု အိုးဘိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ထွေးက ပြောသည်။

ဆိုလာမီးနှင့် ဘက်ထရီများ ပေးအပ်ခြင်းကို ယင်းမာပင်ခရိုင်အတွင်းရှိ လက်ပန်တောကျေးရွာ၊ အိုးဘို၊ ကျောက်ပြုတ်၊ ရွှေပြေး၊ လက္ကပြား၊ ကပြူ ပေါင်း၀ စသည့်ကျေးရွာများကို ပထမအကြိမ်ဦးစားပေးအနေဖြစ်ပေးအပ်ခဲ့ခြင်းဖြစ်ကာ ပြည်သူများ၏လိုအင်ဆန္ဒအတိုင်း မဲစနစ်ဖြင့် မဲဖောက်ကာ ဆုမဲပေါက်သူများသို့ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**

သတင်းတိုများ

မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ ကျင်းပ

မြဝတီ ဇွန် ၂၂

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ကျေးရွာများအတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို မြဝတီမြို့ သောင်ရင်းခန်းမ၌ ဇွန် ၂၂ ရက်က ကျင်းပခဲ့ရာ ဝေ့ရှမ်းကျေးရွာ၊ကော့ကော်ကျေးရွာနှင့် မင်းလက်ပံကျေးရွာ သုံးရွာရှိ အစုအဖွဲ့ သုံးဖွဲ့မှ တောင်သူ ၁၄၁ ဦးကို မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၈၈၃ ဧကအတွက် ငွေကျပ် ၈၈၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

ဝေယံလင်း(စေမိ)

မိုးနဲမြို့၌ ဘုန်းတော်ကြီး ပညာသင်ကျောင်းဖွင့်

မိုးနဲ ဇွန် ၂၂

လင်းခေးခရိုင် မိုးနဲမြို့နယ်၌ ဘုန်းတော်ကြီး ပညာသင်ကျောင်းဖွင့်ပွဲကို ဇွန် ၁၉ ရက်က မိုးနဲမြို့ ဝိဇ္ဇာမိုရ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသားများ တက်ရောက်ကြကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအောင်ဆန်းဇော်တို့က ဖွင့်လှစ်ပေးခဲ့သည်။

မျိုးညွန့်ရွှေ(မိုးနဲ)

ဝါမျိုးစေ့ချစိုက်စနစ် မှန်ကန်စေရေး ဆောင်ရွက်

ချောင်းဦး ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာတွင် ဝါစိုက်ခင်းများ၌ မျိုးစေ့ချစိုက်စနစ် မှန်ကန်စေရေး မိုး၊ မိုးနှောင်းတွင် စိုက်ဧကပြည့်မီရေးအတွက် တောင်သူများအား ကွင်းဆင်းစည်းရုံးခြင်း၊ တစ်ဧကအထွက်နှုန်း ကောင်းမွန်ရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအား ပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်းတို့အတွက် ဇွန် ၂၀ ရက်က ကွင်းဆင်း ပညာပေးဆောင်ရွက်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ကယားပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ကယားပြည်နယ်၊ စက်မှုလယ်ယာဦးစီးဌာန)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ကယားပြည်နယ်အတွက် မြို့နယ်(၃)မြို့နယ်တွင် ကုန်းမြင့်လယ်ယာမြေ (၃၀၀)ဧက ဖော်ထုတ်ခြင်းလုပ်ငန်းအား အောက်ဖော်ပြပါဒေသများတွင်ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	မြို့နယ်	ကျေးရွာ	ဖော်ထုတ်မည့်ဧက
၁။	ဒီးမော့ဆို	တနီးလာလဲ	၅၀
၂။	ဒီးမော့ဆို	ဝါသောခို	၅၀
၃။	ဖရူဆို	မြို့မ	၁၀၀
၄။	မယ်စဲ့	နန်းပင်လိန်	၁၀၀

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်မည့် ဒီဇိုင်းပုံစံ၊ လုပ်ငန်းတွက်ချက်မှုအသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၀-၆-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၄ရက် ၁၆:၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၄။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ လုပ်ငန်းဒေသ (၁)ခုထက် ပိုမို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်း (၁)ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး (၁)ခုချင်း ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ (၁)ခုချင်းတင်သွင်းရမည်။
၅။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ်၊ စက်မှုလယ်ယာဦးစီးဌာန၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၂၀၆၅ ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကယားပြည်နယ်၊ စက်မှုလယ်ယာဦးစီးဌာန

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ သစ်ဆုံကြီး ကျေးရွာအုပ်စု၊ သစ်ဆုံကြီးကျေးရွာ၊ သစ်ဆုံ-မြင်းခြံ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် အဋ္ဌမတန်းနှင့်ပဉ္စမတန်းတွင် ပညာသင်ကြားနေသော မောင်ဇင်ကိုကိုနှင့် မောင်အောင်ဇင်မင်းတို့၏ဖခင်အမည်မှန်မှာ ဦးရီ ၉/ရမသ(နိုင်)၂၀၀၄၈၁ ဖြစ်ပါသည်။ **ဦးရီ ၉/ရမသ(နိုင်)၂၀၀၄၈၁**

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အမှတ်(၂)ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)

ကုန်ကြမ်းပစ္စည်း(၁၂)မျိုး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ **ရောင်းချမည့်ပစ္စည်းအမည်**	-	ကုန်ကြမ်း(၁၂)မျိုး
၂။ **တင်ဒါစတင်ရောင်းချသည့်ရက်**	-	၂၄-၆-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်ရက်**	-	၂၃-၇-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ
၄။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ**	-	စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံး အဖွဲ့ရုံးခန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်
၅။ **စုံစမ်းရန်**	-	အသေးစိတ်အချက်အလက်များ သိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၈၀၀၆၈၊ ၀၆၇-၄၀၈၃၅၉

အမည်မှန်

မူဆယ်မြို့နယ်၊ မန့်ဝိန်း အလက၊ အဋ္ဌမတန်း (A)မှ မောင်ရန်ကျားမိုက်၏ အမည်မှန်မှာ မောင်ရန်ကြားမိုက် (မွေးရက် ၁၀-၄-၁၉၉၅) ဖြစ်ပြီး၊ မိဘအမည်မှန်မှာ ဦးရန်ဝင်ကြည် ၁၃/ကခန(နိုင်)၀၃၆၆၃၄နှင့် ဒေါ်ရှော်လဲ ၁၃/ကခန(နိုင်)၀၃၆၆၃၅ဖြစ်ပါကြောင်း။

မောင်ရန်ကြားမိုက်

အမည်မှန်

မူဆယ်မြို့နယ်၊ မန့်ဝိန်း အလက၊ အဋ္ဌမတန်း (A)မှ မရန်ချိုက်ကိုက်၏ အမည်မှန်မှာ မရန်ဆိုက်ကိုက် (မွေးရက် ၁၁-၃-၁၉၉၆)ဖြစ်ပြီး၊ မိဘအမည်မှန်မှာ ဦးရန်ဝင်ကြည် ၁၃/ကခန(နိုင်)၀၃၆၆၃၄နှင့် ဒေါ်ရှော်လဲ ၁၃/ကခန(နိုင်)၀၃၆၆၃၅ဖြစ်ပါကြောင်း။ **မရန်ဆိုက်ကိုက်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် လိုအပ်သော ၆၆/၃၃ ကေဗွီ၊ ၆၆/၁၁ ကေဗွီ၊ ၃၃/၁၁ ကေဗွီ၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများကို မြန်မာကျပ်ငွေ (Kyat)ဖြင့်ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်	-	၂၃-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်	-	၈-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၃)ရပ်ကွက်၊ အကွက်အမှတ်(၀/မြို့တိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၁၉+၂၀)၊ ဧရိယာ ၀ ဒသမ ၁၈ ဧကရှိ မြေကွက်မှာ ဒေါ်ခင်သီတာ ၅/ကလတ(နိုင်)၀၁၄၉၃၀ အမည်ဖြင့် ၃-၂-၁၉၉၇ မှ ၂-၂-၂၀၁၇ အထိ နှစ် ၃၀ ဂရန်ရရှိထားပါသည်။ ၎င်းစာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် ဂရန်မိတ္တူလျှောက်ထားလာမှုနှင့် ပတ်သက်၍ ဤကြော်ငြာပါပြီး ၁၅ ရက်အတွင်း ခိုင်လုံသောအထောက် အထားစာရွက်စာတမ်းမှုရင်းများပြသ၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဝမ်းတွင်းမြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများ အရေးယူ

တံတားဦး ဇွန် ၂၂

တံတားဦးမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ စစ်ဆေးနေတာက ဆိုင်ကယ်စီးဦးထုပ် မဆောင်းတာ၊ မေးသိုင်းကြိုးမတပ်တာ၊ ဆိုင်ကယ်တစ်စီးကို နှစ်ဦးထက်ပိုစီးတာတွေကို အဓိကထားစစ်ဆေးတာပါ။ နေ့စဉ်နေ့တိုင်းနေရာတွေ ပြောင်းပြီး စစ်ဆေးပါတယ်၊ ဒီလိုစစ်ဆေးနေတဲ့ကြားကပဲ တစ်နေ့ကို အနည်းဆုံး အမှုပေါင်း ၅၀ကျော်လောက် ဖမ်းမိနေပါတယ်" ဟု ယာဉ်စည်းကမ်းထိန်းသိမ်းဆောင်ရွက်နေသူ တပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

"အခုလို ဆောင်ရွက်တာကောင်းပါတယ်၊ ယာဉ်မောင်းသူတွေအနေနဲ့ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်း၊ မေးသိုင်းကြိုးတပ်ပြီး စည်းနဲ့ကမ်းနဲ့ ဖြည်းဖြည်းသက်သာ မောင်းနှင်ရင် ယာဉ်အန္တရာယ်ဖြစ်မှုကလည်း ကင်းဝေးစေမှာပါ၊ တကယ်လို့ မတော်တဆထိခိုက်မှုဖြစ်ရင်တောင် ခေါင်းကို ထိခိုက်တာမဖြစ်တော့ဘူးပေါ့"ဟု ဆိုင်ကယ်စီးသူတစ်ဦးက ပြောသည်။

ဖမ်းမိဆိုင်ကယ်များအား တရားရုံးသို့ လွှဲအပ်ဒဏ်ငွေဆောင်စေပြီးနောင်တွင် စည်းကမ်းချိုးဖောက်မှု ထပ်မလုပ်ရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ရဲတင့်

သတင်းတိုများ

မိုးရာသီကာလ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကျုံဒိုး ဇွန် ၂၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ကျုံဘိုင်းကျေးရွာအုပ်စုတွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ကျုံဒိုး-ကျုံဘိုင်း မြပတိုင်ကျေးရွာချင်းဆက်လမ်းဘေး ဝဲယာတစ်လျှောက်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြသည်။

ကော့ကရိတ်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း-၂၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျုံဒိုးအမှတ် ၅၄၅ ခြေမြန်တပ်ရင်းမှ ဒုတပ်ရင်းမှူးနှင့်စစ်သည်များ၊ ကျုံဘိုင်းကျေးရွာအုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကျုံဘိုင်းရွာ အထက(ခွဲ)မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံကျေးရွာသူရွာသားများ စုစုပေါင်း ၁၅၅ ဦးတို့က ကျေးရွာချင်းဆက်လမ်း ဘေးဝဲယာတစ်လျှောက်တွင် ကျွန်းပင် ၆၀၀၊ ယူကလစ်ပင် ၂၀၀ စုစုပေါင်း အပင် ၈၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

ဘီလပ်မြေကားမှောက်၍ ယာဉ်မောင်းသေဆုံး

သာစည် ဇွန် ၂၂

သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးသွားကားလမ်းတွင် ဇွန် ၁၅ ရက် နံနက် ၁ နာရီခန့်က ရန်ကုန်မြို့ တာမွေမြို့နယ်နေသူ ယာဉ်မောင်းဦးအောင်လွင်ဦး (၅၃ နှစ်) မောင်းနှင်လာသော ဘီလပ်မြေတင် ၂၂ဘီးကားသည် ယင်းမာပင်ကျေးရွာအောက် သံဆန်ခါကွေ့တွင် လမ်း၏ဝဲဘက်ရှိ ကမ်းပါးကို တိုက်မိပြီး တိမ်းမှောက်သွားခဲ့ရာ ယာဉ်မောင်းဦးအောင်လွင်ဦးမှာ နေရာ၌ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။ ယာဉ်မှောက်မှုကို ယင်းမာပင်ရဲစခန်းက အရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။

တင်လှိုင်

မူးယစ်ဆေးဝါးပညာပေးလုပ်ငန်းများ ဆောင်ရွက်

ကွမ်းလုံ ဇွန် ၂၂

ကွမ်းလုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သော အသိပညာပေးလုပ်ငန်းများဖြစ်သည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ဟောပြောပွဲတို့ကို ဇွန် ၁၈ ရက်က ဟိုလီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးဦးထိန်လင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်က "တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် ဟောပြောပွဲ တက်ရောက်လာသူများအား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော လက်ကမ်းစာစောင်များကို ဖြန့်ဝေသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြဘုတ်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

အင်းတော်ကြီးဒေသတွင် မိုးစရွာသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေလာ

မိုးညှင်း ဇွန် ၂၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် ဇွန် ၁၉ ရက်ကစ၍ မိုးဖြိုင်ဖြိုင်ရွာသွန်းလာပြီး စိုက်ပျိုးရေလုံလောက်စွာရရှိသောကြောင့် လယ်ယာလုပ်ငန်းများ စတင်အဆင်ပြေလာကြောင်း သိရသည်။

"အခုမိုးစတင်ရွာသွန်းပြီး မိုးကောင်းနေတဲ့အတွက် ကျွန်တော်တို့အင်းတော်ကြီးဒေသ ၁၁ အုပ်စုလုံးမှာ ရေအလုံအလောက်ရလို့ တောင်သူတွေ ကနဦးပျိုးကြဲနိုင်ပြီး ထွန်ယက်စိုက်ပျိုးနိုင်ကြပါပြီ။ ကျွန်တော်တို့ မမုံကိုင်ကျေးရွာအုပ်စုတစ်ခုတည်းမှာ လယ်မြေဧက ၅၀၀၀ကျော်အတွက် ရေကိုအလုံအလောက်ရနေသလို အင်းတော်ကြီးဒေသတစ်ခုလုံးက မိုးရေခံဆည်မြောင်းရေသွင်းလယ်ယာမြေ အားလုံးနီးပါးမှာလည်း အဆင်ပြေကြပါတယ်" ဟု မိုင်းနောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်ဝင်းက ပြောသည်။

အင်းတော်ကြီးဒေသပတ်ဝန်းကျင်သည် တောင်တန်းများဝန်းရံထားသဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ရေလုံလောက်စွာရရှိနိုင်ရန်အတွက် ဆည်ရေသိုလှောင်ကန်များတည်ဆောက်ရန် အခက်အခဲရှိကြောင်း၊ နှစ်စဉ်ကြုံတွေ့ရသည့် စိုက်ပျိုးရေရရှိနိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့သော်လည်း အပြည့်အဝအောင်မြင်မှုမရကြောင်း၊ တောင်သူအများစုမှာ မိုးရေခံလယ်ယာမြေများဖြစ်သည့်အတွက် သဘာဝမိုးရေကိုသာ အဓိကမှီခိုအားထားရပြီး တစ်ခါတစ်ရံ မိုးခေါင်သောနှစ်များတွင် စိုက်ပျိုးရေအတွက် အခက်ကြုံရကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

နီတိုး

အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

ကျောက်ပန်းတောင်း ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြောက်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၁၉ ရက်က ကျောင်းရှေ့ဥပစာ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က အလယ်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တက်ရောက်လာသူများက ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆီသပြေ၊ ကုက္ကိုနှင့် ခရေပင်တို့ကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောထွန်းဝင်းနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူးက အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ခြင်းအမိန့်စာကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။ ကျောင်းအုပ်ဆရာမကြီးက တက်ရောက်လာသည့်ဧည့်သည်များအား ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ပြီး ရပ်မိရပ်ဖြစ်သူ ဦးကျော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နေအောင်

(၁၂)ကြိမ်မြောက် ဗုဒ္ဓနည်းကျ တရားရှုမှတ်နည်းသင်တန်း

ဓမ္မအလင်းရောင် ဗုဒ္ဓသာသနာ့ရိပ်သာ (ဖားအောက်တောရရိပ်သာခွဲ၊ ပေါင်မြို့နယ်)၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပတိမှ ရှင်တော်ဗုဒ္ဓဟောညွှန်ပြသည့် သမထ၊ ဝိပဿနာ တရားတော်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာရှိသည့်အတိုင်း မဂ္ဂင်ရှစ်ပါးစုံညီစွာဖြင့် ကိုယ်တိုင် ကျင့်ကြံအားထုတ်၍ လက်တွေ့သိမြင်နိုင်စေရန် ဟောကြားဆုံးမတရားနည်းလမ်းပြသပေးမည်ဖြစ်၍ တရားတော်ကို လာရောက်နာကြားကျင့်ကြံအားထုတ်နိုင်ကြပါရန် နိဗ္ဗာန်ရည်မှန်း၍ ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၅-၆-၂၀၁၄ ရက်မှ ၈-၇-၂၀၁၄ ရက်အထိ
အချိန် - နံနက် ၇း၃၀ နာရီမှ ညနေ ၅ နာရီအထိ
နေရာ - မြို့တော်စည်ပင်ဓမ္မာရုံ၊ ရွှေတိဂုံတောင်ဘက်မုခ်။
ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၁၉၅၉၈၊ ၀၉-၅၀၅၇၃၁၂၊ ၀၉-၄၅၀၉၉၀၁၆၇

သွေးလွန်တုပ်ကွေးအန္တရာယ်လူထုပညာပေးဟောပြောပွဲ ကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှကြီးမှူး၍ ဒုတိယအကြိမ်မြောက် လူထုပညာပေးဟောပြောဆွေးနွေးပွဲကို လာမည့် ၂၉-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီမှစတင်၍ မြန်မာနိုင်ငံဆရာဝန်အသင်း အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။ ယခုတစ်ကြိမ်ဆွေးနွေးမည့်ခေါင်းစဉ်မှာ "သွေးလွန်တုပ်ကွေးအန္တရာယ်အစဉ်သတိပြုဖွယ်"ဖြစ်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဦးရဲမြမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကလေးအထူးကုဆရာဝန်ကြီးများဖြစ်သော ပါမောက္ခ ဦးစောဝင်း၊ ပါမောက္ခ ဦးဝင်းမြတ်အေး၊ ပါမောက္ခ ဦးကျော်ဇင်ဝေ တို့မှ ဟောပြောဆွေးနွေး၍ မေးခွန်းများ ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ ၃၃ ကေဗွီ ကျောက်ဆည်-ဘဲလင်းဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများအား နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၃-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၈၂

အမည်ပြောင်း

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ဗန်းမော်ခရိုင် ဒေါဖုန်းယန် အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ဗညားကျော်အား မောင်ကျော်သူရသွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်သူရသွင်**

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ရခိုင်တိုင်းရင်းသားများ(နေပြည်တော်)၏ ဒုတိယအကြိမ်မြောက်စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမိတ်ဆွေများအနေဖြင့် မပျက်မကွက်ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်

နေ့ရက် - ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့)
၁၃၇၆ခုနှစ် ဝါဆိုလဆန်း (၁၀)ရက်
အချိန် - နံနက် ၉နာရီ
နေရာ - အေးမြရွှေပြည်ကျောင်းတိုက် (အထက -၆နှင့် သဇင်ဆောင်ကြား) ဇမ္ဗူသီရိမြို့နယ်

အလှူငွေများ လှူဒါန်းလိုသော ပုဂ္ဂိုလ်များအနေဖြင့် အောက်ပါပုဂ္ဂိုလ်များအား ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ **ဦးစစ်ကျော်မြင့်** ဖုန်း-၀၉-၄၂၁၇၂၀၁၇၂
၂။ **ဦးထွန်းဝင်းနိုင်** ဖုန်း-၀၉-၄၉၂၉၇၇၇၂
၃။ **ဦးထွန်းမောင်** ဖုန်း-၀၉-၅၆၈၀၃၉၇
၄။ **ဦးစိန်ရွှေမောင်** ဖုန်း-၀၉-၄၄၈၅၄၄၀၃
၅။ **ဦးမောင်မောင်သန်း** ဖုန်း-၀၉-၄၄၈၀၄၀၅၄၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၄၅၇၀ ရွှေသမင်သုံးဘီး ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးပပဝင်း ၁၃/လရန(နိုင်)၀၈၄၅၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ စတုတ္ထတန်း (ခ)မှ မောင်အောင်အောင် (၄၈၆၁/၂၀၁၀)နှင့် ပဉ္စမတန်း(က)မှ မနှင်းနှင်းဝေ(ခ) ရန်လီကျန်း (၄၁၃၈/၂၀၀၉)တို့၏ ဖခင်အမည်မှန်မှာ ဦးရန်ဇွန်းဘောက် TMN-၀၁၆၅၂၆ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီကွန်ဒိုမီနီယံအိမ်ရာ၊ တိုက်(၇+၁) D၊ အခန်း ၃၀၇ကို မူလအမည်ပေါက် ပိုင်ရှင် ဦးမောင်မောင်လတ်ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးဖြိုးအောင်သာ ၁၂/မရက(နိုင်)၀၀၇၂၁၁က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာစီမံကိန်းအပိုင်း(၃)၊ သဇင်မင်းအိမ်ရာ၊ တိုက်B၊ အခန်း ၀၀၂ကို မူလအမည်ပေါက်ပိုင်ရှင် ဦးမိုးကျော်ဝေ-ဒေါ်ထွေးထွေးဝင်းထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်စန္ဒာအေး ၁၂/ရကန(နိုင်) ၀၂၈၂၆၁က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

လောကကြီးမှာ ကျေးဇူးအကြီးမားဆုံးဖြစ်တဲ့ "မိခင်"ရဲ့ ဂုဏ်ကျေးဇူးကို မြတ်ဘုရားသော်တည့် ချီးကျူးမကုန်၊ ဆပ်၍မကုန်နိုင်ပါ။

ဒီလိုတန်ဖိုးကြီးမားသော မိခင်ကြီး ဒေါ်အုန်းလှကို ၁၇-၆-၂၀၁၄ရက်က အနိစ္စသဘောနဲ့ ထာဝရ ခွဲခွာခြင်းခံစားရနေတဲ့ လေးစားချစ်ခင်ရပါသော အန်တီကြူရဲ့မိသားစုနဲ့ ထပ်တူ ခံစားဝမ်းနည်းရခြင်း ဖြစ်ပါတယ်။ မိခင်ကြီး ဒေါ်အုန်းလှ (၈၆) နှစ် ကောင်းရာသုဂတိကို ရောက်ပါစေသား-

ဗုဒ္ဓဂယာအဖွဲ့ - Dr. မောင်ဦးနီ၊ မာ၊ ကျော့၊ ခိုင်၊ လတ်၊ နု၊ ဝေ၊ ယု၊ စန်း၊ မြင့်၊ စတယ်လာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဆေးပညာပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်

အသက် (၉၁)နှစ်

ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်(မာမီကြီး)သည် ၂၀၁၄ ခုနှစ် ဇွန် ၁၉ရက် (ကြာသပတေးနေ့) မွန်လွဲ ၂း၂၀နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၆၃ ဆေးတက္ကသိုလ် (မန္တလေး)
ကျောင်းသား ကျောင်းသူများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဆေးပညာပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်

အသက် (၉၁)နှစ်

မြန်မာနိုင်ငံဆရာဝန်များအသင်း၊ သက်ကြီးဆရာဝန်များစောင့်ရှောက်ရေးအသင်း (ဥက္ကဋ္ဌ)၊ ဒေါ်မြင့်မြင့်ခင်ဖောင်ဒေးရှင်း(ဥက္ကဋ္ဌ) ဆေးပညာပါမောက္ခ၊ စာရေးဆရာ ဒေါက်တာဒေါ်မြင့်မြင့်ခင်(မာမီကြီး)သည် ၂၀၁၄ ခုနှစ် ဇွန် ၁၉ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်

အသက် (၉၁)နှစ်

မြန်မာ့ဆေးလောကရှေ့ဆောင် ဆေးပညာရှင်ကြီးတစ်ဦးနှင့် စာရေးဆရာမကြီးတစ်ဦးဖြစ်သူ မန္တလေးဆေးတက္ကသိုလ်၊ ဆေးပညာဌာနမှူး (အငြိမ်းစား) ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင် အသက် (၉၁)နှစ်သည် ၁၉-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၁-၁၉၇၉ ခုနှစ်
မန္တလေးဆေးတက္ကသိုလ်ဆင်း ဆရာဝန်များ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၅၈၄၆၊ Toyota Vitz SCP 90 S/L(4×2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဇာနည်မိုး ၁၂/ဒလန(နိုင်) ၀၆၀၇၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊
သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/2324 Toyota Probox, S/W ယာဉ်လက်ဝယ်ရှိသူ ရှိန်ရှိန်လင်းကုမ္ပဏီလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

အမှတ် ၂/၆၂၊ သမာဓိလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့အိမ်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ကွယ်လွန်သူ ဦးဘသန်းနှင့် ဒေါ်ခင်ကြည်အမည်ပေါက်လျက်ရှိသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ကံဘဲ့၊ မြေတစ်ကွက်လျှင်(အလျား ၁၀'×အနံ ၇၀')အကျယ်ရှိ မြေကွက်အမှတ် ၆၈ ၏ ယာဘက်ခြမ်းမြေကွက်၊ မြေကွက်အမှတ် ၆၇(က)၊ သက်ကုန်ဂရန်မြေအမျိုးအစားမြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များနှင့်ကပ်လျက် (အလျား ၂၃'×အနံ ၇၀') အကျယ်ရှိ မြေပိုအဖြစ်တည်ရှိသော မြေကွက်အမှတ် ၆၇(ခ)၊ စုစုပေါင်း အကျယ်အဝန်းအလျား ၄၃'×အနံ၇၀'အကျယ်ရှိ အဆိုပါမြေကွက်သုံးကွက်နှင့် ယင်းမြေကွက်များပေါ်၌ ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက်ပိုင်ရှင်များ၏ အမွေစားအမွေခံ ဒေါ်ခင်မိမိ+(၄) ဦးထံမှ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကျော့ကေသာစိုးစံ ၁၂/ရကန(နိုင်)၀၂၆၁၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)
အမှတ် ၅၆၁၊ (M.A.C Tower)၊ အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်နိုင်မိုး ၅/မရန(နိုင်)၀၀၃၂၇၉၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇော်မင်း ၁၂/ပဇတ(နိုင်)၀၀၀၄၅၇ သိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇော်မင်းနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် ၆-၂-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ ခြံမြေကွက်အရောင်းအဝယ် ပထမအကြိမ် စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ဘောဂလမ်း၊ မြေတိုင်းရပ်ကွက် ၁၉၊ မြေကွက်အမှတ် ၄/ဗ၁၁၊ မြေအမျိုးအစား ဘီ-လန/၃၉မြေ၊ မြေအကျယ်ပေ (၅၀×၆၀)၊ ဧရိယာစတုရန်းပေ ၃၀၀၀၊ ဝဒသမ ၀၆၉၈ကမြေနှင့် ၄င်းမြေပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ သိရှိရပါသည်။

လူကြီးမင်းသည် စာချုပ်ပါအတိုင်း ဒုတိယစရန်ငွေပေးချေမှုပျက်ကွက်၍ လူကြီးမင်းနှင့် အရောင်းအဝယ်ဆက်လုပ်တော့မည်မဟုတ်သည့်အပြင် လူကြီးမင်းစရန်ငွေအဆုံးဖြစ်သွားပြီးဖြစ်ကြောင်း ဦးဇော်မင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်လင်း	**ဒေါ်သီတာမမ**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၄၁၀၇၀)	**(စဉ်-၇၂၂၆)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၁၀၉/၁၁၁) တိုက်သစ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်းဆိုသည့် ၁၆-၆-၂၀၁၄ ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၂)တွင် ကြေညာခဲ့သည့်ကြော်ငြာချက်နှင့်ပတ်သက်၍

ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးရွာမရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၁)နေ ဦးအောင်ဌေး (ဘ)ဦးအီစွတ် ၁၂/ဒဂတ(နိုင်)၀၁၇၅၅၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၁၀၉)တွင် နေထိုင်သူ ဒေါ်ဆုမိကျော် (ဘ)ဦးဖေဖေကျော် ၁၂/ပဘတ(နိုင်)၂၉၃၅၅၂မှ ဦးလေးဖြစ်သူ ဦးမြင့်နိုင် ၁၂/ပဘတ(နိုင်)၁၅၇၈၂၂ သည် ၁၈-၁၀-၂၀၁၀ ရက်ဖြင့် ၄င်းအား အဆိုပါမြေပေါ်ရှိ တိုက်ခန်းများအားလုံးနှင့် အကျိုးခံစားခွင့်ကိစ္စအရပ်ရပ်အားလုံးကို မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း စာချုပ်ချုပ်ဆို၍လည်းကောင်း၊ ဦးလေးမှ စာချုပ်စာတမ်းဖြင့် အပြီးလွှဲပြောင်းပေးသည်မှာ မှန်ကန်ကြောင်း၊ ၂၀-၁၀-၂၀၁၀ရက်စွဲဖြင့် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိရှေ့တွင် ပြုလုပ်ခဲ့သောကတိသစ္စာပြုလွှာကိုလည်းကောင်း၊ ဦးမြင့်နိုင်နှင့်ကန်ထရိုက်တာတို့ တိုက်ဆောက်လုပ်ရန် သဘောတူကတိစာချုပ်ကိုလည်းကောင်း၊ ၄င်းတစ်ဦးတည်းသာ ပိုင်ဆိုင်သူဖြစ်ကြောင်း စသည့်စာချုပ်စာတမ်းများပေးအပ်ထားသည်ကို ပြသကာ ဝန်ခံပြောဆိုလာသဖြင့် ၄င်းကို ယုံကြည်စိတ်ချစွာဖြင့် ကျွန်ုပ်မိတ်ဆွေမှ အမှတ် (၁၀၉)မြေပေါ်ရှိ တိုက်ခန်းများဖြစ်ကြသည့် (၅)လွှာ(ညာ)အခန်းကို ၁၅-၅-၂၀၁၂ ရက်တွင် တန်ဖိုးငွေ (သိန်း ၁၇၀)ဖြင့်လည်းကောင်း၊ ၄(လွှာ)(ဘယ်)အခန်းကို ၂၀-၇-၂၀၁၂ ရက်တွင် တန်ဖိုးငွေ (သိန်း ၁၈၀)ဖြင့်လည်းကောင်း၊ မြေညီ(ဘယ်)အခန်းကို ၂၅-၇-၂၀၁၂ ရက်တွင် တန်ဖိုးငွေ (သိန်း ၃၇၀)ဖြင့်လည်းကောင်း၊ (၆)လွှာ(ဘယ်)အခန်းကို ၁၀-၁၀-၂၀၁၂ ရက်တွင် တန်ဖိုးငွေ (သိန်း ၁၃၀)ဖြင့်လည်းကောင်း၊ (၅)လွှာ (ဘယ်)အခန်းကို ၁၁-၁၁-၂၀၁၂ ရက်တွင် တန်ဖိုးငွေ (၁၈၀)ဖြင့်လည်းကောင်း၊ (ပ)လွှာ(ညာ)အခန်းကို ၁၈-၁၂-၂၀၁၂ ရက်တွင် တန်ဖိုးငွေ (သိန်း ၂၄၀)ဖြင့်လည်းကောင်း သက်သေများရှေ့မှောက်တွင် အသီးသီးဝယ်ယူခဲ့ပြီး ဒေါ်ဆုမိကျော်ကိုယ်တိုင် အခန်းတံခါးများဖွင့်ပေးကာ ဦးအောင်ဌေးအား သော့လွှဲပြောင်းခတ်စေကာ လက်ရောက်ပေးအပ်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ မီတာခများကိုလည်း လစဉ်ပေးဆောင်ခဲ့ကြောင်း အဆိုပြု၍ သိရပါသည်။ ဦးမြင့်ဇော်မှ ၄င်းတို့၏ ငပလီဆောက်လုပ်ရေးလုပ်ငန်း၏ ရုံးခန်းသို့ ဦးအောင်ဌေးအား ဝယ်ယူခဲ့သည့်အခန်းများနှင့်ပတ်သက်၍ ခေါ်ယူတွေ့ဆုံညှိနှိုင်းခဲ့ကြောင်း၊ ဒေါ်ဆုမိကျော်ကိုလည်း တာမွေရဲစခန်းတွင်တိုင်ကြားထားကြောင်း ဦးအောင်ဌေးနှင့်မိသားစုမှာ တာမွေမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ပေးထားသည့် ဧည့်စာရင်းဖြင့် လက်ရောက်ရယူပြီး မိသားစုနေထိုင်ခြင်းသာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ထွန်း @ဦးသန်းရွှေ	**ဦးနိုင်ဝင်း**
တရားလွှတ်တော်ရှေ့နေ	**B.Sc, H.G.P, D.B.L, D.I.L**
အမှတ် (၆၈)၊ သုံးလွှာ၊ ၁၂၂ လမ်း၊	**အထက်တန်းရှေ့နေ (စဉ်-၂၆၄၇၆)**
ရေတွင်းကုန်းရပ်ကွက်၊	**အမှတ် (၃၄)၊ အောင်ဇေယျ**
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့	**(၆)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
	သုဝဏ္ဏ၊ သင်္ဃန်းကျွန်း

ဦးထွန်းလင်း ၁၂/ပဘတ(နိုင်)၀၀၄၆၃၄ သို့ သတိပေးကြော်ငြာ

အမှတ် (၂)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ် (စာချုပ်ပါလိပ်စာ)

၁။ ဦးထွန်းလင်း ၁၂/ပဘတ(နိုင်)၀၀၄၆၃၄ သည် သင်္ဃန်းကျွန်းမြို့နယ်၊ (ဈ)တောင်ရပ်ကွက်၊ လေးထောင့်ကန်လမ်းရှိ မြေကွက်တစ်ကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံကို ၂၄-၁-၂၀၁၂ရက်စွဲပါ မြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ကျွန်ုပ်၏အမှုသည် ဦးကျော်ကျော်အား ရောင်းဖိုးငွေကြေးတစ်ရပ်ဖြင့် လွှဲပြောင်းရောင်းချ၍ ဦးကျော်ကျော်ထံမှ မြေကွက်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် ငွေကျပ်သိန်း ၁၅၀ ကို ရယူသွားခဲ့ပါသည်။

၂။ ၂၄-၁-၂၀၁၂ ရက်စွဲပါ မြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်၌ ကတိပြုထားသည့်အတိုင်း ဆောင်ရွက်ပေးရမည့်လုပ်ငန်းကိစ္စများကို ဦးထွန်းလင်းသည် ဆောင်ရွက်ပေးနိုင်ခြင်းမရှိ၊ ပျက်ကွက်သဖြင့် အရောင်းအဝယ်ကို ဆက်လက်မဆောင်ရွက်နိုင်ခဲ့ပါ။

၃။ အဆိုပါ ၂၄-၁-၂၀၁၂ရက်စွဲပါကတိစာချုပ်တွင် ရောင်းချသူမှ မဆောင်မရွက် ပျက်ကွက်၍လည်းကောင်း၊ အရှုပ်အရှင်းများပေါ်ပေါက်လာလျှင်လည်းကောင်း ရောင်းချသူက ဝယ်ယူသူသို့ ပေးလျော်ရမည့်လျော်ဒဏ်များကို ပေးလျော်ပါမည်ဟု ဦးထွန်းလင်းက ဝန်ခံလက်မှတ်ရေးထိုးထားပါသည်။

၄။ ဦးထွန်းလင်း၏ ပျက်ကွက်ဖောက်ဖျက်၊ မမှန်မကန်ပြောဆိုထားသည်များကို ဖြေရှင်းပေးရန် အမျိုးမျိုးဆက်သွယ်ခဲ့သော်လည်း ဦးထွန်းလင်းသည် တိမ်းရှောင် ပျက်ကွက်နေပါသည်။

၅။ သို့ပါ၍ ဦးကျော်ကျော်ထံမှ ရယူသွားသည့်ငွေကျပ်သိန်း ၁၅၀နှင့် ပျက်ကွက်ဖောက်ဖျက်မှုအတွက် ပေးလျော်ရမည့်လျော်ဒဏ်ငွေကြေးကို ၂၀၁၄ ခုနှစ် ဇူလိုင် ၉ ရက် နောက်ဆုံးထား၍ ဦးကျော်ကျော်အား အပြေအကျေပေးပါရန် တောင်းဆိုအပ်ပါသည်။

၆။ ပျက်ကွက်ပါက ဥပဒေအရဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော် ၉/မနမ(နိုင်)၀၇၇၉၄၆ ၏ လွှဲအပ်ချက်အရ-
ဒေါ်သွဲ့သွဲ့အေး (စဉ်-၂၇၂၂၄)
ဒေါ်စုစီဖြိုး (စဉ်-၄၀၉၄၂)
အထက်တန်းရှေ့နေများ
SAYA MYINT CHAMBER
အမှတ် ၈၃/၁၄၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်မြင့်မြင့်ခင်

အသက်(၉၁) နှစ်

(Managing Director, Future Gift Int'l. Ltd.) ...

Manager & Staffs (Nay Pyi Taw Branch Office)
FUTURE GIFT INT'L LTD.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်မြင့်မြင့်ခင်

အသက်(၉၁) နှစ်

(Managing Director, Future Gift Int'l. Ltd.) ...

B.O.D, Management & Staffs (Yangon Head Office)
FUTURE GIFT INT'L LTD.

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၄၈၃-ခ၊ မြေကွက်တည်နေရာအမှတ် ၄၈၃-ခ၊ အောင်မေတ္တာလမ်း၊ (၄/တောင်)ရပ်ကွက်၊သာကေတမြို့နယ် ဦးချစ်လှိုင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးချစ်လှိုင် (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အုံးတင် ၁၂/သကတ(နိုင်) ၀၇၆၅၅၀က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၇၄၃၈ Honda Accord S/L ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးနိုင် ၉/ကမန(နိုင်)၀၀၈၆၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊
ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၅၊ မြေကွက်အမှတ် ၄၆/က၊ မြေကွက်တည်နေရာအမှတ်-၄၆/က၊သိင်္ဂီ ၁လမ်း၊ ၅/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (၁)ဦးမြင့်သိန်း၊ (၂)ဒေါ်ခင်ထွေးရီ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ထွေးရီ(ဇနီး)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ခင်ပွန်း ဦးမြင့်သိန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၄၄၆/၂၀၁၄ရရှိသူ ဒေါ်ခင်သန်းဝေ ၁၁/မတန(နိုင်)၀၁၂၀၉၇ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းနှင့် ဤဌာန၏ မြို့မြေစာရင်းတွင် ဒေါ်ခင်ထွေးရီနှင့် ဦးမြင့်သိန်းတို့က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြထားခြင်းတို့အား ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ H၊ မြေကွက်အမှတ် ၄၄၅၊ မြေကွက်တည်နေရာအမှတ် ၂၅၊ နီလာလမ်း၊ ဗဟန်းမြို့နယ် ဦးကိုကိုအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း)ဦးကိုကို ကွယ်လွန်သဖြင့် ဒေါ်ခင်ကြည် ၁၂/ဗဟန(နိုင်)၀၆၅၂၂၈က တရားဝင်(ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

"ဘုရားကျောင်း -ရဟန်းအမကြီး"

ဒေါ်ကြူကြူလှိုင်

(၅၂) နှစ်

ဆဲတွဲမြို့ ကိုတ်တောကျောင်း ဦးမြင့်အောင် (MA) ၏ ခန်း တိုအောင်သူ ... ကိုမြင့်အောင် + ... ၏ မိခင် ဒေါ်ကြူကြူလှိုင် (၅၂)နှစ် သည် ၁၉-၆-၂၀၁၄ ... ကွယ်လွန်သွား၍ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်

ဦးအောင်ဝင်း + ဒေါ်တင်တင်ကျော မိသားစု

ရွှေကြာအိမ်၊ ကျူနေး၊ ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်

ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)

BA, MBBS, FRCP(Edin)

ဥက္ကဋ္ဌ၊ မြင့်မြင့်ခင်ဖောင်ဒေးရှင်း

ဥက္ကဋ္ဌ၊ သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့

အဖွဲ့ဝင်၊ ဒေါက်တာဦးစံဘော်သုတေသနရွေးချယ်ချီးမြှင့်ရေးအဖွဲ့

အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

ဂုဏ်ထူးဆောင်သုတေသနပညာရှင်

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန

အသက်(၉၁)နှစ်

မြန်မာနိုင်ငံဆေးလောကအတွက် အစားထိုးမရနိုင်ပါသော လေးစားရပါသော ဆရာမကြီး ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင် အသက်(၉၁)နှစ်သည် ၁၉-၆-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် နှမြောတသ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမောင်(ဒုဥက္ကဋ္ဌ) မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဥက္ကဋ္ဌ) ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)-ဒေါ်ခင်သန်းဝင်း(အောင်စိုးပိုင် ဆန်ပွဲရုံ)တို့၏ မိခင် ဒေါ်တင်ကြည် အသက်(၈၅)နှစ်သည် ၂၀-၆-၂၀၁၄ရက် နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ရခိုင်အမျိုးသမီးအသင်းနာယကကြီး

ဒေါ်မြမေ(စစ်တွေ)

အသက် (၉၆)နှစ်

ရခိုင်အမျိုးသမီးအသင်း နာယကကြီး ဒေါ်မြမေသည် ၁၇-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် အမှုဆောင်များ

ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်မြို့)

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင်

ပါမောက္ခ/ဌာနမှူး၊ ဆေးပညာဌာန(ငြိမ်း)

အသက် (၉၁)နှစ်

မြန်မာနိုင်ငံဆေးပညာလောက၏မိခင်ကြီး ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင်သည် ၁၉-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ

ဆေးတက္ကသိုလ်-မန္တလေး

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်စိုးမြင့် (ငြိမ်း)

ဂျပန်ခေတ် ဗိုလ်သင်တန်းကျောင်း (ဒုတိယပတ်)

လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)

(ကြည်း-၆၂၃၄)၊ ဗိုလ်သင်တန်းအမှတ်စဉ်-၇

အသက် (၉၀)

ဦးသန့်စိုး-ဒေါ်သီတာ (The Rainbow Group Of Companies)၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးချုပ်စိုးမြင့် (ငြိမ်း) အသက်(၉၀)သည် ၁၆-၆-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Mr. Lim Byong Hong - Mr. Han Sek Boon

Myanmar Pyone Pan Tayar Industry Co., Ltd. မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းလှ

အသက်(၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့၏ ချစ်လှစွာသောမိခင် ဒေါ်အုန်းလှ(သဲအင်းယောဂီ)သည် ၁၇-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိရောက်ပါစေ။

အမှုဆောင်အဖွဲ့

မင်းဘူးအသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်မြင့်ခင်

BA, M.B.,B.S.; FRCP (Edin.)

ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-မန္တလေး

ဥက္ကဋ္ဌ၊ သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့

အဖွဲ့ဝင်၊ ဒေါက်တာဦးစံဘော် သုတေသနဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့

အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဂုဏ်ထူးဆောင်သုတေသနပညာရှင်

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ကျန်းမာရေးဝန်ကြီးဌာန

အသက်(၉၁)နှစ်

ဆေးတက္ကသိုလ်-မန္တလေး၊ ဆေးပညာဌာန၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင် အသက် (၉၁)နှစ်သည် ၁၉-၆-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်

ဆရာ ဆရာမများနှင့် ဝန်ထမ်းများ

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

---

(၂)လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်သန်းနွယ်

ကျန်းမာရေးဆရာမ(ငြိမ်း)၊ နေပြည်တော်၊ ပျဉ်းမနား

အသက်(၈၄)နှစ်

၂၃-၄-၂၀၁၄ရက်တွင် ကွယ်လွန်သည်မှာ (၂)လပြည့်မြောက်ခဲ့ပါပြီ။ ကွယ်လွန်သူအတွက်ရည်စူး၍ သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုနှင့် ဆွမ်းကပ်လှူ၍ လှူဒါန်းမှု ကုသိုလ်အစုစုတို့ကို သာဓုခေါ်ဆိုနိုင်ပါစေ။ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပြီး ရည်စူး၍ လှူဒါန်းခဲ့သော အလှူဒါနများအား ကြားနိုင်၊ မြင်နိုင်သိရှိနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်သောအစ်မများ-ဒေါ်သန်းညွန့်၊ ဒေါ်သန်းမြင့်

မောင်လေး	-	**ဦးထင်အောင်ဝေ (ဦးထင်အုန်း-ဒေါ်စီစီသိန်း) (ဦးမြင့်စိုး-ဒေါ်ခင်မိ)**
ညီမ	-	**ဒေါ်ခင်မေဦး**
တူ/တူမများ	-	**မမြစန္ဒာဦး၊ ကိုညီညီထွန်း ကိုကြည်သာစိုး-မအေးသီရိပိုက် ကိုညာဏ်လင်းထွန်း**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာညွန့်ဝေ

ဆေးရုံအုပ်ကြီး

အထွေထွေရောဂါကုဆေးရုံကြီး(တောင်ငူ)

အသက်(၆၀)

တောင်ငူအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ဝေသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး သွေးရောဂါဌာန၌ ၆-၆-၂၀၁၄ရက် (သောကြာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ငဖဲကျန်းမာရေးဌာနမိသားစု

မြန်မာနိုင်ငံဆေးလောက၏ အစားထိုးမရနိုင်သော ဆုံးရှုံးမှုအဖြစ်

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်မြင့်ခင်

အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန် ကွန်ဒို၊ အခန်း (၁၀၃)နေ မိခင်သဖွယ် ချစ်ခင်လေးစားရပါသော မာမီကြီး ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်မြင့်ခင် B.A., M.B.,B.S (Ygn), F.R.C.P (Edin)၊ ပါမောက္ခဌာနမှူး (ငြိမ်း) (ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-မန္တလေး)၊ ဥက္ကဋ္ဌ (သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ မြန်မာနိုင်ငံဆရာဝန် အသင်း)၊ ဥက္ကဋ္ဌ (မြင့်မြင့်ခင် ဖောင်ဒေးရှင်း)၊ ဒေါက်တာဦးစံဘော်သုတေသန ဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဝင်၊ ဂုဏ်ထူးဆောင် ဆေးပညာသုတေသနပညာရှင် (ဆေးသုတေသနဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန) သည် ၁၉-၆-၂၀၁၄၊ ကြာသပတေးနေ့ မွန်းလွဲ (၂း၂၀) နာရီ တွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မြန်မာနိုင်ငံ ဆေးလောက၏ အစားထိုး မရနိုင်သော ဆုံးရှုံးမှုအဖြစ် အထူး ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာ ခင်မောင်လွင် နှင့် ဒေါက်တာ ခင်ခင်ဌွေး

FAME ဆေးဝါးလုပ်ငန်းမိသားစု

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

သဲအင်းယောဂီ(ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)

ဒေါ်အုန်းလှ

အသက်(၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့၏ချစ်လှစွာသောမိခင် ဒေါ်အုန်းလှ (သဲအင်းယောဂီ) အသက်(၈၆)နှစ် (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)သည် ၁၇-၆-၂၀၁၄ရက် ည ၈နာရီ ၅၅မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်
ဝန်ထမ်းမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

သဲအင်းယောဂီ(ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)

ဒေါ်အုန်းလှ

အသက်(၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့၏ချစ်လှစွာသောမိခင် ဒေါ်အုန်းလှ (သဲအင်းယောဂီ) အသက်(၈၆)နှစ် (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)သည် ၁၇-၆-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈နာရီ ၅၅မိနစ်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အစ္စရေးလ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး
ဦးမျိုးအေးနှင့်ဇနီး

ဒေါက်တာဦးသန်းထွန်း

ဗဟိုဆေးသိုလှောင်ရေးဌာန(ငြိမ်း)

အသက်(၈၂)နှစ်

ခရမ်းမြို့နေ (ဦးချစ်-ဒေါ်စောလှိုင်) နမ့်ဆန်လက်ဖက်ခြောက်တို့၏သားကြီး၊ ခရမ်းမြို့နေ ဦးသန်းတင်-ဒေါ်အေးရီတို့၏အစ်ကို၊ အမှတ် ၃၀၁၊ ဗညားဒလလမ်းနေ ဒေါ်သင်းဝါ၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်ထိန်-ဒေါက်တာငွေစိုး (Orthopedic Surgeon) RIPAS Hospital Brunei၊ ဒေါ်နီနီထိန်(သီးနှံကာကွယ်ရေးဌာန)၊ ဦးမောင်မောင်ခန့်၊ ဒေါ်ချိုချိုထိန်၊ ဦးရဲထိန်-ဒေါ်စမ်းစိမ့်စိမ့်အေး၊ ဒေါ်သစ်သစ်ထိန်တို့၏ဖခင်၊ မပန်မလာစူးထိန်၊ မောင်ရော်နယ်စိုးထိန်၊ မအလိမ္မာအင်ကြင်း၊ မြတ်ဘုန်းမောင်တို့၏အဘိုးသည် ၂၂-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၄ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

သိမ်ဖြူတိုင်းရင်းဆေးသမားတော်ကြီး

ဦးမြင့်စိုး (ရွှေဘို-ပလိုင်း)

အသက်(၈၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ပလိုင်းရွာနေ (ဦးသိ-ဒေါ်အေးရင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ထူပါရုံ ၁၀လမ်း အရှေ့၊ အမှတ် ၁၃၇၁နေ(ဦးလှဖေ-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ ဦးအောင်မိုး(MD, MOE TRANSPORT)-ဒေါ်ဆွေဆွေကြည်၊ ဦးအောင်နိုင်စိုး-ဒေါ်ဆွေဇင်သက်၊ ဒေါ်ကြည်ကြည်စိုး၊ ဗိုလ်မှူးကျော်ဇေယျာလင်း-ဒေါ်နီလာစိုးတို့၏ဖခင်၊ မဆွေဆွေအောင်မိုး (3rd year, Civil)WYTU၊ မောင်ချမ်းမြေ့အောင်မိုး(Grade-10,TTC)၊ မောင်တေဇာအောင်မိုး(Grade-5,TTC)၊ မဇကရီနိုင်စိုး(Grade-6, အထက-၂၊ ဒဂုံ)၊ မကြည်ဇင်နိုင်စိုး(Grade-2, အထက-၂၊ ဒဂုံ)၊ မအဥ္ဆလီနိုင်စိုး၊ မဘရဏီဇေယျာလင်းတို့၏ဘိုးဘိုးသည် ၂၁-၆-၂၀၁၄ရက် (စနေနေ့)ည ၉း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ခင်ခင်မေ Teacher Colleen

အထက(၁)၊ (၂)၊ (၃)၊ (၄)တောင်ကြီး

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၁၉-ဘီ၊ ပြည်ထောင်စုလမ်းနေ(ဦးအုန်းမောင်-ဒေါ်သန်းတင်)တို့၏သမီးကြီး၊ (ဦးမောင်မောင်လွင်-ဒေါ်ငွေငွေလွင်)၊ ဒေါ်တင်တင်ညို-(ဦးထွန်းအေး)တို့၏အစ်မ၊ ဒေါ်မေမီအေး-Capt အောင်ကျော်ညွှန့်၊ ဦးဉာဏ်ဇော်ထွန်း၊ ဦးဇော်ဇော်လွင်-ဒေါ်မမလေး၊ ဒေါက်တာအောင်အောင်လွင်-ဒေါက်တာစမ်းသော်တာအေး၊ ဒေါ်ညိုမီလွင်-ဦးသက်အောင်၊ ဒေါ်ချိုမီလွင်-ဦးစိုးအောင်တို့၏အဒေါ်၊ မမေသီရိကျော်-မောင်ညီညီကျော်လင်း၊ မသူသက်စုညွှန့်၊ မမြတ်သဇင်လွင်၊ မောင်ဝသုန်ခန့်၊ Ethan P. Lwin, Jaden၊ သူရိန်မင်း၊ Baby ချိုမီတို့၏အဘွား၊ Hazel, Christopher တို့၏အဘွားသည် ၂၁-၆-၂၀၁၄ရက် (စနေနေ့) ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၃-၆-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီးရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်သန်း(ခ)ဘာဘား

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၈၊ (၅၅)ရပ်ကွက်၊ ရွှေရတနာလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ (ဦးလွင်-ဒေါ်ရင်ရင်)တို့၏သားကြီး၊ [ဦးမောင်အေး(ခ) ဦးသန်းထွန်း-ဒေါ်ငွေငွေ]၊ ဦးဝင်း-ဒေါ်စမ်းစမ်းအေး၊ ဒေါ်လှလှတို့၏အစ်ကိုကြီးသည် ၂၁-၆-၂၀၁၄ရက် (စနေနေ့) ညနေ ၃း၀၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (တောင်ဥက္ကလာပမြို့နယ်၊ ဇေယျ ၅လမ်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၄ရက် (သောကြာနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ဒေါ်မြနု

အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ မြေနီကုန်းနေ (ဦးကျော်သောင်း)-ဒေါ်သန်းသန်းတို့၏မိခင်၊ ပြင်ဦးလွင်မြို့နေ ဒုတိယဗိုလ်မှူးကြီးဝမ်းမောင်(ငြိမ်း)-ပါမောက္ခ ဒေါက်တာရင်ရင်မြ(ဌာနမှူး၊ ငြိမ်း၊ ရူပဗေဒဌာန၊ တောင်ကြီးတက္ကသိုလ်)၏မိခင်/အဘွား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယရဲမင်းကြီး (ဝဏ္ဏကျော်ထင် ဦးဘကွန်း)၏ဇနီး ဒေါ်မြနုသည် ၂၁-၆-၂၀၁၄ရက် နံနက် ၆နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၄ရက်၊ မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးမှ စမိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးသင် (မြန်အောင်မြို့)

အသက်(၉၃)နှစ်

မြန်အောင်မြို့၊ လက်ပံရပ်နေ (ဦးအစွန်-ဒေါ်လှဝင်း)တို့၏သမီး၊ (ဦးစင်းယုံ)၏ဇနီး၊ ဒေါ်မြကျင်၏အစ်မ၊ ဦးကျော်ကျော်(မန်နေဂျာ၊ ငြိမ်း၊ ဗဟိုကြေးနန်းရုံးကြီး၊ဆက်သွယ်ရေး၊ ရန်ကုန်မြို့)-ဒေါ်ကျင်ထွေး(အလပြ၊ငြိမ်း၊အလက-၆၊ ပုသိမ်)၊ ဒေါ်မော်မော် (မလပြ၊ ငြိမ်း၊ သဲဖြူ)၊ ဒေါ်ဆွေဆွေမြင့်(အလပြ၊ ငြိမ်း၊ အထက၊ နေခြည်ကျောင်း)၊ ဒေါ်သန်းသန်း [ကျောင်းအုပ်ကြီး၊ အထက(ခွဲ)၊ ထန်းသုံးပင်]၊ ဦးထွန်းထွန်း-ဒေါ်မွန်မွန်သန့် (ဆသရ၊ မြန်အောင်အော်တိုအိတ်ချိန်း)၊ ဦးဇော်ထွန်း-ဒေါ်ကြည်ကြည်စန်း (မိုးယံထီဆိုင်၊ အင်းဝလမ်း)၊ ဒေါ်သန်းသန်းငွေ(ရောင်နီ ကုန်မျိုးစုံဆိုင်)၊ ဦးဝင်းနိုင်ဦး(လက်ထောက် ညွှန်ကြားရေးမှူး၊ စီမံကိန်းဦးစီးရုံး၊ကျောက်မဲမြို့)-ဒေါ်ဝါဝါဦး(အထပြ၊ ဒဂုံ-၂၊ ရန်ကုန်မြို့)တို့၏မိခင်ကြီး၊မြေးရှစ်ယောက်၊မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၆-၂၀၁၄ရက်(စနေနေ့)ည ၉း၂၀နာရီတွင် မြန်အောင်မြို့၊ လက်ပံရပ်၊ ပေါ်ပြူလာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ သရက်တစ်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင်

အသက်(၉၁)နှစ်

ပါမောက္ခ ဒေါက်တာဒေါ်မြင့်မြင့်ခင် အသက်(၉၁)နှစ်သည် ၁၉-၆-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း
အဏုဇီဝဗေဒအဖွဲ့

ဦးစိုးရှိန်

တတိယအင်ဂျင်နီယာ (P.I.L)

CDC-6891

အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်နေ (ဦးအောင်ထွန်း-ဒေါ်သန်းသန်း)တို့၏သား၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း ၂လမ်း၊ အမှတ် ၁၇၊ သုံးလွှာ B နေ ဒေါ်တင်တင်မြ၏ခင်ပွန်း၊ ကိုဝေဖြိုးရှိန်-မချောစုအောင်တို့၏ဖခင်၊ မောင်ခန့်ဆက်ရှိန်၏အဘိုး၊ ဦးအောင်စိုး-ဒေါ်နန်းမြထွေး၊ ဦးငွေအောင်-ဒေါ်တင်တင်ဝင်းတို့၏ညီ/မောင်၊ ဦးစောဝင်း-ဒေါ်ရင်ရင်မြ၊ ဦးမောင်မောင်တင်-ဒေါ်ညွန့်ညွန့်ရီ၊ ဦးခင်စိုး၊ (ဦးစန်းလွင်)-ဒေါ်စန်းစန်းဝင်း၊ ဦးနေမျိုး-ဒေါ်အေးအေးမွန်တို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ဘကြီးသည် ၂၂-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် (OSC) ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်လှ(အင်းတော်မြို့) B.A (မြန်မာ)

မြို့နယ်ပညာရေးမှူးရုံး

အသက်(၄၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးစင်းမောင်-ဒေါ်ခွေးတို့၏သမီး၊ မမေစုစံ၏မိခင်၊ ဒေါ်စန်းကြည်၊ ဒေါ်စန်းစန်းရီတို့၏ညီမသည် ရန်ကုန်မြို့၊ ခ/၁၆၊ အင်းလျားရိပ်သာနေ ဒေါ်စန်းစန်းရီ၏နေအိမ်၌ ၂၂-၆-၂၀၁၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုးရှိန်

တတိယအင်ဂျင်နီယာ (P.I.L)

C.D.C-6891

အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်နေ (ဦးအောင်မြတ်-ဒေါ်မြသန်း)တို့၏ သားသမက်၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း ၂လမ်း၊အမှတ်၁၇၊ သုံးလွှာ Bနေ ဒေါ်တင်တင်မြ၏ခင်ပွန်း၊ ကိုဝေဖြိုးရှိန် - မချောစုအောင်တို့၏ ဖခင်၊ မောင်ခန့်ဆက်ရှိန်၏အဘိုး၊ ဦးခင်မောင်မြင့်-ဒေါ်စုလှိုင်၊ ဦးစောဝင်း-ဒေါ်ရင်ရင်မြ၊ ဒေါ်တင်တင်အေးတို့၏ အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ ဘကြီးသည် ၂၂-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

သိမ်ဖြူတိုင်းရင်းဆေးသမားတော်ကြီး

ဦးမြင့်စိုး (ရွှေဘို-ပလိုင်း)

အသက်(၈၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ပလိုင်းရွာနေ (ဦးသိ-ဒေါ်အေးရင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ထူပါရုံ ၁၀လမ်း အရှေ့၊ အမှတ် ၁၃၇၁နေ (ဦးလှဖေ-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ (ဦးကြီးမောင်-ဒေါ်အေး)၊ (ဦးသာမောင်)-ဒေါ်ခင်ပိုင်းတို့၏ညီ၊ (ဒေါ်သန်းငွေ)၊ ဒေါ်စိန်ရွှေ၊ ဦးချစ်တိုး၊ ဒေါ်စိန်ငွေ၊ (ဦးမောင်ခင်)-ဒေါ်လှပို၊ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဆွေ၊ ဦးမျိုးမြင့်မောင်-ဒေါ်ခင်ထွေးရီ၊ ဦးအေးချို - ဒေါ်တင်တင်စိန်တို့၏အစ်ကိုကြီးသည် ၂၁-၆-၂၀၁၄ရက် (စနေနေ့)ည ၉း၁၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

ဦးမြင့်အောင် (ဘိုကလေး)

အသက်(၈၉)နှစ်

လသာမြို့နယ်၊ ၂၃လမ်း၊ အမှတ် ၁၄၅၊ (ပထမထပ်)နေ ဒေါ်ခင်လှ၏ခင်ပွန်း၊ဦးသိန်းဆွေ-ဒေါ်ကျင်ရီ၊ဦးမြင့်ဆွေ-(ဒေါ်စိုးစိုးနွယ်)၊ ဒေါ်ငွေငွေ၊ ဦးသိန်းလွင်-နန်းအေးအေးသန်း၊ ဒေါ်လှလှငွေ၊ ဦးကိုကိုနိုင်(ခ)ကျော်ရဲအောင်-ဒေါ်စုမွန်နှင်းတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၁-၆-၂၀၁၄ရက် (စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ခင်ခင်မေ(ခ)

Teacher Colleen

အထက(၁)၊(၂)၊(၃)တောင်ကြီး

အသက်(၈၁)နှစ်

B.E (Hons) Engineering Graduates

University of Wolverhampton

YAN PYE HEIN
TEG, Singapore

THE KO KO KHAING
TEG, Singapore

PHYU PHYU HTUN
TEG, Singapore

University of Hartfordshine

ZAW LIN HTET
BMC, Singapore

Coventry University

MAY ME AUNG SOE
Auston, Singapore

AUND PYAE SONE KYAW
Auston, Singapore

NA RAN
Auston, Singapore

AUNG MYINT
Auston, Singapore

SOE MOE AUNG
Auston, Singapore

SAI NAY AUNG
Auston, Singapore

YE MYAT PHONE
Auston, Singapore

AUNG MOE HEIN
Auston, Singapore

HTET NAING WIN
Auston, Singapore

HTET MIN KHANT
Auston, Singapore

WAI MIN SOE
Auston, Singapore

SWAN HTET AUNG
Auston, Singapore

SAI THIT LWIN KYAW
Auston, Singapore

AUNG HTET THAN
Auston, Singapore

B.E (Hons) Engineering Final Year Students

University of Wolverhampton

HTOO ZAR NI OO
UK

KYI THU
Auston, Singapore

HTET AUNG ZAW
Auston, Singapore

Coventry University

SI THU SOE
Auston, Singapore

University of Sunderland

ZIN MAR WIN
TEG, Singapore

HLYAN PYAE PAING OO
TEG, Singapore

NYI MIN AUNG
TEG, Singapore

SU YAMIN WAI
TEG, Singapore

SHINE KO KO
TEG, Singapore

AUNG MYO THU
TEG, Singapore

SU THET NWE
TEG, Singapore

THOUNG HTIKE SOE
TEG, Singapore

PHYO MYAT THU
TEG, Singapore

YE NAUNG
TEG, Singapore

SI THU HTUN
TEG, Singapore

KHANT NYAR AUNG
TEG, Singapore

University of Hartfordshire

University of Sheffield Hallam

NYI SOE THET, BMC, Singapore | HEIN HTET AUNG, BMC, Singapore | SAI KYAW THET LWIN, BMC, Singapore | HTUN HTUN LIN, BMC, Singapore | TINT HTOO AUNG, UK

University of West England

SAI ZAW TUN, BMC, Singapore | THIHA, BMC, Singapore | THANT ZIN OO, BMC, Singapore | ZAW KHANT, BMC, Singapore | YE MUN OO, UK



Higher National Diploma

Engineering (Electrical & Electronics, Mechanical, Civil)

Business (Management, Banking, Accounting)

တက္ကသိုလ်ဝင်တန်းအောင်သူများ Pre HND,
တက္ကသိုလ် ပထမနှစ်အောင်ပြီးသူများ HND
တက်ရောက်နိုင်သည်။

၂၀၁၄ နှစ်ဝက်
ရှလိုင် တန်းခွဲသစ်များ
လက်ခံနေပါပြီ။

Discount for Alumini of
RIT, Mandalay Region Collage,
Soe San Boarding School,
BEHS 1 May Myo, Engineers'
Family Members.

ရန်ကုန် အမှတ်(၇၅) သိမ်ဖြူလမ်း၊ အောက်ဘလောက်၊ ☎ 01 - 298 137, 297 673
မန္တလေး စံပယ်ဆောင်၊ ဂရိတ်ဝေါဟိုတ်ခန်းများ၊ ၇၇-၇၈ ကြား၊ ၃၁-၃၂ ကြား။ ☎ 02 - 741 79, 682 49
www.facebook.com/chindwincollege
www.chindwincollegemyanmar.com

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

Future Creator Group of Construction Company

Future creator group of construction Co., Ltd., is currently looking for enthusiastic, dynamic & dedicated people for the following posts with competitive, comprehensive pay and benefit Package.

1. Chief Engineer / Project Manager (2) Post
(BE-Civil, must have (15) years experiences)
2. Architech Engineer (1) Post
(BE-Civil or B.Arch, must have (5) year experiences)
3. Structure Engineer (1) Post
(BE-Civil, must have (5) years experiences)
4. Executive Engineer (Electrical) (1) Post
(BE-Electrical, must have (10) year experiences)
5. Executive Engineer (Mechanical) (1) Post
(BE-Mechanical, must have (10) year experiences)
6. Executive Engineer (Civil) (3) Post
(BE-Civil, must have (10) years experiences)
7. Assistant Engineer (Civil) (5) Post
(BE-Civil, must have (7) years experiences)
8. Procurement Manager (Local) (1) Post
(Any Graduate, at least 5 years experiences)
9. Sale & Marketing Manager (1) Post
(Any Graduate, at least 5 years experiences in construction field)
10. Commercial Manager (1) Post
(Any Graduate, at least 8 years experiences in construction field)
11. Assistant Manager (Sale) (1) Post
(Any Graduate, at least 3 years experiences in construction field)
12. Assistant Manager (Marketing) (1) Post
(Any Graduate, at least 5 years experiences in construction field)
13. Assistant Manager (Admin) (1) Post
(Any Graduate, must have (3) year experiences)

Please sent you resume and passport sized photo, copies of educations to fcgc.hr@gmail.com or No(23), Rom (702), Shwe Than Lwin Condo, Aye Yeik Thar (1) Street, Bahan Township, Yangon. Deadline for application. 31 July 2014. Only short-listed candidates will be invited for an interview.

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

United Pacific Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန် ရိုးသားကြိုးစား၍ အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

၁။ **Sales Manager** **M/F (5)Posts**
ဘွဲ့ရနှင့် အရောင်းပိုင်း၊ အုပ်ချုပ်မှုပိုင်း အတွေ့အကြုံရှိရမည်။
F.M.C.G လိုင်းတွင် Sales Force Management ကျွမ်းကျင်ပြီး အရောင်းအဖွဲ့များကို ဦးဆောင်ကာ အရောင်းဖော်ဆောင်နိုင်သူဖြစ်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ အသက်(၃၅ မှ ၄၅)နှစ်အတွင်းရှိသူဖြစ်ရမည်။ အကျင့်စာရိတ္တနှင့် ကျန်းမာရေးကောင်းမွန်ရမည်။

၂။ **Sales Supervisor** **M/F (5)Posts**
F.M.C.G လိုင်းတွင် Sales Force Management ကျွမ်းကျင်ပြီး အရောင်းအဖွဲ့ခွဲများကို ဦးဆောင်ကာ အရောင်းဖော်ဆောင်နိုင်သူဖြစ်ရမည်။ ဒေသန္တရဗဟုသုတရှိပြီး အချိန်မရွေးနယ်ခရီးသွားနိုင်သူဖြစ်ရမည်။ ဘွဲ့ရရှိသူအား ဦးစားပေးမည်။ လူမှုဆက်ဆံရေးကောင်းမွန်ပြီး အကျင့်စာရိတ္တနှင့် ကျန်းမာရေးကောင်းမွန်ရမည်။

၃။ **Sales Representatives** **M/F (10)Posts**
F.M.C.G လိုင်းနှင့်အခြားထုတ်ကုန်ပစ္စည်းများ အရောင်းအတွေ့အကြုံရှိသူအား ဦးစားပေးမည်။ အသက်(၂၀ မှ ၃၀)အတွင်းဖြစ်ရမည်။ ဘွဲ့ရ(သို့)တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ သွက်လက်ထက်မြက်ပြီး အကျင့်စာရိတ္တနှင့် ကျန်းမာရေးကောင်းမွန်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။

၄။ **Senior Accountant** **F (5)Posts**
B.Com (or)D.A (or)B.Act.(or)LCCI Level (III) အောင်မြင်ပြီးသူဖြစ်ရမည်။
အသက် (၃၅)နှစ်အောက်၊ Computer Accounting နှင့် SoftWare ပိုင်းနားလည်ကျွမ်းကျင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။

၅။ **Accountant** **F (5)Posts**
B.Com (or) D.A (or)LCCI Level (III) အောင်မြင်ပြီးသူဖြစ်ရမည်။
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိသူဖြစ်ပြီး Accounting Software တတ်ကျွမ်းသူ ဦးစားပေးမည်။ အသက်(၂၅ မှ ၃၅) နှစ်အတွင်းရှိသူဖြစ်ရမည်။

၆။ **Promotion Girl** **F (10)Posts**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေး ကောင်းမွန်သူဖြစ်ရမည်။ ရုပ်ရည်အသင့်အတင့်ရှိပြီး အပြောအဆိုယဉ်ကျေးချိုသာရမည်။ အကျင့်စာရိတ္တနှင့်ကျန်းမာရေးကောင်းမွန်ရမည်။

၇။ **Driver** **M (5) Posts**
ယာဉ်မောင်းလိုင်စင်(အနီ/အနက်) ကိုင်ဆောင်သူဖြစ်ပြီး ယာဉ်မျိုးစုံမောင်းနှင်နိုင်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်ရမည်။ အချိန်မရွေးနယ်ခရီးသွားလာနိုင်သူ ဖြစ်ရမည်။ အသက်(၃၀ မှ ၅၀)အတွင်းရှိသူဖြစ်ရမည်။

လျှောက်ထားသူများသည် ရိုးသား၍ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ပြီး CV Form၊ ရောင်စုံလိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်အတွင်း အကျင့်စာရိတ္တကောင်းမွန်စွာနေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ(မူရင်း)၊ ရဲစခန်းထောက်ခံစာ(မူရင်း)၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစတင်၍ ၁၀ ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

(ရွေးချယ်ခြင်းမခံရသော အလုပ်လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။)

United Pacific Co.,Ltd.

အမှတ်(၇၉)၊ အုတ်ပုံဆိပ်လမ်း၊ ၈ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၆၅၂၈၈၈၊ ၆၅၆၂၉၃၊ ၆၅၆၃၂၂

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄င/၆၇၁၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ဒါနဘုရားဖူးအဖွဲ့၏ သိဒ္ဓိလာဘ် ဘုရားဖူးခရီးစဉ်

၁၄ သိန်း

၉ သိန်း

- ... 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
- ... 545215, 545216, 555173
- ... 542236
- ... 09 402 64 8989, 09 5300305

ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့နေ ဆရာဦးစိုးနောင်(ရူပဗေဒ)+ဒေါ်နီလာသန်းတို့၏သမီး မသင်းသန္တာ(ဆဗထ-၂၀၂)သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သောကြောင့် မိသားစုနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ ဘဝတစ်လျှောက်လုံး အောင်မြင်မှုများ ဆက်လက်ပိုင်ဆိုင်နိုင်ပြီး အမျိုးဘာသာ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူဖြစ်ပါစေ။

UTS ဦးစီးသော
ရတနာနည်းပြဆရာ/ဆရာမများ သာကေတ။

SMIDB

Small & Medium Industrial Development Bank Ltd.
အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်စုံညီ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် ။ ။ (၂၉ . ၆. ၂၀၁၄)ရက် (တနင်္ဂနွေနေ့)
(ခ) အချိန် ။ ။ နံနက် (၁၀း၀၀)နာရီ
(ဂ) နေရာ ။ ။ Dolphin (ခန်းမ) ရွှေဝဥသာဥယျာဉ်ဝန်း
ငါးခြင်းတိုက်ဝင်ပေါက်(မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နေ့)
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်- အစည်းအဝေးဖိတ်စာနှင့်အစီရင်ခံစာတို့ကို အစုရှယ်ယာရှင်များထံသို့ လူကိုယ်တိုင်နှင့် စာတိုက်မှ ကြိုတင်ပေးပို့ထားပါသည်။ အစည်းအဝေးဖိတ်စာ မရရှိပါကလည်း ဤဖိတ်စာကိုအကြောင်းပြု၍ အစည်းအဝေးသို့တက်ရောက်ကြပါရန် ထပ်မံဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်နိုင်သောဖုန်းနံပါတ်များ - ၀၁-၆၅၇၆၀၄၊ ၆၅၇၆၀၃၊ ၆၅၇၆၀၂
- ၀၉-၇၃၀ ၂၇၆၆၀၊ ၇၃၀ ၂၇၆၅၉

ဦးဆောင်ညွှန်ကြားရေးမှူး

သာကေတမြို့နယ် ရွှေခင်သာလမ်းမကြီးမြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝန်းအတွင်းရှိ

HTET OO MARITIME TRAINING INSTITUTE

ပင်လယ်ရေကြောင်းသင်္ဘောသားဖြစ်ချင်သူများအတွက် **Whole Package** စနစ်ဖြင့် မှတ်ပုံတင် ဆေးစစ်ခြင်းများ **BST** နှင့် **Pre-Sea** သင်တန်းများတက်ရောက်ခြင်း၊ **CDC / Passport** လျှောက်ထားခြင်းများကို (၄)လ အတွင်း ပြီးမြောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါပြီ။

၁။ **BST (4 Tickets)** - (နေ့လည်စာ နှင့် Coffee တို့ အခမဲ့ကျွေးမွေးမည်)
၂။ **Tanker Familiarization Course (T.F)** -(နေ့လည်စာ နှင့် Coffee တို့အခမဲ့ကျွေးမွေးမည်)
(Oil, Chemical)
၃။ **Pre-sea Course (Deck , Engine) - (Onboard Excursion)** (သင်္ဘောပေါ်သို့ လေ့လာရေး ခရီး ပို့ဆောင်ပေးပါမည်။)

ယခုသင်တန်းများကို ဖွင့်လှစ်နေပါသဖြင့် စုံစမ်းမေးမြန်း စာရင်းပေးသွင်းနိုင်ပါသည်။

(၁) သာကေတမြို့နယ်၊ ရွှေခင်သာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝန်းအတွင်းရှိ ထက်ဦးသင်္ဘောသားသင်တန်းကျောင်း
Ph: 09 250278274, 01-544562

(၂) အမှတ်-က/၁၆၈၊ ဒေါပုံ သင်္ဘောကျင်းလမ်း၊ (ရေကြောင်းဦးစီးဌာနလမ်း)ဒေါပုံမြို့နယ်၊
Ph: 09 421154222

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

ဆိုင်ရှင်ချိန် စိန်ရွှေရတနာဆိုင်

ကျွန်ုပ်ဆိုင်မှ ဒင်္ဂါးများ၊ ဝယ်ယူပြီး ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မပြောင်းစေရ မနီစေရ လုံးဝလုံးဝအာမခံပါသည်။

ကျွန်ုပ်ဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှ ကြည့်၍ ရွေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးအတိုင်းပြန်ပေးပါမည်။

ကျွန်ုပ်ဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏ ၉၀% လဲလျှင်ကာလတန်ဖိုး၏ ၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနုတ်ပါ)

ဒီဇိုင်းသစ် White Gold ပစ္စည်းများ+နန်းကြိုး အသင့်လက်ဝတ်များကိုလည်း ရောင်းချနေပါသည်။

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၃၀)အထိ

စိန်ထည် ရွှေထည်များကို ပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

● အမှတ်(၇၅)၊ လည်းတန်းလမ်းမ၊ လည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

M3 HOTEL

ပိုးရာသီအထူး Promotion 25% OFF From (1-5-2014) To (31-8-2014)

ဖုန်း-၀၂-၆၁၃၃၃၊ ၀၂-၆၁၃၃၂ Fax:02-65526

E-mail:mhotel.mdy@gmail.com Website:www.m3hotelmandalay.com

FAME

Nature-Q10®

Coenzyme Q10-30mg

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

Appletec®

Quercetin 100 mg

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

POST ဝင်ခွင့်သင်တန်း

Tel: 0973161140

LO ဥပဒေအရာရှိ

(1) Juntion စတုရန်း Ph:571545, 09-5126882
(2) Ph:200917,09-43122884
(3) Ph:566592,09-421008133

ရောင်းမည်

ALPHARD
(2003-MODEL)
1G/----
မီးခိုးရောင် ကျပ်သိန်း(၂၂၀)
ဖုန်း-၀၉-၃၀၁၈၆၂၇၈

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7005၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဇေယျာဝဏ် ၄လမ်း၊ အမှတ် ၅ ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၇ အနောက်)၊ လူနေရပ်ကွက်အမှတ် (မြခွာညို)၊မြေ ကွက်အမှတ် ၉၃၊ မြေဧရိယာ ၀ဒသမ၀၆၈ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးသိန်း ၁၂/ဗဟန(နိုင်)၀၂၈၈၁၁က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B) တရားလွှတ်တော်ရှေ့နေ(၄၃၇၃)

ဒေါ်လှလှခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(၅၄၁၀)

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁-A၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9313၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုသာ ၁၂/သဃက(နိုင်)၀၃၃၁၁၃၏ ကိုယ်စားလှယ်စာရရှိသူ ဒေါ်တင်တင်ချို ၁၂/သဃက(နိုင်)၀၃၁၀၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက် သုဝဏ္ဏ၊ မြေတိုင်းရပ်ကွက် (၂၉)၊ မြေကွက်အမှတ် (၃၀)၊ မြေအကျယ်အဝန်း ၀ဒသမ၀၇၅ဧကရှိ နှစ် ၆၀ဂရန်မြေ အမှတ် ၃၀၊ ရွှေဝါထွန်းလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်း မြို့နယ်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုသာ အမည်ပေါက်ဖြစ်ပြီး လက်ရှိပိုင်ဆိုင်ထားရာ နေအိမ်အတွင်းတွင် ကျွန်ုပ်မိတ်ဆွေ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများထားလျက် သော့ခတ်ထားခြင်းဖြစ်ပါသည်။ အဆိုပါ မြေနှင့်နေအိမ်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းပေးအပ်ရောင်းချထားခြင်းမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေက တရားဝင်ပိုင်ဆိုင်ထားသောနေအိမ်ခြံမြေအတွင်းသို့ ကျွန်ုပ်မိတ်ဆွေ၏အတိအလင်းခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်းမပြုပါရန်နှင့် ယင်းသို့ကျူးကျော်ဝင်ရောက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးမြင့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၈၅)
အမှတ် ၃၁/၃၃(လေးလွှာ)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မိဘအမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အလက(၂၃)၊ သတ္တမတန်း(C)မှ မမေနှင်းဖြူနှင့် စတုတ္ထတန်း(B)မှ မမျိုးသဇင်အောင်တို့၏ မိဘအမည်မှန်မှာ ဦးမျိုးလွင် -ဒေါ်ခင်မာနွယ် ဖြစ်ပါကြောင်း။

ဦးမျိုးလွင်-ဒေါ်ခင်မာနွယ်

အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အလက(၂၃)၊ စတုတ္ထတန်း(B)မှ မမျိုးသဥ္ဇာအောင်၏ အမည်မှန်မှာ မမျိုးသဇင်အောင် ဖြစ်ပါကြောင်း။

မမျိုးသဇင်အောင်

Full Auto

PH:09 731 99 410
09420035882, 73199257

ဒီဇယ်ပန့်နော်ဇယ်

ကျွမ်းကျင်သူ အလိုရှိသည်။
ဖုန်း-၀၉-၃၃၄၁၈၈၀၉
၀၉-၂၅၉၁၂၃၅၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ရွှေဘ ၁၀/ပမန(နိုင်)၁၄၁၈၂၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် A-216742 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၇၀၁၁၀၁

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငွေအောင် ၁၀/ပမန(နိုင်)၁၄၅၄၃၀၏ နိုင်ငံကူးလက်မှတ် M-၆၁၈၂၉၅သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၇၀၁၁၀၁

အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးလွင်ကိုကို ၁၂/အလန(နိုင်)၀၃၉၁၉၄၏ ဇနီးဖြစ်သူ မသင်းသင်းဆွေ ၁၂/အလန(နိုင်)၀၄၆၈၇၃သည် ၁၃-၆-၂၀၁၄ရက်တွင် ခွင့်မလွှတ်နိုင်သော ကိစ္စများ ပြုလုပ်သွားပါသဖြင့် ၎င်းအား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးလွင်ကိုကို

ကြော်ငြာကဏ္ဍ

ဝယ်လိုသည်

မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက်၊ ခရေလမ်းမပေါ်ရှိ ပေ(၆၀×၆၀)ပတ်လည် မြေကွက်ဝယ်လိုသည်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၂၅၀၂၃၄၀၈၉

ဆရာကိုယ်တိုင်သင်သည့် အိမ်ခြံမြေသင်တန်း

ကြည်စိုး SAT SUN L.C 09 510 4041

ဓာတ်ပေးအားမှုရှိသည် 09 30359456

ဖောင်းကြွနံ့ပါတ်ပြားပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈စ/၁၆၅၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကြော်ငြာကဏ္ဍ

(၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာပူဇော်ပွဲမင်္ဂလာ ဖိတ်ကြားလွှာ

တိပိဋကယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ ရွှေဥမင်ဓမ္မသုခတောရရိပ်သာစာသင်တိုက်၏ (၁၂)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာချီးကျူးဂုဏ်ပြုပူဇော်ပွဲကို (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၀ရက်) ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်၊ စေတနာရှင် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြသော ကျောင်းတိုက်၏ ဒါယကာ၊ ဒါယိကာမတို့အားကြွရောက်၍ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဝေယျာဝစ္စအဖွဲ့
ရွှေဥမင်ဓမ္မသုခတောရရိပ်သာ စာသင်တိုက်

Guitar Lesson DVD နှင့်တအုပ်

နိုင်ဇော် Lazy Club

MODERN ROCK RHYTHM GUITAR

ခင်မြတ်သူစာပေမှ ဖြန့်ချိသည်။

ထီးခတ်နည်းအပိုင်း-၁+၂ထွက်ပြီ။

The YANGON DIRECTORY

ရန်ကုန်လမ်းညွှန်

ဇွန်လအတွက် ဒုတိယအပတ်ကံထူးရှင်

၂၀၁၄ခုနှစ် ရန်ကုန်လမ်းညွှန် Lucky Draw အစီအစဉ်၏ အဓွန့်အကြိမ် ပေါက်မဲဖြစ်သော

42" LG 3D Smart TV

ကံထူးရှင် ပေါက်မဲနံပါတ်

030123

နှစ်အကြိမ်မြောက် ကံစမ်းမဲအောက်ပေးမည့် ပစ္စည်းကတော့ တာလီရွှေဆိုင်မှ (၁၀)သိန်းဖိုး ဝယ်ယူခွင့် (Gift Card) ဖြစ်ပါသည်။

ဘာပဲလိုလို HOTLINE 01-8619277

Register လုပ်ရန်နှင့် ဆုလာဘ်ရောက်ထုတ်ယူရန်

ဂုလွှာ၊ အဆောင် (စီ)၊ စက်ရုံလမ်းနှင့် ဗညားဒလလမ်းထောင့်၊ မင်္ဂလာဈေးသစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ Ph : 01-9000 712, 9000 713

ကံစမ်းမဲများကို ၂၀၁၄ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ လစဉ် (၁) ရက်နေ့နှင့် (၁၆) ရက်နေ့များတွင် တစ်လနှစ်ကြိမ် မဲဖောက်ပေးသွားမည်ဖြစ်ပြီး လစဉ်ကံထူးရှင်များအား ရန်ကုန်လမ်းညွှန်ဝက်ဘ်ဆိုက် www.yangon-directory.com, www.facebook.com/TheYangondirectory မြန်မာအလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖော်ပြပေးသွားမည်ဖြစ်

ကြော်ငြာကဏ္ဍ

Extension of the Invitation for Letter of Expression of Interest (LEOI)

Myanma Oil and Gas Enterprise (MOGE) is inviting interested foreign companies to submit Expression of Interest for Joint Venture project in Myanmar Onshore Drilling Operations, Joint Venture/Alliance in Seismic Acquisition Services and Onshore Pipeline Construction and Maintenance Services from 2.062014 to 7.06.2014 in Kyaymon, Myanma Alin and the New Light of Myanmar newspapers,with the submission deadline by 30th June 2014.

Now,by the requests,MOGE here by announces that the submission deadline for LEOI for all three projects is extended up to **31st July,2014**

Sweet Angel NAIL ART & BEAUTY TRAINING SCHOOL

အခမဲ့ပညာဒါနသင်တန်းများ

အာသာရပ်	ပစ္စည်းဖိုး	သင်တန်းကာလ
ဆံပင်ညှပ်	35,000	2 Months
ဆံထုံး	50,000	1 Month
မိတ်ကပ်	80,000	1 Month
လက်သည်းပုံဖော်ပန်းချီ	40,000	1 Month
မျက်နှာ+ခေါင်းအုပ် ကောက်/ဖြောင့်	50,000	1 Month
မျက်နှာခြေချွတ် ပေါင်းတင်အဆိပ်ထုတ်	50,000	1 Month
Foot Massage	50,000	1 Month

အခန်း(406)၊ ပန်းခြံတာဝါ၊ အားကစားလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

Ph: 01-538510, 09-5107347,09-33546597

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်ရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၂၉

ကွယ်လွန်သူ ဦးအုန်းသွယ်၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု၊

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၈၀၌ နေထိုင်ခဲ့သော ကွန်လွန်သူ ဦးအုန်းသွယ်၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၁၇၉၊ မြေအကျယ်အဝန်းပေ(၄၁×၆၀)၊ ဧရိယာစတုရန်းပေ ၂၄၆၀ရှိ နှစ် ၆၀ ဂရန်မြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအပေါ် ဦးကျော်လင်းက အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် အထက်ပါလိပ်စာ၏ အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၇ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအုန်းသွယ်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၄ ခုနှစ် ဇူလိုင် ၇ ရက် (၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ၊ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်၊ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးကျော်လင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် ဇွန် ၁၆ရက်က ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဥမ္မာတင်
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

မြန်မာ့အလင်း
ကမ္ဘာ့ဖလားအထူးကဏ္ဍ
၂၀၁၄ ခုနှစ်၊ ဇွန် ၂၃ ရက်၊ တနင်္လာနေ့။

AIR KBZ

နောက်ဆုံးပွဲမှာနိုင်ပွဲယူမယ့် ဘရာဇီး

ထက်အောင်

ရလဒ်ကောင်းဖို့ ရုန်းကန်ရမယ့်စပိန်

ဇွန်လ ၂၃ ရက်ညမှာ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(A)နဲ့ အုပ်စု (B) တို့ရဲ့ အုပ်စုနောက်ဆုံးပွဲတွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အုပ်စု(A) က ဘရာဇီး၊ မက္ကဆီကိုနဲ့ ခရိုအေးရှားတို့အတွက် နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲတွေမို့ အကြိတ်အနယ်ရှိမှာဖြစ်ပြီး အုပ်စုကတင် ထွက်ခဲ့ရပြီဖြစ်တဲ့ စပိန်လည်း နိုင်ပွဲရဖို့ အားစိုက်လာနိုင်တယ်။

အီတူး

ဩစတြေးလျ Vs စပိန်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၃-၆-၂၀၁၄၊ ည ၁၀း၃၀ Arena da Baixada
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

ဩစတြေးလျဟာ ဟော်လန်နဲ့ ကစားခဲ့တဲ့ အုပ်စုဒုတိယပွဲမှာ ရုန်းအားကောင်းမွန်ခဲ့တဲ့ ဒီခြေစွမ်းပုံစံမျိုးနဲ့ ကစားနိုင်ခဲ့မယ်ဆိုရင် စပိန်အတွက် အနိုင်ရလဒ်ကို ခက်ခက်ခဲခဲ ရှာဖွေရမယ့် အနေအထားလို့ ဆိုရမယ်။ ဒါပေမယ့် ဩစတြေးလျခံစစ်ပိုင်း အားနည်းသလို အဓိကတိုက်စစ်ကစားသမား ကာဟေးလ်လည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ ဩစတြေးလျအသင်းမှာ အားနည်းချက်တွေ ဖြစ်ပေါ်လာနိုင်တယ်။ လက်ရှိချန်ပီယံစပိန်အသင်းအနေနဲ့ အုပ်စုအဆင့်ကတင် ထွက်ရတော့မှာဖြစ်ပေမယ့် ဂုဏ်သိက္ခာအတွက် အုပ်စုနောက်ဆုံးပွဲမှာ ရလဒ်ကောင်းရဖို့ အားစိုက်လာနိုင်တယ်။ စပိန်ရဲ့ အသင်းလိုက်စုစည်းမှု ကောင်းမွန်ပေမယ့် ဒီယေဂိုကော်စတာ ဦးဆောင်တဲ့ စပိန်တိုက်စစ်ပိုင်းအားနည်းနေတာကြောင့် ဩစတြေးလျခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရနိုင်တယ်။ စပိန် နိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်ဖို့ ခက်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၀-၁

ကင်မရွန်း Vs ဘရာဇီး	
ကစားမည့် ရက်၊ အချိန်နှင့်ကွင်း	၂၄-၆-၂၀၁၄နံနက်၂း၃၀ Nacional Mane Garrincha
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဘရာဇီး ၀-၁ ကင်မရွန်း (၂၀-၆-၂၀၀၃)

ကင်မရွန်းဟာ အုပ်စုပွဲ နှစ်ပွဲစလုံး ရှုံးပွဲကြုံခဲ့ရပြီး အုပ်စုအဆင့်ကတင် ထွက်ရဖို့ သေချာနေပြီဖြစ်ပေမယ့် ဂုဏ်သိက္ခာအတွက် အုပ်စုနောက်ဆုံးပွဲမှာ အားထည့်ကစားလာမှာပါ။ ဒီပွဲမှာ ကင်မရွန်းအသင်းရဲ့ အဓိကတိုက်စစ်မှူး အီတူး ပြန်လည်ပါဝင်လာနိုင်ပေမယ့် တိုက်စစ်ပိုင်း အားနည်းနေမှုကြောင့် ဘရာဇီးခံစစ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ ဒါ့အပြင် အဲလက်စ်ဆောင်းကလည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်လာနိုင်မှာမဟုတ်သလို အသင်းလိုက်ခြေစွမ်းပိုင်းမှာလည်း ကင်မရွန်းက ဘရာဇီးကို ယှဉ်နိုင်ဖို့ ခက်တယ်။ ဘရာဇီးအနေနဲ့ အုပ်စုအဆင့်ကတက်နိုင်ရေး သေချာစေရေးအတွက် ဒီပွဲမှာ အနိုင်ရဖို့ လိုနေတာမို့ ခြေကုန်ထုတ်လာမှာပါ။ ဒါပေမယ့် ဘရာဇီးရဲ့ အသင်းလိုက်ခြေစွမ်းပိုင်း တည်ငြိမ်မှု အနည်းငယ် အားနည်းနေသလို နေမာ၊ ဖရက်ဒ်တို့ ဦးဆောင်တဲ့ တိုက်စစ်ကလည်း ဂိုးသွင်းခြေ အားနည်းနေတယ်။ ဒါပေမယ့် ခြေကုန်ထုတ်လာမယ့် ဘရာဇီးအသင်း နှစ်ဂိုးအသာနဲ့ အနိုင်ရရှိသွားမယ်လို့ မြင်မိတယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၀-၂

စာမျက်နှာ ၃ သို့

နေမာ

စောင့်ကြည့်ရမယ့် ကလိုဆေး

ကမ္ဘာ့ဖလားဘောလုံးပွဲသမိုင်းမှာတော့ တစ်ဦးတည်း ၁၅ ဂိုးသွင်းပြီး ဂိုးသွင်းအများဆုံး စံချိန်တင်ထားတဲ့ ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုရဲ့ စံချိန်ကို ဂျာမနီတိုက်စစ်မှူး ကလိုဆေးက ၂၀၁၄ ကမ္ဘာ့ဖလားအုပ်စု ပွဲစဉ်အဖြစ် ဂါနာနဲ့ ကစားတဲ့ပွဲမှာ တစ်ဂိုးသွင်းပြီး စံချိန်သစ်ထူလိုက်ပြီဖြစ်ပါတယ်။

ဂျာမနီနိုင်ငံသားခံယူ

အသက် ၃၆ နှစ်အရွယ်ရှိပြီး အရပ်ခြောက်ပေမြင့်တဲ့ တိုက်စစ်မှူး ကလိုဆေးဟာ ပိုလန်နိုင်ငံ အိုပိုလီမြို့မှာ မွေးဖွားခဲ့ပေမယ့် ၁၉၈၆ ခုနှစ်မှာ ဂျာမနီနိုင်ငံကို ရောက်ရှိပြီး ဂျာမနီနိုင်ငံသား ခံယူခဲ့တာဖြစ်ပါတယ်။

ကလိုဆေးဟာ ၂၀၀၁ ခုနှစ်မှာ ဂျာမနီလက်ရွေးစင် ကစားသမားဖြစ်လာပြီး ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲမှာ ငါးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ၂၀၀၆ ကမ္ဘာ့ဖလားပွဲမှာလည်း ငါးဂိုးသွင်းယူနိုင်ခဲ့သလို ၂၀၁၀ ကမ္ဘာ့ဖလားပွဲမှာလည်း လေးဂိုးသွင်းယူနိုင်ခဲ့တဲ့အပြင် အခု ၂၀၁၄ ကမ္ဘာ့ဖလား ပြိုင်ပွဲမှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ စုစုပေါင်း ၁၅ ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

သွင်းဂိုးချင်းတူညီ

ကလိုဆေးဟာ ၂၀၁၀ ကမ္ဘာ့ ဖလားပွဲမှာ ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် အင်္ဂလန်နဲ့ ကစားတဲ့ပွဲမှာ ဂျာမနီအတွက် တစ်ဂိုးသွင်းယူလိုက်ကတည်းက ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ တစ်ဦးတည်း ၁၂ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဘရာဇီးတိုက်စစ်မှူး ဂန္တဝင်ဘောလုံးသမား ပီလီနဲ့ သွင်းဂိုးချင်းတူညီသွားခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ကလိုဆေးဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသုံးကြိမ်မှာ တစ်ကြိမ်တိုင်း အနည်းဆုံး လေးဂိုးသွင်းယူနိုင်ခဲ့တဲ့ တစ်ဦးတည်းသော တိုက်စစ်မှူးအဖြစ် မှတ်တမ်းတင်ထားခဲ့သူဖြစ်ပါတယ်။ နောက်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲနှစ်ကြိမ်မှာ တစ်ကြိမ်ကို အနည်းဆုံး ငါးဂိုးသွင်းယူနိုင်တဲ့ တစ်ဦးတည်းသော တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။

ကလိုဆေးဟာ ဂျာမနီအသင်းအတွက် ဂိုးပေါင်း ၆၈ ဂိုးသွင်းယူထားတဲ့ ဂတ်မူလာရဲ့ စံချိန်ကိုလည်း ချိုးနိုင်ခဲ့ပြီး အခုဆိုရင် ဂျာမနီအတွက် ပွဲပေါင်း ၁၃၃ ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၇၀အထိ သွင်းယူကာ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူလည်း ဖြစ်လာပါတယ်။

ကလိုဆေးဟာ ကမ္ဘာ့ဖလားပွဲတွေမှာ ဂိုးသွင်းယူမှု ၅၁ ကြိမ်မှာ ၁၅ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး ဘရာဇီး တိုက်စစ်မှူးဟောင်း ရော်နယ်ဒိုကတော့ ၆၇ ကြိမ် ဂိုးသွင်းဖို့ ကြိုးစားခဲ့ရာမှာ ၁၅ ဂိုး သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာတော့ ကလိုဆေးဟာ ဂိုးသွင်းအများဆုံး စံချိန်ကို ချိုးနိုင်မလား ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

■ ကိုဝ

အုပ်စုပထမနေရာရရန် ကင်မရွန်းကို အနိုင်ကစားသွားမည်

ဘရာဇီးအသင်း၏ အဓိက ဂိုးသမား ဂျူလီယိုဆီဇာက ကင်မရွန်းနှင့် ကစားရမည့် နောက်ဆုံးပွဲစဉ်တွင် နိုင်ပွဲရရှိရေး တစ်ခုတည်းဖြင့်သာ ကစားသွားပြီး အုပ်စုပထမနေရာကို ရယူသွားမည်ဟု ပြောသွားသည်။

ဆီဇာက ဘရာဇီးအသင်းသည် ၁၆ သင်းအဆင့်တွင် မည်သည့် အသင်းနှင့်တွေ့ဆုံရမည်ဆိုသည်ကို စဉ်းစားမနေဘဲ ကင်မရွန်းနှင့်ပွဲကို ကစားသွားမည်ဖြစ်ပြီး အုပ်စုပထမ နေရာကို ရရှိရေးသာ အသင်း၏ အဓိက ရည်ရွယ်ချက်ဖြစ်ပြီး ဘရာဇီး အသင်းအနေဖြင့် မည်သည့်အသင်း ကိုမျှ ကြောက်ရွံ့နေမည် မဟုတ်ကြောင်း ပြောဆိုလိုက်သည်။

ဘရာဇီးအသင်းသည်ကင်မရွန်း အသင်းနှင့် ယနေ့ အစောပိုင်းတွင် ကစားသွားမည်ဖြစ်ပြီး ထိုပွဲပြီး မကြာမီတွင် အုပ်စု (B) မှ ဟော်လန် နှင့် ချီလီတို့ အုပ်စုပထမနေရာ အတွက် ကစားသွားရမည်ဖြစ်သည့် အတွက် ဘရာဇီးအသင်းမှာ ၁၆ သင်းအဆင့်တွင် မည်သည့်အသင်း နှင့် ကစားရမည်ကို စောင့်ကြည့် ရမည်ဖြစ်သည်။

ကင်မရွန်းအသင်းသည် အုပ်စု အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရပြီဖြစ် သော်လည်း အသင်း၏အဓိက တိုက် စစ်မှူးဖြစ်သည့် အီတူးမှာ ဘရာဇီး အသင်းကို အန္တရာယ်ပေးနိုင်သည့် ကစားသမားဖြစ်သည်ဟု ချီကျူး ပြောဆိုခဲ့ပြန်သည်။

ထို့အပြင် ဆီဇာက ခရိုအေးရှား၊ မက္ကဆီကိုတို့နှင့်ကစားခဲ့သည့် ဘရာ ဇီးအသင်း၏ ခြေစွမ်းမှာလည်း အချိန်နှင့်အမျှ တိုးတက်လာသည်ဟု ပြောဆိုခဲ့သည်။

အိမ်ရှင် ဘရာဇီးအသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားကို ရယူသွားမည် ဟု နည်းပြ စကိုလာရီက ထုတ်ဖော် ပြောကြားသည်။ ဘရာဇီးတိုက်စစ် မှူး နေမာကလည်း ကမ္ဘာ့ဖလား ရယူရန် အကောင်းဆုံးခြေစွမ်းရရှိ ရေး ကြိုးစားသွားမည်ဟု ပြောကြား သည်။

═══ ဖြိုးဒေါ်လာ ═══

ရော်ဘင်ဟာ ထူးချွန်သည့် ကစားသမားဟု အသင်းခေါင်းဆောင် ဗန်ပါစီ ချီးကျူးစကားဆို

ဟော်လန်အသင်းခေါင်းဆောင် ဗန်ပါစီက အသင်းဖော်ရော်ဘင်သည် ကမ္ဘာ့ဖလားတွင် ဟော်လန်အသင်းကို ပိုမိုပျော်ရွှင်မှုရအောင် လုပ်ပေးနိုင်မည့်သူဟု ချီးကျူးပြောဆိုလိုက်သည်။

အဆိုပါ ကစားသမားနှစ်ယောက်သည် ဟော်လန်အသင်း၏ အဖွင့်ပွဲစဉ်နှစ်ပွဲစလုံးတွင် ဂိုးများသွင်းယူထားနိုင်ခဲ့ပြီး သွင်းဂိုး သုံးဂိုးစီဖြင့် ဂိုးသွင်းအများဆုံး ကစားသမားများစာရင်းတွင် ပါဝင်နေသည်။

ရော်ဘင်သည် ချီလီနှင့်ကစားရမည့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပါဝင်ခွင့်ရမည်ဖြစ်သော်လည်း ဗန်ပါစီမှာမူ အဖွင့်ပွဲနှစ်ပွဲတွင် အဝါကတ်များ ပြသခံခဲ့ရခြင်းကြောင့် ပါဝင်ခွင့်ရရှိနိုင်မည်မဟုတ်ပေ။

ထို့အပြင် နည်းပြဗန်ဟားလ် လက်ရှိအသုံးပြုနေသည့် ၅-၃-၂ ကစားကွက်တွင် ရော်ဘင်နှင့်အတူ ကစားရခြင်းနှင့် ပတ်သက်ပြီး ဗန်ပါစီက "ကျွန်တော်တို့ နှစ်ယောက်လုံးဟာ ကွင်းလယ်ပိုင်းကနေပြီး ထိုးစစ်ဆင်ရတဲ့အတွက် အခက်အခဲ အနည်းငယ်တော့ရှိပါတယ်။ ဒါပေမယ့် ဒီကစားကွက်နဲ့ပဲ ကျွန်တော်တို့ခြောက်ဂိုး သွင်းယူထားပြီးဖြစ်လို့ ဒီလိုပဲဆက်ပြီး ကစားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ရော်ဘင်ဟာ ထူးချွန်တဲ့ကစားသမားဖြစ်သလို သူနဲ့ကစားရတာကို နှစ်သက်ပါတယ်။ သူဟာ ပြိုင်ဘက်အသင်းတွေအတွက်တော့ ခန့်မှန်းရခက်တဲ့ ကစားသမားဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ အသင်းသားတွေအပေါ်တော့ အဲဒီလိုမဟုတ်ပါဘူး။ ရော်ဘင်ဟာ လျင်မြန်မှုရှိသလို သူကိုယ်တိုင်လည်း ဂိုးသွင်းယူနိုင်ပြီး အသင်းဖော်တွေ ဂိုးသွင်းယူနိုင်အောင်လည်း ပံ့ပိုးပေးတဲ့ကစားသမားပါ"ဟု ချီးကျူးပြောဆိုသွားသည်။

■ ဖြိုးဒေါ်လာ

ကမ္ဘာ့ဖလားမှာ အလွယ်ဆုံးပွဲဆိုတာမရှိဘူးလို့ ဆိုလိုက်တဲ့ ဘရာဇီးခံစစ်မှူး မာဆယ်လို

အသက်၂၆နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘရာဇီးခံစစ်မှူး မာဆယ်လိုကတော့ အသင်းအနေနဲ့ တတိယပွဲအဖြစ်ကစားရမယ့် ကင်မရွန်းနဲ့ပွဲဟာ လွယ်လွယ်ကူကူနဲ့အနိုင်ရမယ့် ပွဲမဟုတ်ဘူးလို့လည်း ပြောဆိုခဲ့ပြီး အသင်းရဲ့တိုက်စစ်မှူး ဖရက်ဒ်အနေဖြင့်လည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်လိမ့်မယ်လို့လည်း ပြောဆိုခဲ့ပါတယ်။

ဘရာဇီးအသင်းဟာ ခရိုအေးရှား အသင်းနဲ့ အဖွင့်ပွဲစဉ်မှာ ၃-၁နဲ့နိုင်ခဲ့ပေမယ့် ဒုတိယပွဲစဉ် မက္ကဆီကိုအသင်းနဲ့ပွဲမှာတော့ ဂိုးမရှိသရေကျခဲ့တာကြောင့် ဘရာဇီးအသင်းအနေနဲ့ အုပ်စုအဆင့်ကနေဖြတ်ကျော်ပြီး ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ဖို့ဆိုရင် ကင်မရွန်းအသင်းနဲ့ပွဲမှာ အနည်းဆုံး သရေကစားရမှာဖြစ်ပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး ခံစစ်မှူး မာဆယ်လိုက"ကမ္ဘာ့ဖလားမှာ အလွယ်ဆုံးပွဲဆိုတာမရှိပါဘူး။ ကင်မရွန်း အသင်းဟာ ကြံ့ခိုင်မှုပိုင်းကောင်းမွန်ပြီး အရည်အချင်းပြည့်ဝတဲ့အသင်း တစ်သင်းပါ။ ကျွန်တော်တို့ဟာ ပြိုင်ဘက် အသင်းတိုင်းကို လေးစားမှုရှိပြီး အဲဒီပွဲကိုလည်း အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ"လို့ ပြောဆိုခဲ့ပါတယ်။

ကင်မရွန်းအသင်းဟာ မက္ကဆီကို အသင်းနဲ့ စတင် ကစားခဲ့တဲ့ ပထမဦးဆုံးပွဲမှာ ၁-၀နဲ့ ရှုံးနိမ့်ခဲ့သလို ခရိုအေးရှားအသင်းနဲ့ပွဲမှာလည်း ၄-၀နဲ့ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုအဆင့်ကပင်ထွက်ဖို့သေချာနေတဲ့ အသင်းလည်းဖြစ်ပါတယ်။

ဒါ့အပြင် ဘရာဇီးတိုက်စစ်မှူး ဖရက်ဒ်နဲ့ပတ်သက်ပြီးလည်း မာဆယ်လိုက"ကျွန်တော်တို့ဟာ ဖရက်ဒ်ကို ဂိုးသွင်းယူနိုင်ဖို့အတွက်တော့ ဖန်တီးပေးနိုင်ခြင်းလည်းမရှိသေးပါဘူး။ ဒါကြောင့်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသေးတာလည်းဖြစ်ပါတယ်။ ဒါပေမယ့်မကြာခင် အကောင်းဆုံး ခြေစွမ်းတွေနဲ့အတူဂိုးတွေသွင်းယူမယ်လို့လည်း ယုံကြည်မိပါတယ်။ ကျွန်တော်တို့အသင်းမှာကစားရင်းနဲ့ တိုးတက်မှုတွေရှိလာတယ်လို့ပဲ ပြောရမှာပါ"လို့လည်းပြောဆိုခဲ့ပါတယ်။

တိုက်စစ်မှူးဖရက်ဒ်ဟာ ဘရာဇီးအသင်းရဲ့ ခြေစစ်ပွဲတွေမှာတော့ လေး ဂိုးအထိ သွင်းယူပေးထားခဲ့ပြီးအသင်းအတွက် အရေးကြီးတဲ့ ကစားသမားတစ် ဦးဖြစ်ပေမယ့် လက်ရှိကမ္ဘာ့ဖလားပွဲစဉ်တွေမှာတော့ ဂိုးသွင်းယူနိုင်ခြင်းမရှိ သေးတဲ့ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ခံစစ်မှူးမာဆယ်လိုဟာ ဘရာဇီးအသင်းမှာ ၂၀၀၆ခုနှစ်ကတည်းက ပါဝင်ကစားနေခဲ့တဲ့ ခံစစ်မှူးတစ်ဦးဖြစ်ပြီး အသင်းနဲ့အတူ ၃၃ ပွဲပါဝင် ကစားကာ လေးဂိုးသွင်းယူပေးထားတဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ ကင်မရွန်း အသင်းကို နိုင်မယ်ဆိုပါက အုပ်စု (A)ရဲ့ အုပ်စုပထမဖြစ်သွားမှာဖြစ်ပြီး အုပ်စု (B)ရဲ့ အုပ်စုဒုတိယအသင်း ဖြစ်မယ့် ချီလီသို့မဟုတ် ဟော်လန်အသင်းနဲ့တွေ့ဆုံရမှာဖြစ်ပါတယ်။

အောင်က

နုတ်ထွက်ဖို့ ငြင်းဆန်နေတဲ့ ကင်မရွန်းနည်းပြ ဖင်ကီ

အောင်က

ကင်မရွန်းအသင်းအနေနဲ့ ကမ္ဘာ့ဖလားမှာ အုပ်စုအဆင့်ကနေထွက်ဖို့ သေချာနေပြီဖြစ်ပေမယ့် အသင်းရဲ့ နည်းပြ ဖင်ကီကတော့ အသင်းကနေ နုတ်ထွက်သွားဖို့ကို ငြင်းဆိုထားခဲ့ပါတယ်။

ကင်မရွန်းအသင်းဟာပထမဆုံးပွဲမှာ မက္ကဆီကို အသင်းကို ၁-၀နဲ့ ရှုံးနိမ့်ခဲ့သလို ခရိုအေးရှားအသင်းကို ဒုတိယပွဲစဉ်မှာ၄-၀နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒါပေမယ့် ခရိုအေးရှားအသင်းကို ၄-၀နဲ့ ရှုံးနိမ့်ခဲ့တဲ့ ပွဲမှာတော့ ကင်မရွန်းအသင်းဟာ တစ်ယောက်လျော့ ၁၀ ယောက်တည်းနဲ့ကစားခဲ့ရတာလည်း ဖြစ်ပါတယ်။

ဒါ့အပြင်အသင်းရဲ့ရလဒ်ပိုင်းနဲ့ ပတ်သက်ပြီး ဖင်ကီအနေနဲ့ ကင်မရွန်းအသင်းကနေ နုတ်ထွက်သွားဖို့အတွက် တောင်းဆိုမှုတွေလည်း ရှိနေခဲ့ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီးလည်း ကင်မရွန်းနည်းပြ ဖင်ကီက"ဒါဟာကျွန်တော် ဆုံးဖြတ်ရမယ့် အလုပ်မဟုတ်ပါဘူး။ ကျွန်တော်အနေနဲ့ဘာမှလည်း မတတ်နိုင်ပါဘူး။ ကျွန်တော်တို့အသင်းအနေနဲ့ လာမယ့် ဘရာဇီးအသင်းနဲ့ ပွဲမှာ ၁၁ ဦးချင်း ကစားကြမှာပါ။ ပြီးခဲ့တဲ့ ခရိုအေးရှားနဲ့ ပွဲမှာက ကျွန်တော်တို့အသင်းဟာ လူ ၁၀ဦးနဲ့ ကစားခဲ့ရတာပါ။ ဒါပေမယ့် အဲဒါနဲ့ပတ်သက်ပြီး ဘယ်လိုဆင်ခြေမှ မပေးချင်ပါဘူး။ အဲဒီပွဲမှာ ကျွန်တော့်အနေနဲ့ ဘာမှလည်း မလုပ်နိုင်ခဲ့ပါဘူး။ ကစားသမား ၁၁ ဦးကို ၁၀ ဦးက ဘာမှ မလုပ်နိုင်ဘူးဆိုတာကိုတော့ လူတိုင်းကလည်း သဘောပေါက်ပါတယ်။ အဲဒီပွဲပြီးကတည်းက ကျွန်တော်တို့ဟာ နောက်ဆုံးပွဲဖြစ်တဲ့ ဘရာဇီးအသင်းနဲ့ပွဲကို အကောင်းဆုံးကစားဖို့ ပြင်ဆင်ထားပါတယ်။ ခရိုအေးရှားအသင်းနဲ့ ရလဒ်အတွက်တော့ စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်တော်တို့ အသင်းအနေနဲ့ အနီကတ်အပြခံခဲ့ရလို့သာ လေးဂိုးပေးခဲ့ရတာလည်း ဖြစ်ပါတယ်။ ခရိုအေးရှားအသင်းအနေနဲ့ကလည်း အခုထက်ပိုပြီး ဂိုးတွေသွင်းယူနိုင်ဖို့အတွက် အခွင့်အရေးတွေရရှိခဲ့ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့အသင်းလည်း ဂိုးသွင်းယူနိုင်ဖို့အတွက် အခွင့်အရေး ရရှိခဲ့ပါတယ်။ ကျွန်တော်တို့အသင်းမှာ ထူးချွန်တဲ့ ကစားသမားတွေ ရှိနေတဲ့အတွက် အနာဂတ်မှာတော့ အောင်မြင်တဲ့ အသင်းတစ်သင်းဖြစ်လာမှာ သေချာပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဖင်ကီဟာ ၂၀၁၃ခုနှစ် မေလကစတင်ကာ ကင်မရွန်းအသင်းကို ကိုင်တွယ်ခဲ့တဲနည်းပြတစ်ဦးဖြစ်ပြီး ကင်မရွန်းအသင်းကို ကမ္ဘာ့ဖလား ဝင်ခွင့်ရရှိနိုင်ဖို့အတွက် ကူညီပေးနိုင်ခဲ့တဲ့ တတိယမြောက် နည်းပြ ဖြစ်ပါတယ်။ သူရဲ့လက်ထောက်တွေကိုတော့ ကင်မရွန်းနိုင်ငံသား လူလေးဦးကိုပဲအဖွဲ့ဝင်အဖြစ် ခေါ်ယူထားခဲ့ပါတယ်။

ကင်မရွန်းအသင်းဟာ အုပ်စုနောက်ဆုံးပွဲစဉ်အနေနဲ့ အိမ်ရှင် ဘရာဇီးအသင်းနဲ့ကစားရမှာဖြစ်ပါတယ်။

"ကျွန်တော်တို့အသင်းမှာ ထူးချွန်တဲ့ ကစားသမားတွေရှိနေတဲ့ အတွက် အနာဂတ်မှာတော့ အောင်မြင်တဲ့ အသင်းတစ်သင်းဖြစ်လာမှာ သေချာပါတယ်"

ကမ္ဘာ့ဖလားပွဲစဉ်များ

၂၄-၆-၂၀၁၄	၁၀း၃၀(ည)
အီတလီ - ဥရုဂွေး	
၂၄-၆-၂၀၁၄	၁၀း၃၀(ည)
ကော်စတာရီကာ - အင်္ဂလန်	
၂၄-၆-၂၀၁၄	၂း၃၀(နံနက်)
ကင်မရွန်း - ဘရာဇီး	
၂၄-၆-၂၀၁၄	၂း၃၀(နံနက်)
ခရိုအေးရှား - မက္ကဆီကို	
၂၅-၆-၂၀၁၄	၂း၃၀(နံနက်)
ဂျပန် - ကိုလံဘီယာ	
၂၅-၆-၂၀၁၄	၂း၃၀(နံနက်)
ဂရိ - အိုင်ဗရီကို့စ်	
၂၆-၆-၂၀၁၄	၁၀း၃၀(ည)
အမေရိကန် - ဂျာမနီ	

ရလဒ်ကောင်းဖို့ ရုန်းကန်ရမယ့် စပိန်မှ

ဟော်လန် Vs ချီလီ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၃-၆-၂၀၁၄၊ ည ၁၀း၃၀ Arena de Sao Paulo
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

နှစ်သင်းစလုံး အုပ်စုအဆင့်ကတက်ဖို့ သေချာနေပြီဖြစ်ပေမယ့် အုပ်စုပထမနေရာအတွက် အားပြိုင်လာမှာမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါ။ ဟော်လန်ဟာ နောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပိုင်း အနည်းငယ် အားနည်းနေပြီး သြစတြေးလျကိုတောင် အနိုင်ရဖို့ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတယ်။ ကွင်းလယ်ပိုင်းစုဖွဲ့မှု ကောင်းပေမယ့် ခံစစ်ပိုင်းအားနည်းမှုရှိနေတာကို သတိပြုရမယ်။ ဒါ့အပြင် အသင်းရဲ့ အဓိကတိုက်စစ်မှူး ဗန်ပါစီကလည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာ မဟုတ်လို့ တိုက်စစ်ကို ဟန်တယ်လာ ဦးဆောင်လာနိုင်ပြီး တိုက်စစ် အပြောင်းအလဲမှာ အကောင်းဆုံးပုံစံရရှိဖို့ ရုန်းကန်ရနိုင်တာကိုသတိပြုရမယ်။ စပိန်ကို အနိုင်ယူနိုင်ခဲ့လို့ စိတ်ဓာတ်ပိုင်း တက်ကြွနေမယ့် ချီလီရဲ့ ကစားအားကြောင့် ဟော်လန်အခက်တွေ့နိုင်တယ်။ ဆန်းချက်ဇ်၊ ဗာဂက်စ်တို့ ဦးဆောင်တဲ့ ချီလီတိုက်စစ်ပိုင်းက ထက်မြက်မှုရှိနေတယ်။ ချီလီဟာ အသင်းလိုက်စုစည်းမှုအပိုင်းမှာ ဟော်လန်ကို ယှဉ်နိုင်စွမ်းနည်းပါးပေမယ့် တိုက်စစ်မှာတော့ ချီလီက ပိုမိုတည်ငြိမ်နေတဲ့ အနေအထားမှာရှိတယ်။ ဟော်လန်ရဲ့ ကစားအားကြောင့် ချီလီအခက်တွေ့နိုင်ပေမယ့် ချီလီအသင်း ကပ်နိုင်သွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၂

ခရိုအေးရှား Vs မက္ကဆီကို	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၄-၆-၂၀၁၄၊ နံနက် ၂း၃၀ Arena Pernambuco
နောက်ဆုံးဆုံတွေ့မှုရလဒ်	ခရိုအေးရှား ၀-၁ မက္ကဆီကို (၃-၆-၂၀၀၂)

မန်ဇူကစ် ပြန်လည်ပါဝင်လာတဲ့ ခရိုအေးရှားတိုက်စစ်က ထက်မြက်နေပြီး အသင်းလိုက်စုစည်းမှုလည်း ကောင်းမွန်နေတယ်။ ဆာနာ၊ ကော်လူကာ၊ လိုဗရန်တို့ ဦးဆောင်တဲ့ ခရိုအေးရှားခံစစ်ကလည်း ကစားပုံ မဆိုးတာမို့ မက္ကဆီကို တိုက်စစ်ကို အခက်တွေ့စေနိုင်တယ်။ ဒါ့အပြင် ခရိုအေးရှားကွင်းလယ်မှာ မိုဒရစ်၊ ရာကီတစ်တို့လို ကစားသမားတွေရှိနေတာကြောင့် မက္ကဆီကိုအသင်း ကစားကွက် အသာစီးရဖို့ ရုန်းကန်ရနိုင်တယ်။ ဒါပေမယ့် မက္ကဆီကိုက နောက်တစ်ဆင့်တက်ရေးအတွက် အနည်းဆုံး သရေရဖို့ လိုနေတာမို့ ခရိုအေးရှားကို အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ ပြင်ဆင်လာမှာပါ။ မက္ကဆီကိုရဲ့ တိုက်စစ်ပိုင်း အားနည်းမှုရှိတာမှန်ပေမယ့် ဘရာဇီးလိုအသင်းကို သရေ ကစားနိုင်ခဲ့တဲ့ မက္ကဆီကိုရဲ့ အသင်းလိုက် ရုန်းအားက ကောင်းမွန်နေတယ်လို့ ဆိုရမယ်။ မက္ကဆီကိုကပွဲကို ထိန်းချုပ်နိုင်ဖို့ အားစိုက်လာမှာဖြစ်ပြီး ဂိုးနည်းနည်းနဲ့ သရေကျသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(A)နှင့်(B)တို့၏ ရပ်တည်မှု

အုပ်စု (A)						အုပ်စု (B)					
အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
ဘရာဇီး	၂	၁	၁	၀	၄	ဟော်လန်	၂	၂	၀	၀	၆
မက္ကဆီကို	၂	၁	၁	၀	၄	ချီလီ	၂	၂	၀	၀	၆
ခရိုအေးရှား	၂	၁	၀	၁	၃	သြစတြေးလျ	၂	၀	၀	၂	၀
ကင်မရွန်း	၂	၀	၀	၂	၀	စပိန်	၂	၀	၀	၂	၀

စပိန်နဲ့ ပြီးပြည့်စုံမှုများ နောက်ကွယ်မှာ. . .

စပိန်။ သူတို့ရဲ့ ဒီတစ်ကြိမ်ဖြစ်မှု၊ ပျက်မှုက နည်းနည်းတော့ ဝိရောဓိဆန်တယ်။ နှစ်ပွဲကစား နှစ်ပွဲရှုံး။ ရဂိုးကတစ်ဂိုး၊ ပေးဂိုးက ခုနစ်ဂိုး။ ရမှတ်က သုည။အုပ်စုပွဲသုံးပွဲဆိုတဲ့ သက်တမ်းမပြည့်ခင်မှာတင် ပြိုင်ပွဲကထွက်ဖို့ သေချာခဲ့ရတဲ့အဖြစ်။ ဒါမျိုး သူတို့ဘယ်နှကြိမ်ဖြစ်ဖူးသလဲ။ ပြန်ကြည့်။ ၁၉၈၂ ခုနှစ်ကနေစပြီး ဒီပြိုင်ပွဲအထိ နောက်ဆုံးကမ္ဘာ့ဖလား ပြိုင်ပွဲကိုးကြိမ်မှာ ဒီတစ်ကြိမ်ဖြစ်ပျက်မှုက ဒုတိယအကြိမ်။ ၁၉၉၈ ခုနှစ်မှာ အုပ်စုအဆင့်က ထွက်ရပြီးတဲ့နောက် ဒါဟာ ဒုတိယအကြိမ်အုပ်စုကထွက်ရမှု။ အထူးသဖြင့် သူတို့ဟာ လက်ရှိ ကမ္ဘာ့ချန်ပီယံ၊ လက်ရှိဥရောပချန်ပီယံ။ ထပ်ပြီးပြောရရင် ၂၀၀၈ ကနေ ၂၀၁၂ အထိ ပြိုင်ပွဲကြီးနှစ်ရပ်မှာ ဆက်တိုက်ချန်ပီယံဖြစ်ခဲ့တဲ့အသင်း။ ယူရို ၂၀၀၈၊ ၂၀၁၂ အဓိကပြိုင်ပွဲကြီးနှစ်ရပ်မှာ သုံးကြိမ်တိတိ အောင်ပွဲရခဲ့တဲ့အသင်း။ အဲဒီလိုအသင်းက ရုတ်ချည်း ဒီလိုအုပ်စုကထွက်ရတဲ့အခါ သူတို့ဆီမှာ ပွက်ပွက်ညံတယ်။ ဘာကြောင့် ဘယ်လိုကအစ ဘယ်ရွေ့ ဘယ်မျှအဆုံး။ တွေးကုန်ကြတယ်။

ပြောချင်တဲ့ အဓိပ္ပာယ်က ဘာကြောင့် ဒီလိုဖြစ်သလဲ။ ဘယ်သူကြောင့် ဒီလိုပျက်သလဲကအစ ဒီအပျက်ဟာ ဘယ်လောက်ကြာမလဲဆိုတာ အဆုံး။ သူတို့ကိုယ်သူတို့ ပြန်တွေး၊ ပြန်မေးကြသလို သူတို့အတွက် မေးကြ၊ တွေးကြတာတွေလည်း ဒုနဲ့ဒေး။ အဲဒီမှာ အားလုံး တညီတညွတ်တည်း တွေးကြရတာက စပိန်ရဲ့ တိုက်ပွဲဝင် စိတ်ဓာတ်။ ဒါကို သရုပ်ခွဲပြမယ်။ တစ်အချက် သူတို့အစုအဖွဲ့အတွင်းမှာ အောင်မြင်မှုအရ ပြီးပြည့်စုံလွန်းတဲ့ကစားသမားတွေများတယ်။ ဇာဗီ၊ အင်နီယေစတား၊ အလွန်ဆို၊ ကာဆီးလက်စ်၊ တောရက်စ်၊ ဒေးဗစ်ဗီလာတို့ကအစ ဖာဘရီဂတ်စ်၊ ဘက်စကွတ်၊ ပီဘေး၊ ရာမိုင်၊ မာလာတို့အဆုံး အားလုံးနီးပါးဟာ ကစားသမားဘဝအနေနဲ့ ရသင့်ရထိုက်တဲ့ အမြင့်မားဆုံး အောင်မြင်မှုတွေကိုရပြီး၊ ယူနိုင်ပြီးသားသူတွေ။ နိုင်ငံအသင်းလက်ရွေးစင်အဆင့်နဲ့ ကြည့်မလား။ ကမ္ဘာ့ဖလားရော၊ ဥရောပဖလားပါရပြီးသူတွေ။ ကလပ်အသင်းတွေအနေနဲ့ ကြည့်မလား။ ချန်ပီယံလိဂ်လို ဆုဖလားကိုပါ ရပြီး ယူပြီးသားသူတွေဆိုတော့။ အဲဒီအတွက် သူတို့ရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်အပေါ် သံသယရှိကြတဲ့အပေါ် အပြစ်လို့ မြင်မလား။

တကယ်တော့ ဒါကိုနဂိုကတည်းက သံသယရှိခဲ့တာ။ အရှင်းဆုံးပြောရရင် စပိန်ရဲ့ ၂၃ ဦးစာရင်းမှာ ဥရောပဖလားနှစ်ကြိမ်နဲ့ ကမ္ဘာ့ဖလားတစ်ကြိမ်ကို ဆက်တိုက်ရယူပေးခဲ့တဲ့ ကစားသမား ၁၀ ဦးအထိပါတယ်။ အဲဒီ ၁၀ ဦးထဲမှာ အသက် ၃၀ နဲ့ ၃၀ ကျော်ကစားသမားက ခြောက်ဦးအထိ ပါတယ်။ ပြောချင်တဲ့ အဓိပ္ပာယ်က လက်ရှိအချိန်ဟာ သူတို့ရဲ့ ဘောလုံးသမားဘဝ နေဝင်ချိန်။ အဲဒီလိုအချိန်မှာ သူတို့ဟာ လက်ရွေးစင်အသင်းနဲ့အတူ ရသင့်ရထိုက်တဲ့ အောင်မြင်မှုတွေကိုပါ ရယူပြီးသားဆိုတော့ သူတို့မှာ သူတို့ကိုယ်သူတို့ တာဝန်ကျေပြီလို့ မယူဆဘူးဆိုပြီး ဘယ်သူငြင်းမလဲ။ အရှင်းဆုံးပြောရရင် သူတို့ဟာ ကစားသမားအင်အားအရ၊ စုဖွဲ့မှုအရ ဟော်လန်နဲ့ချီလီ ထက်မနိမ့်ပေမယ့် စိတ်ဓာတ်ပိုင်းဆိုင်ရာအရမှာ သူတို့ဟာ အဲဒီနှစ်သင်းကို မမီဘူး။ စပိန်ရဲ့ ဖွဲ့စည်းမှုကို ပြန်ကြည့်ရင် အင်နီယေစတာ၊ ဇာဗီ၊ အလွန်ဆို၊ ရာမိုင်၊ ဆေးလ်ဗားတို့က ၂၈ နှစ်ကနေ ၃၀ နဲ့ ၃၀ကျော်တွေ။ ဗန်ပါစီ၊ ရော်ဘင်၊ စနိုက်ဒါ၊ ရွန်ဗယ်လာ၊ ဒီဂျောင်စတဲ့ ဟော်လန်ရဲ့ ပင်မဒေါက်တိုင်တွေကလည်း ၃၀နဲ့ ၃၀ ဝန်းကျင်ကစားသမားတွေ။ အပိုင်းအခြားအရ မကွာဘူး။ တစ်သင်းလုံး အနေနဲ့လည်း တောင့်တင်းမှုအရဆိုရင် သူတို့ကတောင် ပိုပြည့်စုံတယ်။ အဲဒီကြားကမှ သူတို့ ဂိုးပြတ်ရှုံးတာဆိုတော့ သေချာတယ်။ ဒါဟာ ကြိုးစားအားထုတ်မှုကွာခြားခြင်းရဲ့ အရင်းအမြစ်လို့မြင်ကြတယ်။

ပြောရရင် ဟော်လန်မှာ အကြိမ်ကြိမ်ပြောခဲ့ပြီးသလို ခံယူချက်ပြင်းပြင်းရှိတဲ့ သူတို့ရဲ့ ပင်မဒေါက်တိုင်ကစားသမားအများစုက ၂၀၁၀ က အမြင့်ဆုံးဆုတံဆိပ်နဲ့ ကပ်လွဲခဲ့သူတွေ။ ဒီတစ်ကြိမ်ဆိုတာကလည်း သူတို့အတွက် နောက်ဆုံးနီးပါး။ ဒီတော့သူတို့မှာ သမိုင်းသစ်ရေးလိုတဲ့စိတ် ပြင်းပြင်းထန်ထန်ကိုရှိတယ်။ ဒီတော့ ကြိုးစားအားထုတ်မှုမှာ စပိန်ထက်မြင့်တယ်။ ဒီတော့ စပိန်မယှဉ်နိုင်ဘူး။ ဒါမျိုးကို သူတို့ ချီလီနဲ့ပွဲမှာလည်း ထပ်ကြုံတယ်။ အဲဒီပွဲမှာဆိုရင် ပိုပြီးသိသာထင်ရှားတယ်။ ချီလီတစ်သင်းလုံးရဲ့ နိုင်လိုစိတ်က သူတို့ရဲ့

> **ဒီတော့ စိတ်ဓာတ်ပိုင်းအားနည်းသွားပြီး ကြိုးစားမှုပါကျသွားကြတယ်။ ဟော်လန်ကို ဂိုးပြတ်ရှုံးတယ်။**

မျက်နှာ၊ သူတို့ရဲ့ အပြုအမူတွေမှာ ထင်ထင်ရှားရှားကို တွေ့ရပေမယ့် အဲ့ဒါကို တုံ့ပြန်နိုင်လောက်တဲ့ စိတ်အခြေခံကျတော့ စပိန်မှာ မတွေ့ရဘူး။ တကယ်တော့ အရှင်းဆုံးပြောရရင် သူတို့မှာ မျိုးဆက်ခိုင်ခိုင်မာမာရှိတယ်။ ပြောချင်တဲ့ အဓိပ္ပာယ်က စပိန်ဟာ အစားထိုးသင့်ချိန်ရောက်ပြီဖြစ်ပါလျက် အစားမထိုးခဲ့ဘူး။ ဇာဗီ၊ အလွန်ဆို၊ အင်နီယေစတာ၊ ကာဆီးလက်စ်တို့ဟာ ပြောခဲ့ပြီးသလို စိတ်ပိုင်းဆိုင်ရာအရ ပြည့်စုံပြီလို့ ခံယူပြီးသားဖြစ်ကြသလို အသက်အရလည်း အနိမ့်ဆုံး ၃၀။ အဲဒီအစုအဖွဲ့နေရာမှာ အစားဝင်နိုင်လောက်တဲ့ မာတာ၊ ကိုကီ၊ ဒီဂါသာ၊ ဖာဘရီဂက်စ်တို့ရှိပေမယ့် ပွဲအတွင်းမှာ သွေးသစ်မလောင်းခဲ့ဘူး။ ဒီတော့ စိတ်ဓာတ်ပိုင်းအားနည်းသွားပြီး ကြိုးစားမှုပါကျသွားကြတယ်။ ဟော်လန်ကို ဂိုးပြတ်ရှုံးတယ်။ ဒုတိယပွဲမှာလည်း အဲဒီကစားသမားတွေအထဲက ဇာဗီတစ်ဦးတည်းကို ဖယ်လိုက်တော့ ဘာမှမထူးခဲ့ဘူး။

အထူးသဖြင့် တိုက်စစ်မှာဆိုရင် ယူရို ၂၀၁၂ ချန်ပီယံတစ်ကြိမ်သာရဖူးတဲ့အပြင် ခြေအရလည်း အကောင်းဆုံးဖြစ်နေတဲ့ နီဂရီဒိုကပါမလာဘူး။ စိတ်အခြေခံအရ မမာနိုင်တော့တဲ့အပြင် ခြေလည်းကျနေတဲ့ ဒေးဗစ်ဗီလာ၊ တောရက်စ်တို့ပဲပါလာတယ်။ တကယ်တော့ ဘောလုံးမှာ စိတ်အခြေခံအရ သိပ်အရေးကြီးတယ်။ စိတ်ကခြေစွမ်းကို ဆွဲမြှင့်နိုင်သလို စိတ်ကပဲခြေစွမ်းကို ဆွဲချနိုင်တယ်။ ကော်စတာရီကာဆိုရင် စိတ်ဓာတ်အင်အားနဲ့ပဲ ဥရုဂွေးကိုရော၊ အီတလီကိုပါ အနိုင်ယူခဲ့တာကသက်သေ။ ဒီတော့ ဒီလိုစိတ်ဓာတ်မျိုးကို စပိန်မှာ ဘယ်တော့ပြန်တွေ့ရမလဲ။ အခုဆိုရင် သူတို့ရဲ့ စိတ်အခြေခံ ပျက်ယွင်းမှုအရ သူတို့ရဲ့ သိက္ခာတွေ ပွန်းပဲ့ခဲ့ရပြီ။ သူတို့ဟာ ကမ္ဘာ့ချန်ပီယံဆိုတဲ့ အဆင့်နဲ့ မလိုက်ဖက်စွာဖြစ်ခဲ့ရပြီ။ ဒါကို သူတို့ဘယ်လိုကုစားမလဲ။ နောက်ဆုံးပွဲမှာပါ မနိုင်ရင် သူတို့ရဲ့ဂုဏ်၊ သူတို့ရဲ့ အဆင့်ဟာ ဒီထက်ပိုပြီး မေးခွန်းထုတ်ခံရတော့မယ်။ ဒီတော့ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဩစတြေးလျနဲ့ပွဲမှာ သူတို့ဂုဏ်ကို သူတို့ ထိန်းနိုင်မလား။ အဲဒါက ပြောခဲ့ပြီးသလို သူတို့ရဲ့စိတ်ဓာတ်အပေါ်မှာပဲ မူတည်တယ်။ ကမ္ဘာ့ချန်ပီယံ၊ ဥရောပ ချန်ပီယံဆိုတဲ့ဂုဏ်ကို အပွဲ့မခံလိုမှုအရ နိုင်လိုစိတ်အပြည့်ရှိလာမှာလား။ ဒါမှမဟုတ် ဘာမှမထူးပါဘူးဆိုပြီး သာမန်သာ ကစားမလား။ သေချာတာက သူတို့ရဲ့ စိတ်အခြေခံကို ဆက်လက်စောင့်ကြည့်ရတော့မယ်။

■ ဝေမိုးဆက်

နည်းပြ ဒဲလ်ဘော့စကေးကို ကစားသမားများ ထောက်ခံနေဆဲဟု ကာဇိုလာပြောဆို

စပိန်ကွင်းလယ်ကစားသမား ကာဇိုလာက ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း စပိန်အသင်းသားများက နည်းပြဒဲလ်ဘော့စကေးကို အားပေးထောက်ခံနေဆဲဖြစ်ကြောင်း ပြောဆိုလိုက်သည်။

စပိန်အသင်းသည် ဟော်လန်၊ ချီလီစသည့် အသင်းနှစ်သင်းကို ရှုံးနိမ့်ခဲ့ရပြီးနောက် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့် ဆုံးရှုံးခဲ့ရပြီး အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ကာဇိုလာအနေဖြင့် အသင်းဖော် အလွန်ဆို၏ စပိန်အသင်းသားများအနေဖြင့် နိုင်လိုစိတ်မရှိခဲ့ဟု ပြောဆိုထားမှုကို ငြင်းဆန်ရန် ဆန္ဒရှိနေသည်။

ကာဇိုလာက "ကျွန်တော်တို့တစ်ပွဲမှ အနိုင်မယူနိုင်ခဲ့ဘူးဆိုပေမယ့် နိုင်လိုစိတ်၊ ရည်ရွယ်ချက်၊ ဆန္ဒစတာတွေ မရှိလို့တော့မဟုတ်ပါဘူး။ နည်းပြဒဲလ်ဘော့စကေးဟာ ကျွန်တော်တို့နဲ့ လက်တွဲလာခဲ့တာကြာခဲ့ပါပြီ။ ဒီလိုလက်တွဲလာခဲ့တဲ့ ကာလတွေမှာ အရေးပါတဲ့အောင်မြင်မှုတွေကို ရယူပေးထားနိုင်ခဲ့လို့လည်း ကျေးဇူးတင်မိပါတယ်။ သူ့ကို ကျွန်တော်တို့ အားပေးထောက်ခံနေတယ်ဆိုတာကို သူသိပါတယ်"ဟု ပြောသွားသည်။ စပိန်အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဩစတြေးလျအသင်းနှင့် ကစားရမည်ဖြစ်သည်။

■ ဖြိုးဒေါ်လာ